မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၁၉၇)

ရန်ကုန်သင်္ကြန်အကျနေ့ ရေကစားမဏ္ဍပ်များစည်ကား

မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်ရှေ့၌ ရေပက်ခံကားများနှင့် ရေကစားကြသူများဖြင့် စည်ကားနေသည်ကို ဤသို့တွေ့ရသည်

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-ဇော်မင်းလတ်၊ တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်မြို့တော်၌ ယခုနှစ်သင်္ကြန်တွင် စီးပွားဖြစ်မဏ္ဍပ်များဆောက်လုပ်မှု လျှော့ချလိုက်မှုကြောင့် သင်္ကြန်အကြိုနေ့တွင် စည်ကားမှုနည်းခဲ့သော်လည်း ယနေ့ သင်္ကြန်အကျနေ့တွင် မြို့တော်ဗဟိုမဏ္ဍပ်နှင့် မဏ္ဍပ်ကြီးများ၌ အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်မတို့ ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်မှာ ရုပ်ရှင်၊ ဂီတနဲ့ သဘင်တို့မှ အနုပညာရှင်တွေ လာရောက်ဖျော်ဖြေလျက်ရှိပါတယ်။ မနက်ဖြန် သင်္ကြန်အကြတ်နေ့မှာတော့ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ နာမည်ကြီးအဆိုတော်တွေ လာရောက်ဖျော်ဖြေဖို့ရှိပါတယ်"ဟု ဒါရိုက်တာကြည်ဖြူသျှင်က ပြောသည်။

ယနေ့ သင်္ကြန်အကြတ်နေ့ (ဧပြီ ၁၄ ရက်)တွင် ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်၌ နံနက် ၈ နာရီမှစတင်ကာ ယိမ်းအဖွဲ့များဖြင့် ယှဉ်ပြိုင်ဖျော်ဖြေခြင်းအပြင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ နာမည်ကြီးအနုပညာရှင်များ လာရောက်ဖျော်ဖြေရန် စီစဉ်ထားကြောင်း သိရသည်။ ယိမ်းအဖွဲ့များယှဉ်ပြိုင်ဖျော်ဖြေခြင်းကို နံနက် ၈ နာရီမှ ၉ နာရီ အထိတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှညနေ ၃ နာရီအထိ တစ်ကြိမ်၊ ညနေ ၅ နာရီမှ ည ၇ နာရီ အထိတစ်ကြိမ် ယှဉ်ပြိုင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

မေခ၊ မေလိခ မြစ်နှစ်သွယ်နဲ့ ချစ်စဖွယ် ကချင်ပြည်နယ်

စာမျက်နှာ-၁၆

ဆူးလေဘုရားလမ်း လူကူးခုံးကျော်တံတား ဧပြီလအကုန်ပြီးစီးရန် ဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၂၄

မြန်မာ့အလင်း

အမျိုးသမီးများဘဝလုံခြုံရေးနှင့် လူမှုကျင့်ဝတ်

လူသန်းပေါင်းများစွာကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည့် ဗီဒီယို မှတ်တမ်းဖိုင်တစ်ခု တရုတ်နိုင်ငံ၏ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့သွားခဲ့ပြီးနောက် ပွက်လောရိုက်ကာ ဒေါသူပုန်ထကုန်ကြသည်။

ပေကျင်းမြို့ရှိ ချွေတာရေးဟိုတယ်တစ်ခု၌ ဧပြီ ၃ ရက်က ညအချိန် တည်းခိုရာအခန်းဆီသို့ပြန်လာသော မိန်းကလေးကို နောက်မှလိုက်လာသော လူစိမ်းတစ်ဦးက ဆွဲလားရမ်းလားလုပ်သည်။ ကြမ်းပြင်ပေါ်လှဲချကာ လှေကားတစ်ခုဆီသို့ တရွတ်တိုက် ဆွဲခေါ်သည်။ အမျိုးသမီးငယ်က ''ကယ်ပါကူပါ'' တစာစာအော် သည့်အပြင် ထိုလူမှာ လူစိမ်းဖြစ်ကြောင်းလည်း ပြောပြသည်။ အနီး၌ ဖြတ်သန်းသွားသူများရှိသော်လည်း ၎င်းတို့ထံမှ အကူအညီမရ။ ယုတ်စွအဆုံး ဟိုတယ်ဝန်ထမ်းတစ်ဦး အနီးသို့ရောက်လာသည့်တိုင်အောင် မိန်းကလေးမှာ အကူအညီမရခဲ့။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အနိုင်အထက်ပြုကျင့် ရမ်းကားမှုများကို ဆန့်ကျင်တားဆီးရန်အတွက် လူမှုကျင့်ဝတ်အသိတရားများ နိုးကြားလာရေး မိမိတို့ပြည်သူများအား ပညာပေးနှိုးဆော်သွားရန်နှင့် အုပ်ချုပ်ရေးယန္တရား ပိုမိုကောင်းမွန်လာရေးအတွက် တိုက်တွန်းသွားရန်လိုအပ်ကြောင်း ပေကျင်းနိုင်ငံတကာ ရေဒီယိုခေါင်းကြီးပိုင်းမှ သုံးသပ်တင်ပြခဲ့သည်။

အခင်းဖြစ်ပွားရာဟိုတယ်ကို ပိုင်ဆိုင်သည့်ကုမ္ပဏီကလည်း ဟိုတယ်လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဟိုတယ်၏ဝန်ဆောင်မှုတို့တွင် အားနည်းချက်များရှိခဲ့ကြောင်းဝန်ခံခဲ့ပြီး အခင်းဖြစ်ရပ်အတွက် တောင်းပန်ခဲ့သည်။

တရားဥပဒေစိုးမိုးသည့် လူ့အဖွဲ့အစည်း၊ လူ့ရပ်ရွာအတွင်း နေထိုင်နေပါလျက်နှင့် အမျိုးသမီးတို့၏နေ့စဉ်ဘဝလုံခြုံမှု တစ်စတစ်စစိတ်မချရသည့်အခြေအနေနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၌လည်း မေးခွန်းထုတ်စရာများရှိနေပြီဟု ယူဆမိသည်။ တရုတ်နိုင်ငံမှ အထက်ပါဖြစ်ရပ်နှင့် မရှေးမနှောင်းဖြစ်သည့် ဧပြီ ၆ ရက်က ရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာတစ်ခုမှ အရောင်းဝန်ထမ်းမိန်းကလေး တစ်ဦး အများရှေ့မှာပင် ဒဏ်ရာအပြင်းအထန်ရသည်အထိ တိုက်ခိုက်ခံရမှု၊ ပြီးခဲ့သည့်လအတွင်းကလည်း ယင်းဖြစ်ရပ်နှင့် ဆင်တူပင် ဈေးဝယ်စင်တာတစ်ခု၌ ဝန်ထမ်းမိန်းကလေးတစ်ဦး တိုက်ခိုက်ခံရမှု၊ မိခင်နှင့်အတူ အငှားယာဉ်ငှားစီးလာသည့် အမျိုးသမီးကို ယာဉ်မောင်းက လက်ကိုင်ဖုန်းဖြင့် မဖွယ်မရာပုံများပြသမှုစသည့် မီဒီယာများပေါ် ရောက်ရှိလာသည့်ဖြစ်ရပ်များအပြင် လူမသိသူမသိဖြစ်ရပ်များစွာ နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေကြောင်းလည်း ကြားသိရသည်။

ရန်ကုန်နှင့် မန္တလေးတို့အပါအဝင် မြန်မာနိုင်ငံ၏ မြို့ကြီးပြကြီးတို့၌ လွန်ခဲ့သည့်ဆယ်စုနှစ်တစ်ခုစာကာလကနှင့် နှိုင်းယှဉ်လျှင်ပင် လူနေမှုပုံစံမှာ များစွာကွာခြားသွားခဲ့ပြီဖြစ်သည်။ လူဦးရေ သန်းနှင့်ချီပြီး နေထိုင်သည့် မြို့ကြီးပြကြီး၌ နေထိုင်သူတစ်ဦးအဖို့ မိမိနှင့်သက်ဆိုင်သူ အနည်းငယ် (မိသားစုနှင့်မိတ်ဆွေအချို့)မှလွဲ၍ ကျန်သူများမှာ လူစိမ်းချည်းသာဖြစ်သည်။ တစ်နည်းအားဖြင့် မိမိ၏ လုပ်ငန်းခွင်မရောက်မချင်း၊ မိမိ၏အိမ်သို့ ပြန်မရောက်မချင်း တွေ့ဆုံရသူအမြောက်အမြားတို့မှာ မိမိနှင့်တစ်ခါမျှ မဆုံဖူးသူများကသာ အများစုဖြစ်သည်။ အကယ်၍သာ လူ့အဖွဲ့အစည်းကို တည်ငြိမ်အောင် ထုံးနှောင်ထားသည့် တရားဥပဒေစိုးမိုးမှု၊ လူ့ကျင့်ဝတ်နှင့်ရိုးရာစလေ့ယဉ်ကျေးမှုတို့သာမရှိပါက အားကြီးသူက အားနည်းသူကို ဗိုလ်ကျအနိုင်ကျင့်ပြီး နိုင်ရာစားသည့် တောရိုင်းစိတ်ဓာတ်များက လွှမ်းမိုးနေလိမ့်မည်ဖြစ်သည်။ သို့ဆိုလျှင် မြို့ကြီးထဲတွင် သွားလာကျက်စားနေရသူတစ်ဦးအတွက် တောနက်ကြီးထဲ သွားနေရသည်ထက်ပင် ပို၍အန္တရာယ်များနေပေတော့မည်။

မြို့ကြီးများ ပိုမိုကြီးမားကာ လူနေထူထပ်လာသည်နှင့်အမျှ စရိုက်လက္ခဏာများလည်း ပိုမိုများပြားရှုပ်ထွေးလာမည်မှာ ရှောင်လွှဲမရသော အခြေအနေတစ်ရပ်ဖြစ်သည်။ မြို့ပြဒေသ၏ တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းမောင်းသန်ဖြစ်လာရေးအတွက် မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ မြို့ပြလူ့အဖွဲ့အစည်းအတွင်း လူမှုကျင့်ဝတ်အသိတရားများ နိုးကြားလာစေရေးအတွက် နှိုးဆော်ပညာပေးသွားကြရန်လည်း လိုအပ်မည်ဖြစ်သည်။

အဓိကအကျဆုံးအနေဖြင့် ဆိုရပါမူ အမျိုးသမီးတိုင်းက မိမိတို့ဘဝလုံခြုံရေးအတွက် မိမိကိုယ်ပိုင် အသိ၊ သတိ၊ သတ္တိ၊ ဗျတ္တိတို့ကို အသုံးချကာ မိမိကိုယ်မိမိ ကာကွယ်နိုင်ခြင်းကသာ ပဓာနကျသည်ဟု ဆိုချင်ပါကြောင်း။ ။

အတာသင်္ကြန်နှင့် မြန်မာဟန်

ဥသြငှက်ပျို၊ သံသာချိုအေး
ဆိုတေးဖွဲ့ပြန် နွေဂိမှာန်.....
နွေဂိမှာန်ရောက်၊ ပိတောက်ငုဝါ
အတာကူးချိန်၊ ဝါဝါထိန်လို့
သိန်သရေထွန်းပ ဝေဝေဆာ.....
အတာသင်္ကြန်၊ နှစ်သစ်ပြန်ကူး
လတန်ခူးမို့၊ ပျော်မြူးရွှင်ပြ
ရေကစားဟန် မြန်မာ့သင်္ကြန်....
သင်္ကြန်ရေလောင်း၊
နှစ်ဟောင်းညစ်ကြေး
ကင်းစင်ဝေးဖို့၊ အေးသပြေခက်
ရေတစ်ခွက်နှင့်
ပက်ဖျန်းမေတ္တာ ရေသီတာ.....
မြန်မာဟန်ပန်၊ မြန်မာ့သင်္ကြန်မို့
ရည်သန်ယဉ်ကျေး ကစားစေ....
မြန်မာသင်္ကြန်၊ မြန်မာဟန်မို့
ထိန်းရန်ယဉ်ကျေး
စောင့်ထိန်းလေ....။ ။

တက္ကသိုလ်ဟန်စိန်

အများပြည်သူတို့ ဘေးအန္တရာယ်ကင်းစွာ ရေကစားနိုင်ရေး လုံခြုံရေးအပြည့်အဝ ဆောင်ရွက်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန် ရေသဘင်ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့) နံနက်ပိုင်းက မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရေကစားမဏ္ဍပ်များမှာ အရှေ့ပိုင်းခရိုင်၌ မဏ္ဍပ်အကြီးနှစ်ခု၊ အလတ်တစ်ခု၊ အသေး ၂၁ ခု၊ အနောက်ပိုင်းခရိုင်၌ မဏ္ဍပ်အကြီး ၁၃ ခု၊ အလတ်ခုနစ်ခု၊ အသေး ၃၄ ခု၊ တောင်းပိုင်ခရိုင်၌ မဏ္ဍပ်အလတ်တစ်ခု၊ အသေးငါးခု၊ မြောက်ပိုင်းခရိုင်၌ မဏ္ဍပ်အလတ်လေးခု၊ အသေးရှစ်ခု စုစုပေါင်းရေကစားမဏ္ဍပ် ၉၆ ခုဖြစ်ပြီး အဆိုပါရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားခဲ့ကြကြောင်း သိရသည်။

ရေကစားမဏ္ဍပ်၌ လုံခြုံရေးဆောင်ရွက်နေသည့်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ကလည်း အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးအတွက် လုံခြုံရေးအင်အားအပြည့်အဝ ဆောင်ရွက်လျက်ရှိရာ မူးယစ်ရမ်းကားမှုများ၊ ရေကစားသူအချင်းချင်းခိုက်ရန်ဖြစ်ပွားမှု မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ကြပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးကိုလည်း ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အပြင် မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးများ သုံးစွဲပျော်ပါးမှု မရှိစေရေးကိုလည်း မူးယစ်တပ်ဖွဲ့စုများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သင်္ကြန်ပွဲတော်ကာလတွင် အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မိဘပြည်သူများ အကူအညီတောင်းခံလာပါက ရဲတပ်ဖွဲ့ဝင်များက ချက်ချင်းကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်တစ်လျှောက် မိဘပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေး အပြည့်အဝဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း မှုခင်းများ မဖြစ်ပွားစေရေးအတွက် ရဲတပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ပေးကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၉၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၅၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၃၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၈၀.၀
ဥရောပ	တစ်ယူရို	၁၃၄၁.၁
စင်ကာပူ	တစ်ဒေါ်လာ	၈၇၁.၃၆
ထိုင်း	တစ်ဘတ်	၃၃.၅၉၄
အိန္ဒိယ	တစ်ရူပီး	၁၇.၆၆၈
တရုတ်	တစ်ယွမ်	၁၈၂.၅၈
မလေးရှား	တစ်ရင်းဂစ်	၂၉၈.၈၁

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

ငယ်ချစ်ဆွေနှင့် နွေညများ

မင်းကိုနိုင်

ငယ်စဉ်က ချစ်ခင်စွဲလမ်းရဖူးသူကို ယခုအချိန်တွင် ညှိုးငယ်သောဘဝအဖြစ် ပြန်မြင်ရသည်မှာ မချိတင်ကဲရှိလာပါသည်။

သူ၏ တစ်ချိန်က တင့်တယ်သောအလှ၊ ဝင့်ထည်သော ဘဝကို ပြန်မြင်ချင်သေးသည်။ ဖြတ်သန်းမှုအရ ရင့်ကျက်တည်ငြိမ်သော ရုပ်သွင်ကို ကျက်သရေရှိရှိ တွေ့ချင်စမ်းပါဘိ။

လွန်ဆွဲပွဲတစ်ခု။ အဖြူရောင်ဘက်က ပိန်ညှောင်ညှောင်တစ်ဦးတည်း။ အမည်းရောင်ဘက်ကမူ ဗလတောင့်တင်း၊ လူများစွာ၊ ဒိုင်သူကြီးလုပ်သူက လက်၌ကြက်ကြောက် အိတ်ကိုဆွဲလျက်။ (ကြက်ကြောက်အိတ်ဆိုသည်မှာ ထိုခေတ်အခေါ် လူကြီးများကိုင်သည့် အိတ်၊ မြို့မှ လူကြီးများ ရပ်ရွာထဲ ထိုအိတ်ဆွဲဝင်လာပြီဆိုလျှင် ရိုက်သတ်ချက်ကြွေးခံရတော့မှာမို့ ကြက်တွေ ကြောက်လန့်ပြေးလွှားပုန်းအောင်းရတာ သရော်ရင်း ကြက်ကြောက်အိတ်ဖြစ်လာ)။ ဒိုင်လူကြီးက ဝီစီမှုတ် ပွဲစပြီ။ အမည်းရောင်ဘက်ကပဲ သိသိသာသာ အနိုင်ရမည့်ပုံပေါ်သည်နှင့် ဒိုင်လူကြီးက ပွဲကိုရပ် ပြန်စခိုင်း၊ နောက်တစ်ကြိမ်လည်း အမည်းဘက်ကပဲအားသာနေ။ ပြန်ရပ်ခိုင်း၊ ပြန်စခိုင်း။ အဖြူဘက်က ဘယ်လိုနည်းနဲ့မှမနိုင်၊ ရှုံးမယ်ဆိုတာ သေချာမှန်းသိလျက်က ဒိုင်လူကြီးကိုယ်တိုင်က အဖြူဘက်ကဝင်ဆွဲ၊ အမည်းတွေကို ကန်ချလိုက်ပြီး အနိုင်ယူလိုက်တော့၏။

မဆလခေါ် တစ်ပါတီအာဏာရှင်ခေတ်က သင်္ကြန်သံချပ် သရုပ်ဖော်မြင်ကွင်း တစ်ခုဖြစ်ပါသည်။ တစ်ပါတီ အာဏာရှင်စနစ်ပီပီ ရွေးကောက်ပွဲဆိုသည်မှာ သူတို့ချပေးသောကိုယ်စားလှယ်လောင်းကို ကြိုက်လျှင် ထောက်ခံ အဖြူရောင်ပုံး၊ မကြိုက်လျှင်ကန့်ကွက် အမည်းရောင်ပုံးဆိုသည့်တိုင် လက်တွေ့တွင် အခက်အခဲရှိပါသည်။ ထောက်ခံအဖြူရောင်ပုံးထဲ မဲထည့်တာ အလွယ်တကူဝင်ပေမယ့် အမည်းရောင်ကန့်ကွက်ပုံးကျတော့ လက်လှမ်းမမီရာမှာထားပြီး မရမကကန့်ကွက်မဲထည့်မည်ဆိုပြန်တော့လည်း အမည်းရောင်ပုံးအဝက မဲတစ်ပြားမဝင်နိုင်အောင် မည်သို့မည်ပုံ အထူးစီမံပြုလုပ်ထားသည်မသိ။ မဲဆန္ဒရှင်ပြည်သူများခမျာ ဒိုင်ကိုယ်တိုင် ညစ်နေမှန်းသိလျက် မသက်မသာခံစားနေရသော ရွေးကောက်ပွဲများအကြောင်း သင်္ကြန်သံချပ်သရုပ်ဖော် ကကွက်၊ ပြကွက်အဖြစ် အထက်ပါ သရုပ်ပြကွက် တင်ဆက်ခဲ့ခြင်းဖြစ်ပါသည်။

နောက်ထပ်သင်္ကြန်သံချပ်အသင်းသားတစ်ဖွဲ့၏ သရုပ်ပြကွက်တစ်ခုကိုလည်း ကြည့်ပါဦး။ အကဲဖြတ်ဒိုင်များနှင့် အထူးဧည့်သည်များနေရာမှ ကြည့်လျှင် ဇာတ်စင်အနောက်ဘက်မှ တက်လာသော ရင်ဖုံးအင်္ကျီ ပိုးတောင်ရှည်ပုဆိုး၊ မောင့်ကျက်သရေ ခေါင်းပေါင်းနှင့် အကျအနလူတစ်ယောက်ကို တွေ့ရမည်။ သူက လက်အုပ်ချီလျက် မျက်နှာထားတည်တည်။ ဇာတ်စင်နောက်ဘက်မှ ပရိသတ်များက တဝါဝါရယ်နေကြသည်။ ဘေးဝဲယာ နှစ်ဖက်နှင့် စင်ရှေ့မှလူများက နားမလည်နိုင်ကြ။ မောင့်ကျက်သရေကြီး စင်ရှေ့တိုးလာသည်နှင့်အမျှ ဝဲယာနှစ်ဖက်မှ ဝေါခနဲရယ်မောကြ။ ကာယကံရှင်ကိုယ်တိုင် ဘာကြောင့်ရယ်နေကြမှန်း နားမလည်သည့်ဟန်ဖြင့် ဘေးနှစ်ဖက်သို့ မျက်နှာလှည့်ကြည့်၊ ဘာရယ်ကြတာလဲအဓိပ္ပာယ်ဖြင့် အသံတိတ်မျက်နှာအမူအရာဖြင့်သာ ပြန်မေး။ ပရိသတ်ကား တသောသောရယ်ဆဲ၊ ရှေ့တည့်တည့်မှ အကဲဖြတ်အထူးဧည့်သည်များ နားမလည်နိုင်၊ စင်ပေါ်မှ ဝတ်ကောင်းစားလှလူကြီးမင်းသည် မခံနိုင်တော့သည့်အဆုံး သူ့မျက်နှာက ခင်ဗျားတို့ဒီလောက်တောင် လှောင်ပြောင်နေကြရင် မကတော့ဘူး၊ ပြန်တော့မယ်ဟု အမူအရာဖြင့် ပြန်လှည့်ဆင်းရာမှ သူ့နောက်ကျောတစ်ပြင်လုံး အဝတ်ဗလာ၊ ခါးတောင်းမြှောက်အောင်ကျိုက် တင်ပါးကျောပြင် အိုးမဲသုတ်ထားတာ မြင်ကြရသည်။ ဆိုရှယ်လစ်လူ့ဘောင်သို့ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့်

> **ဇွဲသတ္တိကောင်းကောင်းဖြင့် လက်ခံကျင်းပပေးမည့် မဏ္ဍပ်ရှားပါဘိ။ သံချပ်အသင်းသားများအား ထောက်ပံ့ပေးမည့်သူများလည်း ခဲယဉ်းပါသည်။ နွမ်းပါးသော ဆင်ယင်မှုဖြင့် မပြည့်မစုံထွက်ခဲ့ကြ၊ သံချပ်ထိုးခဲ့ကြသည်။ မဏ္ဍပ်မရှိသည့်အဆုံး လမ်းဘေးမြေဝိုင်းအတွင်း လူထုရင်ခွင်ထဲအရောက် ကိုယ်စားအသံ ရင်ဖွင့်သံများ ထုတ်ခဲ့ကြသည်မှာ ကျွန်တော်တို့ ငယ်ဘဝက စွဲလမ်းခဲ့ဖူးသည့် ချစ်မြတ်နိုးသူအား ညှိုးငယ်သောအသွင်ဖြင့် မြင်ရသည့်နှယ် မချိတင်ကဲခံစားရပါသည်**

အောင်မြင်စွာ ချီတက်နေသည်ဆိုသော ထိုခေတ်စနစ်ကြီးတစ်ခုလုံး၏ သရုပ်တစ်ခုလုံးကို စကားတစ်လုံးမှမသုံးဘဲ ထိုသို့တင်ဆက်နိုင်ခဲ့ပါသည်။

၁၉၆၂ မတိုင်မီ ဒီမိုကရေစီခေတ်တုန်းက လွတ်လပ်ခွင့်နှင့်အတူ သံချပ်သရုပ်ပြများမှာ လူထုဘဝ သောက မပြေလည်မှုများကို အပီအပြင်သရုပ်ဆောင်နိုင်ခဲ့သည်။ ပြည်သူ့ဟစ်တိုင်တစ်မျိုးဟုလည်း ယုံကြည်ခဲ့ကြသည်။ ၁၉၆၂ အာဏာသိမ်းပြီးနောက် ၁၉၇၀ နှောင်းပိုင်း သံချပ်များအပေါ် တင်းကျပ်လာပြီး အထူးသဖြင့် ပြည်တွင်းငြိမ်းချမ်းရေးတောင်းဆိုသော သံချပ်စာသားသရုပ်ပြဂီတများကို အနိုင်အထက် နှိပ်ကွပ်လာသည်မှာ ရန်ကုန်ထောင်ကြီးမဖျက်သိမ်းခင်အထိ သံချပ်သမားများ၏ သင်္ကြန်အတွင်း ဖမ်းဆီးချုပ်နှောင်ထားရာဖြစ်ခဲ့သေးသည်။ ကျွန်တော်တို့ကောင်းစွာ သိမီလိုက်သော ၁၉၇၄ နောက်ပိုင်း မဆလခေတ်တွင်မူ ပိုမိုတင်းကျပ်သည့်အနေဖြင့် သံချပ်များကို စိစစ်ရေးခွင့်ပြုမှ ထွက်ရသည့်ဘဝရောက်လာသည်။ သံချပ်သမားများက အရှုံးမပေး၊ မင်းနီတွေရဲဗလောင်းထနေသော သံချပ်များကို တိုင်ရင်းဖောက်ရင်း ပထမခေါင်းဆောင်ကိုဆွဲသွား၊ ဒုတိယခေါင်းဆောင်က ဆက်တိုင်၊ ဒုတိယခေါင်းဆောင်ကို ထပ်ဖမ်းပြန်တော့ တတိယခေါင်းဆောင်က သံချပ်ဆက်ထိုး၊ တစ်သင်းလုံးမျိုးပြုတ်မှသာ ရပ်တော့သည်။

သံချပ်စာသားများကို တင်းကျပ်လွန်းသည့်အဆုံး ကြိုတင်ဆင်ဆာဖြတ်မရသော သရုပ်ပြကွက်များဖြင့် တရားမျှတမှုတောင်းဆိုတိုက်ပွဲများ ဆက်ခဲ့ကြသည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော သရုပ်ပြနမူနာများ အပါအဝင် လူထု၏နစ်နာမှု တောင်းဆိုချက်များဖော်ကျူးခဲ့ကြသည်တွင် စင်ပေါ်မှဆင်းသည်နှင့် လက်ထိပ်ခတ်ခေါ်ဆောင်သွားရာ လိုက်ခဲ့ရသော သံချပ်အသင်းများစွာ ရှိခဲ့ပါသည်။ မင်္ဂလာဒုံ ရေကြည်အိုင် စစ်ကြောရေးစခန်း အချုပ်ခန်းနံရံများတွင် သံချပ်အသင်းသားများ၏ နာမည်များစွာကို တန်းစီရေးထိုးကမ္ပည်းတင်ခဲ့သည်မှာ သက်သေအခိုင်အမာ ၁၉၈၈ အထိ ရှိခဲ့ပါသည်။

၁၉၈၈ အာဏာသိမ်းပြီး ၁၉၈၉ သင်္ကြန်တွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင် ပြည်သူ့ဟစ်တိုင်ခေါ်ဆိုနိုင်သည့် ရင်ဖွင့်သံများ၊ သင်္ကြန်ဒိုးသံ သံချပ်သံများ ဝေစည်ခဲ့ပါသည်။ မတရားဖိနှိပ်မှုကို ခြောက်လုံးပြတ်ပုံစံများ၊ လင်းကွင်းသံများဖြင့် အန်တုခဲ့ကြသေးသည်။ ဖြစ်လာသည့် အကျိုးဆက်အဖြစ် နှိပ်ကွပ်မှုများကိုလည်း ရဲရဲရင်ဆိုင်ပြခဲ့ကြသည်။

၂၀၁၂ နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်လာပြီး သံချပ်ယဉ်ကျေးမှုတစ်ခေတ်ဆန်းရန် ပြည်သူ့အသံဟစ်တိုင်များ စိုက်ထူရန် အားထုတ်ခဲ့ပါသေးသည်။

ဇွဲသတ္တိကောင်းကောင်းဖြင့် လက်ခံကျင်းပပေးမည့် မဏ္ဍပ်ရှားပါဘိ။ သံချပ်အသင်းသားများအား ထောက်ပံ့ပေးမည့်သူများလည်း ခဲယဉ်းပါသည်။ နွမ်းပါးသော ဆင်ယင်မှုဖြင့် မပြည့်မစုံထွက်ခဲ့ကြ၊ သံချပ်ထိုးခဲ့ကြသည်။ မဏ္ဍပ်မရှိသည့်အဆုံး လမ်းဘေးမြေဝိုင်းအတွင်း လူထုရင်ခွင်ထဲအရောက် ကိုယ်စားအသံ ရင်ဖွင့်သံများ ထုတ်ခဲ့ကြသည်မှာ ကျွန်တော်တို့ ငယ်ဘဝက စွဲလမ်းခဲ့ဖူးသည့် ချစ်မြတ်နိုးသူအား ညှိုးငယ်သောအသွင်ဖြင့် မြင်ရသည့်နှယ် မချိတင်ကဲခံစားရပါသည်။

တစ်ချိန်က တင့်တယ်သောအလှ၊ ဝင့်ထည်သောဘဝကို ပြန်မြင်ချင်သေးသည်။

ယခုပြည်သူ့အစိုးရက သံချပ်များကိုအားပေးမည်။ စိစစ်ရေးမရှိ တင်ဆက်နိုင်ကြပြီဟု ပြည်သူ၏ မူလအခွင့်အရေးကို တလေးတစား အသိအမှတ်ပြုနေပြီ။ စိစစ်ရေးဆင်ဆာဆိုသည်မှာ ကိုယ်စီဉာဏ်ပညာ အမြော်အမြင်ပဲဟု နားလည်ပါသည်။

အားလုံး၏စုပေါင်းအားကို မျှော်လင့်တောင့်တမိပါသည်။

ငယ်ချစ်ဆွေနှင့် နွေညများ၊ အလှသစ်ဖြင့် တင့်ပါစေ။

ရန်ကုန်မြို့ လသာမြို့နယ် အနော်ရထာလမ်း၌ သင်္ကြန်အကျနေ့က ရေပက်ခံကားများ၊ ရေပက်ကစားသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်

◆ *ရွှေဖုံးမှ*

ထို့အတူ ဂီတဖျော်ဖြေပွဲကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ လူစည်ကားမှု အများဆုံး မဏ္ဍပ်တစ်ခုမှာ (၁၉)လမ်းထိပ်ရှိ Sky Net မဏ္ဍပ်ဖြစ်သည်။ ယနေ့ သင်္ကြန်ဒုတိယနေ့တွင် ယင်းမဏ္ဍပ်၌အဆိုတော်ရဲလေး၊ ဝါဆိုမိုးဦး၊ ဝန၊ တင်ဇာမော်တို့အပြင် မြန်မာ Idol Top 11 အဆိုတော် ၁၁ ဦးတို့က တစ်ခဲနက် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ရန်ကုန်တိုင်းဒေသကြီးအတွင်း မဏ္ဍပ်များလျှော့ချလိုက်သော်လည်း ရန်ကုန်အရှေ့ပိုင်းခရိုင်၌ မဏ္ဍပ်အကြီးနှစ်ခု၊ အလတ်တစ်ခု၊ အသေး ၂၁ ခု၊ အနောက်ပိုင်းခရိုင်၌ မဏ္ဍပ်အကြီး ၁၃ ခု၊ အလတ်ခုနစ်ခု၊ အသေး ၃၄ ခု၊ တောင်ပိုင်းခရိုင်၌ မဏ္ဍပ်အလတ်တစ်ခု၊ အသေးငါးခု၊ မြောက်ပိုင်းခရိုင်၌ မဏ္ဍပ် အလတ်လေးခု၊ အသေးရှစ်ခု စုစုပေါင်း ရေကစားမဏ္ဍပ် ၉၆ ခုတို့၌ ပျော်ရွှင်စွာ ရေကစားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့တော်၌ သင်္ကြန်ရေကစားကြသူများက ကားများဖြင့်လည်းကောင်း၊ လမ်းလျှောက်၍လည်းကောင်း ပျော်ရွှင်စွာရေကစားလျက်ရှိသည်။ ရေကစားရပ်နားချိန် နေ့ခင်းပိုင်းအချိန်များတွင် ပြည်သူ့ဥယျာဉ်နှင့် အင်းလျားကန်စောင်းများတစ်လျှောက် စားသောက်ဆိုင်များ၌ စိတ်လက်အေးချမ်းစွာ အပန်းဖြေ အနားယူလျက်ရှိကြသည်။

မဟာသင်္ကြန်အကျနေ့ စတုဒိသာဒါနကုသိုလ်ပြုသူများ ရေကစားသူများဖြင့် ဘားအံမြို့၌စည်ကား

ဘားအံ ဧပြီ ၁၃

ကရင်ပြည်နယ် ဘားအံမြို့၏ ၁၃၇၇ ခုနှစ် မဟာသင်္ကြန်အကျနေ့တွင် ရေပက်ရေကစားကြသူများ၊ စတုဒိသာအကျွေးအမွေးများဖြင့် ဒါနကုသိုလ်ပြုသူများ၊ ကျောင်းကန်ဘုရား တရားဓမ္မရိပ်သာများတွင် ဥပုသ်သီလခံယူဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ဧပြီ ၁၃ ရက်သည် မဟာသင်္ကြန်အကျနေ့ဖြစ်သည်နှင့်အညီ ဘားအံမြို့၌ နံနက် ၇ နာရီမှစ၍ မြို့ပေါ်မဏ္ဍပ် ၁၃ ခုနှင့် ရပ်ကွက်၊ ကျေးရွာများရှိ အိမ်ရှေ့ရေကစားမဏ္ဍပ်ငယ်များတွင် ရေပက်ကစားကြသူများ၊ သင်္ကြန်ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေသူများ၊ ရေပက်ခံထွက်သူများမှာ ပျော်ရွှင်စွာ ရေကစားလျက်ရှိကြပြီး ဘားအံမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျောက်ကလပ်၊ ရေတံခွန်၊ ကော့ဂွန်းဂူ၊ ကော့ကသောင်ဂူ စသည့် အထင်ကရနေရာများ၌လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ၊ ဘားအံမြို့ပေါ်မှ အလည်အပတ်ရေကစားထွက်သူများ၊ ဒေသခံတိုင်းရင်းသားများဖြင့် မဟာသင်္ကြန်အကျနေ့ကို အေးချမ်းပျော်ရွှင် စည်ကားစွာ ဆင်နွှဲလျက်ရှိကြသည်။

ထို့အတူ ပူပြင်းသည့်နေရောင်ခြည်အောက်တွင် ရေကစားကြသူများအား မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ သင်္ကြန်ထမင်း အစရှိသည့် အကျွေးအမွေးတို့ဖြင့် ဒါနကုသိုလ်ပြုကြသည့် စတုဒိသာမဏ္ဍပ်များကိုလည်း နေရာတော်တော်များများတွင် တွေ့ရသည်။

အလားတူ ဘားအံမြို့ရှိ ကျောင်းကန်ဘုရားများတွင် ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ တရားဓမ္မရိပ်သာများတွင် သင်္ကြန်တွင်းခုနစ်ရက် တရားစခန်းဝင်ရောက်ကြသူများ၊ ယင်းတရားစခန်းဝင်ရောက်ကြသည့် ယောဂီများအား ဝေယျာဝစ္စကုသိုလ်ယူဆောင်ရွက်ပေးကြသူများဖြင့် ကျောင်းကန်ဘုရားများတွင်လည်း စည်ကားလျက်ရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကမ္ဘာကျော် ရူပနက္ခတ္တဗေဒ ပညာရှင် စတီဖင်ဟော့ကင်းသည် ရုရှားဘီလီယံနာ ယူရီမီနာ၊ သိပ္ပံပညာရှင်အဖွဲ့တို့နှင့် ပူးပေါင်းပြီး ကြယ်တာရာများကြား သွားလာနိုင်မည့် နာနိုအာကာသယာဉ်ငယ်များ ပြုလုပ်မည်ဖြစ်ကြောင်း ဧပြီ ၁၂ ရက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။ အဆိုပါ အာကာသယာဉ်ငယ် တည်ဆောက်ပြီးပါက **Alpha Centauri** ကြယ်တာရာဆီသို့ ကြာချိန် နှစ် ၂၀ ဖြင့် ပျံသန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။
(ဆင်ဟွာ)

ဖေ့စ်ဘွတ်ခ် စီအီးအို မာ့ခ်ဇူကာဘတ်ဂ်ျက အမေရိကန် သမ္မတလောင်းဒေါ်နယ်ထရန့်ကို ဝေဖန်

ဝါရှင်တန် ဧပြီ ၁၃

ဖေ့စ်ဘွတ်ခ် စီအီးအို မာ့ခ်ဇူကာဘတ်ဂ်ျက အမေရိကန် သမ္မတလောင်းအဖြစ် ဝင်ရောက်ရွေးကောက်ပြိုင်ပွဲဝင်သူ ရီပတ်ဘလစ်ကန်အမတ်လောင်း ဒေါ်နယ် ထရန့်ကို မကြာသေးမီက ပြစ်တင်ဝေဖန်လိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆန်ဖရန်စစ္စကို၌ ပြုလုပ်သော ဖေ့စ်ဘွတ်ခ်၏ ထုတ်ကုန်သစ်များနှင့် နည်းပညာသစ်များမိတ်ဆက်ပွဲတွင် ဖေ့စ်ဘွတ်ခ် စီအီးအိုအနေဖြင့် မိန့်ခွန်းပြော ကြားခဲ့ရာ ၎င်းမိန့်ခွန်းတွင် နည်းပညာများဖြင့် ကမ္ဘာ့ရွာကြီးအဖြစ် ဖန်တီးထားသည့် စိတ်ကူးများကို ဆန့်ကျင်ဘက်ဖြစ်စေသည့် နိုင်ငံများနှင့် လူများကို စတင်တွေ့ရှိနေကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး သနားစရာကောင်းရုံသာမက ထိတ်လန့်ကြောက်ရွံ့မှုများဖြင့် ကမ္ဘာ့ရွာများကို ခြားစေမည့်တံတိုင်းတည်ဆောက်ပြီး အရံအတားများပြုလုပ်ပေးရန် တိုက်တွန်းနေသံများကို ကြားရကြောင်း ပြောခဲ့သည်။

ဖေ့စ်ဘွတ်ခ်စီအီးအိုအနေဖြင့် ထရန့်ကို ရည်ရွယ်ပြီး ထိုသို့ ဝေဖန်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။ ဖေစ်ဘွတ်ခ်သည် အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံများမှ လာရောက်သော အဆင့်မြင့်အင်ဂျင်နီယာအများအပြားရှိသော ကယ်လီဖိုးနီးယား ဆီလီကွန်တောင်ကြားတွင် အခြေစိုက်သည့် နည်းပညာကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

ရုရှားနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့် ဆက်လက်ဆွေးနွေးရန် လိုလားလျက်ရှိ

တိုကျို ဧပြီ ၁၃

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရော့ဗ်က ရုရှားနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့် ဆွေးနွေးနေသော သဘောထားမှာ ပြောင်းလဲမည် မဟုတ်ကြောင်း ပြောခဲ့သည်။ ဆွေးနွေးမှုများတွင် မြောက်ပိုင်းနယ်မြေ အချုပ်အခြာပိုင်ဆိုင်မှု အရေးကိစ္စလည်း ပါဝင်ကြောင်းသိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ဒုတိယ ကမ္ဘာစစ်မှ အကျိုးရလဒ်များကို မမေ့ဘဲရှေ့သို့ ဆက်လက်လျှောက် လှမ်းရမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ရော့ဗ်က အင်န်အိတ်ချ်ကေနှင့် တခြားမီဒီယာများကို ပြောခဲ့သည်။ ဒုတိယ ကမ္ဘာစစ်၏ ရလဒ်ကြောင့် ကျွန်းလေးခုကို ယင်းပိုင်ကျွန်းများအဖြစ် ရုရှားက ထိန်းသိမ်းထားကြောင်းပြောခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံက ယင်းအပေါ် စောဒကတက် ဝေဖန်မှုများရှိနေကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျပန်ဝန်ကြီးချုပ် ယိုရှီရိုမိုရီတို့သည် ၂၀၁၃ ခုနှစ်တွင် အီကတ်ခ်တွင် ကျင်းပသော အစည်းအဝေးတွင် အငြင်းပွားကျွန်းများ အပါအဝင် ကျန်အရေးကိစ္စအားလုံးကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောဆိုခဲ့သည်။

ထို့အပြင် ရုရှားနှင့် ဂျပန်နိုင်ငံကြား ရေးထိုးခဲ့သော တစ်ခုတည်းသော စာချုပ်စာတမ်းမှာ ၁၉၅၆ ဂျပန်-ဆိုဗီယက် ပူးတွဲကြေညာ စာတမ်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

ယင်းပူးတွဲ ကြေညာချက်တွင် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုပြီးပါက ရုရှားနိုင်ငံအနေဖြင့် ဟာဘိုမိုင်ကျွန်းစုနှင့် ရှီခိုတန်ကျွန်းစသည့် အငြင်းပွားကျွန်းနှစ်ကျွန်းကို ဂျပန်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့သည်။

သို့သော်လည်း နှစ်နိုင်ငံကြားမည်သည့် ငြိမ်းချမ်းရေးစာချုပ်မှ ချုပ်ဆိုခြင်းမရှိကြောင်း သိရသည်။

ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုရေး အတွက် ရည်ရွယ်ခဲ့သော ဆွေးနွေးမှုများသည် ပိုင်နက်အငြင်းပွား ကိစ္စများသာမက လွတ်လပ်သော အချုပ်အခြာကိစ္စများပါ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

၂၀၁၁ ခုနှစ် ဧပြီ ၇ ရက်က အာကာသသို့ လူသားများ သွားရောက်နိုင်ခြင်း အထိမ်းအမှတ် ဓာတ်ပုံပြပွဲတွင် ကြည့်ရှုနေသူ တစ်ဦးအား တွေ့ရစဉ်။

အာကာသသို့ လူသားများသွားရောက်နိုင်ခြင်း ၅၅ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ဂျနီဗာ ဧပြီ ၁၃

၅၅ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လူသားများအာကာသသို့ ပထမဦးဆုံး သွားရောက်နိုင်သည့် အထိမ်းအမှတ်အခမ်းအနားကို အင်္ဂါနေ့က ကုလသမဂ္ဂ၌ ကျင်းပခဲ့သည်။ အာကာသအတွင်းသို့ လူသားများသွားရောက်နိုင်သည့် အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို နယူးယောက် မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ အင်္ဂါနေ့က ကျင်းပခဲ့သည်။

၁၉၆၁ ခုနှစ် ဧပြီ ၁၂ ရက်က ယခင်ဆိုဗီယက်ပြည်ထောင်စုနိုင်ငံသားသည် အာကာသသို့ ပထမဦးဆုံးသွားရောက်နိုင်သော လူသားဖြစ်လာခဲ့သည်။ အဆိုပါသမိုင်းဝင် အဖြစ်အပျက်သည် လူသားမျိုးနွယ်စု အာကာသသို့ သွားရောက်ရန် လမ်းစရှာဖွေရာ၌ ကြီးမားသော အထောက်အကူတစ်ရပ်ဖြစ်ခဲ့သည်။ အာကာသသို့ စူးစမ်းရှာဖွေရန် ခရီးနှင်ခဲ့ကြသောအမျိုးသား၊ အမျိုးသမီးအာကာသယာဉ်မှူးများကို ချီးကျူး ဂုဏ်ပြုသောအားဖြင့် ၎င်းတို့၏ထူးခြားသော အတွေ့အကြုံများနှင့် ထင်မြင်ယူဆချက်များကို စုစည်းထားကြောင်း မျိုးဆက်သစ်လူငယ်များ စိတ်အားထက်သန်မှု ရှိလာစေရန် ကုလသမဂ္ဂအာကာသဆိုင်ရာ အရာရှိတစ်ဦးက အာကာသယာဉ်မှူးများကို ဖိတ်ခေါ်ကာလက်မှတ်ရေးထိုးသည့် အစီအစဉ်နှင့် မှတ်သားဖွယ်စကားများရေးသားခြင်း အစီအစဉ်များပြုလုပ်ခဲ့သည်။

(ဆင်ဟွာ)

ဟီရိုရှီးမားသို့ သွားရောက်လည်ပတ်ရန် အိုဘားမား စဉ်းစားနေ

ဝါရှင်တန် ဧပြီ ၁၃

လာမည့်လ၌ ပြုလုပ်မည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အမေရိကန်သမ္မတ အိုဘားမား ဂျပန်သို့ သွားရောက်မည်ဖြစ်ရာ ၎င်း၏ဂျပန်ခရီးစဉ် အတွင်း ဟီရိုရှီးမားသို့ သွားရောက်ရန် စဉ်းစားလျက်ရှိသည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

အိုဘားမား၏ ခရီးစဉ် အတိအကျကိုမူ မသိရသေးကြောင်း အိမ်ဖြူတော် ပြန်ကြားရေးအရာရှိ ဂျိုးဆက်အားနက်စ်က ပြောသည်။ သမ္မတ၏ ရည်ရွယ်ချက်မှာ နျူကလီးယားကင်းမဲ့သည့် ကမ္ဘာတည်ဆောက်ရေးပင်ဖြစ်ကြောင်း ၎င်းက ထပ်ပြောသည်။ အိုဘားမားနှင့် ၎င်း၏အဖွဲ့သည် ဟီရိုရှီးမားသို့ သွားရောက်ရန် စဉ်းစားလျက်ရှိကြောင်း ၎င်းက ပြောသည်။

ယခုသီတင်းပတ်အစောပိုင်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ဟီရိုရှီးမားသို့ သွားရောက်ခဲ့သည်။

ယင်းခရီးစဉ်မှ ပြန်လာခဲ့ပြီးနောက် ဂျွန်ကယ်ရီသည် ဂျပန်နိုင်ငံမှာ လျင်မြန်သော နှုန်းထားဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း ဟီရိုရှီးမားသို့ သွားရောက်ရန် အခွင့်အရေးရှိသူတိုင်း သွားရောက်သင့်ကြောင်း ကယ်လီဖိုးနီးယား၌ ပြောကြားသည့် မိန့်ခွန်းတွင် ပြောကြားသည်။

(အင်န်အိတ်ချ်ကေ)

အိုင်အက်စ် အဖွဲ့အပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိ

နယူးယောက် ဧပြီ ၁၃

စစ်သွေးကြွအုပ်စုများကို ပိုမိုဖိအားပေးတိုက်ခိုက်နိုင်ရေးအတွက် အမေရိကန် စစ်တပ်သည် အိုင်အက်စ် စစ်သွေးကြွများကို ပစ်မှတ်ထား၍ ဆိုက်ဘာ တိုက်ခိုက်မှု ပြုလုပ်လျက်ရှိသည်ဟု အမေရိကန်ဒုတိယကာကွယ်ရေးဝန်ကြီးရောဘတ်ဝက်ခ်က အင်္ဂါနေ့တွင် ပြောခဲ့သည်။

အကြမ်းဖက်သမားများသည် ယခုအခါ ဖိအားများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ လွန်ခဲ့သော ခြောက်လကျော်က ၎င်းတို့၏ ကာကွယ်ရေးစနစ်များကို ချိုးဖောက်ပြီး ၎င်းတို့ကို အနိုင်တိုက်နိုင်ခဲ့ကြောင်း၊ ယခုအချိန်အခါ၌ ၎င်းတို့နောက်ဆုတ်ရမည့်အချိန် ဖြစ်လာကြောင်း ကော်ရိုလာဒိုလေတပ်အခြေစိုက်စခန်း၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ၎င်းကပြောသည်။

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်အုပ်စုများသည် အိုင်အက်စ်အဖွဲ့ကို နှိမ်နင်းနိုင်ရေး ဘက်ပေါင်းစုံမှ တိုက်ခိုက်လျက်ရှိကြောင်း၊ စစ်ရေးအရ အရေးယူဆောင်ရွက်မှုများသာမက ဆိုက်ဘာတိုက်ခိုက်မှုများလည်း ဆင်နွှဲလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

(ဆင်ဟွာ)

နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ခေတ်သစ်၊ စနစ်သစ်၊ နှစ်သစ်ကိုကြိုဆို

တွေ့ဆုံမေးမြန်း - ထွန်းဝင်းနိုင်၊ သူရဇော်၊ ဓာတ်ပုံ - ရွှေကိုလေး

“မြူမှောင်ဝေကင်း… ငွေအဆင်းဆန္ဒ… ပြည်ဘောင်… တိုင်းမြန်ပြေ… ငြိမ်းချမ်းအောင်ဆု… သွန်းခါရေ… အေးစေကြောင်းလောင်းတဲ့လုံမေ…ထူးထူး ကဲကဲ…လှကြပါစေ…”ဆိုသည့် တေးပြုစာဆို ဦးမောင်မောင်လေး၏ ယနေ့အထိ မရိုးနိုင်သော သင်္ကြန်သီချင်းသံနှင့်အတူ လုံမပျိုလေးများ၏ တက်ကြွ မြူးကြွသော သင်္ကြန်ယိမ်းအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်မှုများကို တွေ့မြင်ရသူအပေါင်း၏ စိတ်ဘဝင်ကို ကြည်နူးစေပါသည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသည့်အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေဖြင့် နှစ်ကူးအတာသင်္ကြန်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသည့်နည်းတူ နိုင်ငံတော်သမ္မတအိမ်တော်၌လည်း သင်္ကြန်အကြိုနေ့က ၁၃၇၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါနိုင်ငံတော်သမ္မတ အိမ်တော် ၁၃၇၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာကြသူများ၏ ကြည်နူးစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက “နှစ်သစ်ကိုကူးတဲ့ အခုလို အချိန်အခါမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီးတော့ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ပဲ ခေတ်သစ်၊ စနစ်သစ်၊ နှစ်သစ်ကို ကြိုဆိုနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သလိုက်ပါတယ်”ဟုပြောကြားသည်။

မေဆွိ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က “နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပါပြီ။ ခေတ်ဟောင်း၊ စနစ်ဟောင်းကနေ ခေတ်သစ်၊ စနစ်သစ်ကို ပြောင်းပြီပေါ့။ ဒါကြောင့် နိုင်ငံသူ နိုင်ငံသားတွေ အားလုံးဟာ ခေတ်ကာလနဲ့လျော်ညီမယ့်၊ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်မယ့် ဥပဒေတွေ၊ နိုင်ငံသားတွေရဲ့ အခွင့်အရေးရရှိမယ့် ဥပဒေတွေ၊ ဒါတွေကို လွှတ်တော်အနေနဲ့လည်း ပြင်ဆင်ပယ်ဖျက်ဖို့ ရှိတယ်။ ဒါကြောင့် နိုင်ငံသူ နိုင်ငံသားတွေကလည်း မိမိတို့နိုင်ငံ ဒီမိုကရေစီပန်းတိုင်ရောက်အောင် မိမိတို့ကိုယ်တိုင်လည်း နိုင်ငံသားအခွင့်အရေးတွေ ခံစားရအောင်၊ စိတ်သစ်လူသစ်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစေ၊ ပန်းလိုမွှေး၍ ရေလိုအေးကြပါစေ၊ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ မေတ္တာရေချမ်းပက်ဖျန်းပေးလိုက်ပါတယ်” ဟု ပြောကြားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက “၁၃၇၇ ခုနှစ် မင်္ဂလာနှစ်သစ်မှာ ပြည်သူတစ်ရပ်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ နိုင်ငံ့အကျိုးကိုလည်း ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ။ နှစ်သစ်နဲ့အတူ အေးချမ်းပျော်ရွှင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်” ဟု ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က “နှစ်သစ်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ

ဆုန်သင်းပါရီ

ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်” ဟု ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက “နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာပါစေ။ ဒီထက်ဒီထက် ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆန္ဒပြုပါတယ်”ဟု ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းထိန်က “နှစ်သစ်မှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ ဘဝအခက်အခဲတွေ ပြေလည်ပါစေ။ အထူးသဖြင့် ဒီမိုကရေစီချီတက်တဲ့ လမ်းထဲမှာ တတ်စွမ်းမှု၊ နားလည်မှုနဲ့ ကြိုးစားပြီးတော့ အကူအညီပေးကြပါလို့ မျှော်လင့်ပါတယ်”ဟု ပြောကြားသည်။

တေးသံရှင်၊ ရုပ်ရှင်သရုပ်ဆောင် မေဆွိက “အလွန်ပူပြင်းတဲ့ ရာသီဥတုမှာ တစ်ယောက်နဲ့တစ်ယောက် ရေပက်ဖျန်းပြီးတော့ နှစ်သစ်ကို ကြိုဆိုကြတဲ့အတွက်ကြောင့် အင်မတန်ကောင်းတဲ့ အလေ့အကျင့်လေးပေါ့။ ကျွန်မတို့အနေနဲ့ကတော့ ဘယ်နေရာ ဘယ်ဒေသကိုပဲရောက်ရောက် ဒီသင်္ကြန်ဆိုလို့ရှိရင် ပျော်တာပဲ။ အဲ့ဒီလိုမျိုး ကိုယ်တောင်ခံစားရတယ်ဆိုရင် မြန်မာပြည်မှာရှိနေတဲ့ ပြည်သူ ပြည်သားတွေလည်း အဲ့ဒီလိုပဲ ခံစားရမယ်လို့ ထင်ပါတယ်။

“နှစ်သစ်မှာ ပရိသတ်တွေ အားလုံး သူတို့စိတ်ထဲမှာ ဖြစ်ချင်တဲ့ ဆန္ဒတွေ၊ ဖြစ်ချင်တဲ့ ဆုတောင်းတွေ တစ်ထပ်တည်းကျပါစေ၊ အားလုံးလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေ၊ စီးပွား

ဘိုဖြူ

လာဘ်လာဘတွေလည်း တိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်”ဟု ပြောကြားသည်။

တေးသံရှင် ဆုန်သင်းပါရီက

မစုလှိုင်နှင်း

“သင်္ကြန်မှာဆိုရင် ရေပက်ရုံ၊ ရေလောင်းရုံမကဘူး အလှူအတန်းတွေ အများကြီးလုပ်ကြတယ်။ ဒီလိုမျိုး မြန်မာပြည်မှာ တစ်ခုတည်းရှိတဲ့ အကြီးကျယ်ဆုံး အခမ်းနားဆုံးပွဲနဲ့ နှစ်တိုင်း ကြုံတွေ့ဆင်နွှဲခွင့်ရတဲ့အတွက် အများကြီးဂုဏ်ယူသလို ဒီနှစ်နေပြည်တော်မှာ ဖျော်ဖြေခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ အဓိက ဒီနှစ်မှာ အကြံပေးချင်တာကတော့ ရာသီဥတုက အလွန်ပူပါတယ်။

ဦးဟင်နရီဗန်ထီးယူ (ဒုတိယသမ္မတ)

ရေကစားတယ်ဆိုပေမယ့် အန္တရာယ်ကင်းကင်းနဲ့ ငါးရက်ထိကို ကျန်းကျန်းမာမာနဲ့ ကစားနိုင်ဖို့လိုသလို အားလုံးပဲ အန္တရာယ်ကင်းစွာနဲ့ ပျော်နိုင်ကြပါစေလို့ အကြံပေးချင်ပါတယ်။

“မြန်မာပြည်ကြီး ၂၀၁၆ ခုနှစ် နှစ်သစ်မှာ အားလုံးအသစ်သစ်သော

ဦးဝင်းမောင်

အရာတွေနဲ့ ကြုံတွေ့ပြီး ကောင်းတဲ့ အပြောင်းအလဲမှာ အားလုံးပဲ အောင်မြင်ကြပါစေ၊ တိုးတက်ကြပါစေလို့ ဆုတောင်းပေးပါတယ်”ဟု

ဥမ္မာငြိမ်း

ပြောကြားသည်။

ဦးလှအောင် (ဓနုတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်)က “အခုလို နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်မှာ ကျင်းပတဲ့ သင်္ကြန်နှစ်သစ်ကူးအခမ်းအနားကို လာရောက်ခွင့်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ အရင်က မရောက်ဖူးပါဘူး။ သင်္ကြန်မှာ အခုလို လာရောက်ဖျော်ဖြေရတာ ရင်ထဲက အများကြီး ဝမ်းသာတယ်။ ကြည်နူး

ဦးဝင်းထိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

မိပါတယ်”ဟု ပြောကြားသည်။

ပအိုဝ်းယဉ်ကျေးမှု အဖွဲ့ဝင် မစုလှိုင်နှင်းက “သမ္မတအိမ်တော်ကို ပထမဆုံးအကြိမ် ရောက်ဖူးတာပါ။ အခုလိုရောက်ဖူးတဲ့အတွက် ဝမ်းသာပါတယ်။ နှစ်သစ်ကူးသင်္ကြန်ပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်” ဟု ပြောကြားသည်။

ပအိုဝ်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင် ဦးတင်မောင်က “သမ္မတအိမ်တော်ကို ကျွန်တော်တို့ဒေသက လူတွေ မရောက်ဖူးတဲ့အတွက် အခုလို လာရောက်ရတာ အများကြီးဝမ်းသာပါတယ်။ နှစ်သစ်ကူးအခါသမယမှာ နိုင်ငံတော်သမ္မတကြီးနဲ့အတူ ကြွရောက်လာကြတဲ့ ဓနုနဲ့ ပအိုဝ်းတိုင်းရင်းသားအားလုံး၊ လူမျိုးပေါင်းစုံအားလုံးဟာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့အတူ နှစ်သစ်မင်္ဂလာမှာ အောင်မြင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်”ဟု ပြောကြားသည်။

ဓနုတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင် ဥမ္မာငြိမ်းက “ရွှေသံလွင်

မိုးယုစံ

ကုမ္ပဏီမှတစ်ဆင့် ဒီလိုသမ္မတအိမ်တော်မှာရော နေပြည်တော်မှာပါ လာရောက် ကပြဖျော်ဖြေတာ သုံးနှစ်ရှိပါပြီ။ ဓနုတိုင်းရင်းသားတွေကိုယ်စား အားလုံးကို ကျေးဇူးတင်ပါတယ်။ နှစ်သစ်မှာ အားလုံးကျန်းမာချမ်းသာစွာဖြင့် နေနိုင်ကြပါစေ” ဟု တောင်းဆုပြုသည်။

တေးသံရှင် ဘိုဖြူက “မြန်မာလူမျိုးအားလုံး လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ။

ဦးလှအောင်

အခုကျွန်တော်တို့ အစိုးရသစ်က တိုင်းသူ ပြည်သားအားလုံးရဲ့ လိုအပ်ချက် အားလုံးကိုလည်း အပြည့်အဝ လုပ်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ အားလုံး လိုအင်ဆန္ဒပြည့်ပါစေ”ဟု ပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင် မိုးယုစံက “မြန်မာ့နှစ်သစ်မှာ အားလုံးစိတ်သစ်လူသစ်နဲ့ ပျော်ရွှင်နိုင်ပါစေ၊ အကြံစည်သစ်တွေ အလုပ်အကိုင်သစ်တွေလည်း အောင်မြင်ပါစေ ဆုတောင်းပေးပါတယ်။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ ဒီမှာ လာဖျော်ဖြေရတာ အလွန်ကို ဝမ်းသာပါတယ်။ နှစ်တိုင်းလိုလိုပဲ ဒီလိုသမ္မတအိမ်တော်မှာ လာဖျော်ဖြေခွင့်ရပါတယ်။ ဒီနှစ်လည်း ထူးထူးခြားခြား ဖျော်ဖြေခွင့်ရတဲ့အတွက် ခါတိုင်းနှစ်တွေထက်စာရင် အတော်ကို ဝမ်းသာပါတယ်”ဟု ပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင် စိုးပြည့်သဇင်က “နှစ်သစ်မှာ ပြည်သူတွေ

စိုးပြည့်သဇင်

အားလုံး ပရိသတ်တွေအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ အစစအရာရာလည်း တိုးတက်အောင်မြင်ပါစေ၊ နှစ်တိုင်း သင်္ကြန်ဆိုတာတော့ ပရိသတ်နဲ့ အမြဲတမ်းထိတွေ့နေကျပါ။ သမ္မတအိမ်တော်ကို လာပြီး နှစ်တိုင်း ဖျော်ဖြေရပါတယ်။ အခုလိုလာရောက်ပြီး ဖျော်ဖြေခွင့်ရတာလည်း အလွန်ဝမ်းသာပါတယ်၊ ပီတိလည်း ဖြစ်ပါတယ်”ဟု ပြောကြားသည်။

သင်္ကြန်ကာလအတွင်း ခိုက်ရန်မဖြစ်ပွားစေရန် ရဲတပ်ဖွဲ့ အထူးကြပ်မတ်

နေပြည်တော် ဧပြီ ၁၃

နေပြည်တော်၌ ၁၃၇၇ ခုနှစ်သင်္ကြန်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သင်္ကြန်ကာလရက်များ၌ ရေပက်ခံထွက် လှည့်လည်သူများ ခိုက်ရန်မဖြစ်ပွားစေရေးအတွက် နေပြည်တော် ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၏ညွှန်ကြားမှုဖြင့် ရဲတပ်ဖွဲ့ဝင်များက အထူးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင်၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ နေပြည်တော်ဟိုတယ်ဇုန် ရာဇသင်္ဂဟလမ်းမကြီး၌ ရေကစားမဏ္ဍပ်များသို့ သွားရာ အဝင်/အထွက်လမ်းဆုံ၌ ရေပက်ခံကားများကို ခေတ္တရပ်တန့်စေ၍ ကားပေါ်၌ တုတ်၊ ဓားလက်နက်များ ယူဆောင်လာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ အရက်၊ ဘီယာပုလင်းများ သယ်ဆောင်လာသည်ကိုတွေ့ရှိပါက ရဲတပ်ဖွဲ့က စစ်ဆေးပြီး ပုလင်းမှ ရေသန့်ဘူးခွံများဖြင့် လဲလှယ်ထည့်ကာ ဆောင်ရွက်ပေးခဲ့ပြီး ယာဉ်ပေါ်၌ လိုက်ပါလာသူများအား ရဲမေများက တစ်ဦးချင်းစစ်ဆေးပြီးမှ မဏ္ဍပ်ရှိရာသို့ သွားခွင့်ပြုခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဗွေမယူပါ. . . . သို့သော်

ဩလေး (နည်းပညာ)

ကလင်…ကလင်…

နှိုးစက်နာရီက တာဝန်ကျေစွာ မြည်သံပေး၍ လှုပ်နှိုးနေချေသည်။

လေးလံနေသောမျက်လုံးတစ်စုံက မဖွင့်ချင်သေးသည့်တိုင် ကြိုးစားပြီးဖွင့်ကာ မနက်အစော မိတ္တီလာမှ ဆေးကုရန်ရောက်ရှိမည့် အဒေါ်ကိုကြိုဖို့ရာအတွက် ထခဲ့ရပါပြီ။ နံနက်ခင်းစောစော ကျေးငှက်သာရကာများ၏ တေးသံသာများနှင့်အတူ တရားခွေလေးဖွင့်ကာ ဘုရားဝတ်ပြုရန် ဘုရားစင်ရှေ့ရောက်မှ ရေတင်ဖို့ရန် သတိရသည်။ ကျွန်မတို့နေပြည်တော်တွင် အချိန်နှင့် ရေပေးဝေသည့်စနစ်ဖြင့် ရေဖြန့်ဝေပေးခြင်းဖြစ်ရာ ရေတင်မှသာ မြေအောက်ကန်မှ ရေတက်မည်ဖြစ်သောကြောင့် ရေတင်ရန်မေ့မိသည့်အခါတိုင်း လေးလွှာတွင်နေရသူလည်း ဖြစ်ပြန်သည်မို့ ရေချူရန် မြေအောက်ကန်သို့ ဆင်းရတက်ရဖြင့် ရေမရှိခြင်း၏ ဒုက္ခကို ခံစားခဲ့ရမြဲ။ ယခုလည်းမေ့တတ်သော ကျွန်မ အခက်တွေ့ရပြန်ပါပြီ။

မတတ်နိုင်. . . ဘုရားဝတ်ပြုမည့်အရေးကို နောက်ရွှေ့ကာ ရေချူကြည့်ရန် အောက်ထပ်ဆင်းဖို့ပြင်ရတော့သည်။ ကျွန်မလည်း တံခါးနားအရောက် တံခါးမှ ဘဲလ်သံကလည်းအမြည်. . . ချိန်းချက်ထားသော်မှ လွဲနေဦးမည်။ ယခုမူကွက်တိ။ မြန်မြန်သွက်သွက် တံခါးဆွဲဖွင့်ကာ အထုပ်နှင့်အပိုးနှင့် လေးထပ်ထိတက်လာရသည်မို့ ဟောဟဲဆိုက်နေသည့် အဒေါ့်ကို ခရီးဦးကြိုရတော့သည်။ အမောပြေရေအေးအေးတစ်ခွက်တိုက်ခဲ့ကာ ကိုယ်တိုင်ကတော့ အောက်ထပ်သို့ မပြေးရုံတစ်မည် ခြေလှမ်းများဖြင့် ပြေးဆင်းလာခဲ့သည်။ ယင်းနောက်တွင်မူ ထုံးစံအတိုင်း ရေဆင်းချူလိုက်၊ အပေါ်ပြန်တက်ကာ ခလုတ်ဖွင့်လိုက်၊ ရေမတက်လာတော့ တစ်ခေါက်ပြန်ဆင်းလိုက်နှင့် လူးလာခေါက်တုံ့ ပြေးလွှား တက်ဆင်းကာ လူလည်းဖတ်ဖတ်မောနေတော့သည်။

သည်တော့လည်း အမောဖြေနားနေသည့် အဒေါ်က မျက်စိနောက်လာဟန်တူပါသည်။ “ညည်း ကြည့်ရတာ မူးတောင်လာပြီဟေ့၊ ဘယ်လိုဖြစ်လို့ ဒီလောက်ဗျာများနေတာတုံးအေ၊ တကတည်း”

မောရသည့်အထဲ ဘုကျကျအမေးကြောင့် ဒေါသကထပ်ဆင့်သွားမိတော့ ဖြူန်းခနဲ ပြန်အော်လိုက်မိသည်။

“ရေမတက်လို့ အဒေါ်ရေ့၊ ရေမတက်လို့၊ မနက်က ရေတင်ဖို့ မေ့သွားလို့”

ကျွန်မက ပြန်အော်လိုက်ပေမယ့် အဒေါ်ကလည်း မလျှော့ထပ်၍ပင် ကွန့်လာပြန်ချေသေးသည်။

“အမလေးအေ၊ ရေတင်ဖို့တစ်ရက်တလေ မေ့တာများ ဒီလောက်ပျာယာခတ်နေရတယ်လို့၊ ငါတို့ဆီလည်း လာနေကြည့်ပါဦးအေ။ ငါတို့ဆီမှာ သောက်စရာတောင် ရေမရှိလို့ဒုက္ခရောက်နေကြတာ၊ ကိုယ်ချင်းလည်း စာပါဦး၊ ညည်းတို့ဝန်ထမ်းတွေမှာ အချိန်တန်ရုံးသွား၊ ဘောပင်လေးကိုင်ပြီး ဟိုခြစ်ဒီခြစ် ဘာအပူအပင်မှမရှိတဲ့ ဘဝပါအေ”

အဒေါ့်အပြောကြောင့် ကျွန်မမှာရုတ်တရက် ကြောင်သွားပြီး နဂိုထွက်ပြီးသား ဒေါသအပေါ် ဒေါသထပ်ဆင့်ကာတစ်ခွန်းမခံ ပြန်လည်ချေပမိတော့သည်။

တောသူတောင်သားမို့ သူ့အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောခြင်းဖြစ်သည့်တိုင် မိမိတို့ဝန်ထမ်းများအပေါ်မှာပါ အထင်မှား၊ အမြင်မှားဖြစ်နေသည်က သိသာလှသည်မို့ ဒေါသဖြစ်ခြင်းကတစ်ဖက်၊ သည်ကိစ္စကို သေချာနားလည်အောင် ရှင်းပြမှဖြစ်မည်ဟူသည့် အတွေးကတစ်ဖက်ဖြင့် ကျွန်မတို့ဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘဝ၊ ရေရှားပါးမှုပြဿနာအား ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကျွန်မတို့မည်သို့မည်ပုံ အားထုတ်လုပ်ကိုင်လျက်ရှိသည်တို့ကို ကရားရေလွှတ်ပြောပြမိတော့သည်။

ကျွန်မမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သည့်အပြင် ကျွန်မတို့ဦးစီးဌာနမှာ ရေရှားပါးပြတ်လပ်မှုမဖြစ်စေရေး နေ့မအားညမနား ကွင်းဆင်းဆောင်ရွက်နေကြရသည်မို့ မသိသားဆိုးရွားစွာ ပြစ်တင်သံကို ကြားရသည့်အခါ မဟုတ်မခံကက်ကက်လန် တုံ့ပြန်မိခြင်းလည်းဖြစ်ပါသည်။

အယ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် နွေဦးရာသီမှာပင် ကျွန်မတို့နိုင်ငံ၏ အချို့ဒေသများတွင် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးပြတ်လပ်မှုများကို စတင်ခံစားနေရပြီဖြစ်ပါသည်။ ရေရှားပါးမှုပြဿနာအား ဖြေရှင်းနိုင်ရန် ကျွန်မတို့ဦးစီးဌာနအနေဖြင့် ရေရှားပါးကျေးရွာများအရောက် ရေသယ်ယာဉ်များဖြင့် ရေသယ်ယူပို့ဆောင်ပေးသကဲ့သို့ အလှူရှင်များပါဖိတ်ခေါ်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီးအခက်အခဲများ ဖြေရှင်းပေးလျက်ရှိပါသည်။ ဖြစ်နိုင်ခြေရှိသောကျေးရွာများအား ကွင်းဆင်းစစ်ဆေး စစ်တမ်းများကောက်ယူထားရှိပြီး ဖြေရှင်းရန်နည်းလမ်းများနှင့် လိုအပ်သည်များကို အဆင်သင့်ကြိုတင် ပြင်ဆင်ထားရှိပါသည်။

ကျေးရွာများရေရရှိရေးအတွက် ရေရှည်အသုံးပြုနိုင်မည့် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ လက်တူးတွင်းများ တူးဖော်ပေးခြင်း၊ ရှိပြီးသား တွင်းများအား ပြုပြင်ပေးခြင်း၊ မြေသားကန်များ တူးဖော်ပေးခြင်း၊ မြစ်ချောင်းများမှ ရေတင်စက်ဖြင့် ရေရယူခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းစသည့် နည်းလမ်းခြောက်သွယ်ဖြင့် နေရာဒေသပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိ

ထို့အပြင် ကျေးရွာများရေရရှိရေးအတွက် ရေရှည်အသုံးပြုနိုင်မည့် စက်ရေတွင်းများတူးဖော်ပေးခြင်း၊ လက်တူးတွင်းများ တူးဖော်ပေးခြင်း၊ ရှိပြီးသား တွင်းများအား ပြုပြင်ပေးခြင်း၊ မြေသားကန်များတူးဖော်ပေးခြင်း၊ မြစ်ချောင်းများမှ ရေတင်စက်ဖြင့်ရေရယူခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းစသည့် နည်းလမ်း ခြောက်သွယ်ဖြင့် နေရာဒေသပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ကျဝန်ထမ်းများမှာ ရေထွက်ရှိဖို့အရေး မတူးခင်မှစ၍ ရေထွက်သည်ထိ နေပူမိုးရွာမရှောင်ပိတ်ရက်မရှိ မိသားစုတာဝန်များဘေးဖယ်ကာ ပင်ပန်းဆင်းရဲခံ ဆောင်ရွက်ကြရသည့်တိုင် တူးဖော်နေသောတွင်းမှ ရေထွက်ရှိလာလိုက်သည်နှင့် မောသမျှပြေကြရစမြဲ။ ရေထွက်သည်ဆိုရုံနှင့် ၎င်းတို့၏ တာဝန်ကမပြီးဆုံးသေး။ ကျေးလက်နေပြည်သူများ အန္တရာယ်ကင်းစွာ သောက်သုံးနိုင်ရေးအတွက် စမ်းသပ်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်ကြရပါသည်။

စမ်းသပ်စစ်ဆေးရာတွင် လူကို ဥပဒ်ပေးနိုင်သော ဗက်တီးရီးယားများ၊ အနံ့အသက်များကို ဖယ်ရှားရန်၊ အရောင်လှစေရန်၊ ချက်ပြုတ်လျှော်ဖွပ်နိုင်ရန်နှင့် ပိုက်များ သံချေးစားနိုင်သည့် ပစ္စည်းများ စသည်တို့ကို ဖယ်ရှား၍ သန့်စင်သော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည့်ပြင် ရေလေလွင့်ဆုံးရှုံးမှုကို အထိုက်အလျောက် ထိန်းချုပ်နိုင်ရန် ရေမီတာများတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သတ်မှတ်ကာလအတွင်းလုပ်ငန်းများ ပြီးမြောက်နိုင်ရေးအတွက် နေပူမရှောင်၊ မိုးရွာမရှောင်၊ အားလပ်ရက်၊ အများပြည်သူ ရုံးပိတ်ရက်ဟူ၍မရှိ၊ အချိန်အခါမရွေး ဆောင်ရွက်ပေးလျက်ရှိရာ ဤကဲ့သို့ ပြည်သူများအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေသည်မှာ ကျွန်မတို့ ဦးစီးဌာနတစ်ခုတည်း မဟုတ်ဘဲ ဝန်ကြီးဌာနတိုင်း၊ ဝန်ထမ်းတိုင်း သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို တတ်စွမ်းသမျှကျေပွန်အောင် ထမ်းဆောင်နေကြခြင်းဖြစ်သည်မို့ ယင်းကို အဒေါ်နားလည်စိမ့်သောငှာ ကျွန်မမှာအာခေါင်များခြောက်ကပ် ရေများငတ်လာသည်အထိ ဆက်တိုက်ရှင်းပြနေမိတော့သည်။

နောက်ဆုံးတွင်တော့ အဒေါ့်ထံမှ “ဩော်. . . ဒီလိုကိုး၊ ငါ မသိလို့ ပြောမိတာ ဗွေမယူပါနဲ့အေ”ဆိုသည့် လေပျော့လေးအောက်တွင် ပင်ပင်ပန်းပန်းရှင်းပြခဲ့ရသမျှ ကျေနပ်မိရတော့သည်။

အပစ်အခတ်ရပ်စဲရေး ကြားဝင်ဆောင်ရွက်ခြင်းသင်တန်းသို့ ၈၈ မျိုးဆက် (ငြိမ်း/ပွင့်)မှ ကိုကိုကြီးတက်ရောက်

နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲရေး ကြားဝင်ဆောင်ရွက်ခြင်းသင်တန်းကို နော်ဝေနိုင်ငံ အော်စလိုမြို့ နော်ဝေကာကွယ်ရေးတက္ကသိုလ် နိုင်ငံတကာဌာနရှိရာ အာကားရှုးခံတပ်တွင် ဧပြီ ၃ ရက်မှ ၁၀ ရက်အထိ တစ်ပတ်ကြာပို့ချရာ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)မှ ကိုကိုကြီးနှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ဗဟိုကော်မတီဝင် စိုင်းလျန်းတို့ တက်ရောက်ခဲ့ကြသည်။

သင်တန်းကို ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာဌာန၊ ဆွစ်ပြည်ထောင်စု နိုင်ငံခြားရေးဌာန နိုင်ငံရေးဆိုင်ရာရုံးနဲ့ နော်ဝေကာကွယ်ရေးတက္ကသိုလ် နိုင်ငံတကာဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။ ကုလသမဂ္ဂအရာရှိများ အပါအဝင် မြန်မာ၊ ထိုင်း၊ လစ်ဗျား၊ တောင်ဆူဒန်၊ နော်ဝေနိုင်ငံတို့မှ စစ်ဘက် အရပ်ဘက်တာဝန်ရှိသူ ၃၁ ဦး ပါဝင်ခဲ့သည်။

ကြားဝင်ဆောင်ရွက်မှု ပုံသဏ္ဍာန်ရေးဆွဲခြင်း၊ ပဋိပက္ခအတွင်းအရပ်သားများအား အကာအကွယ်ပေးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ အကာအကွယ်ပေးခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အတွေးအမြင်၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဓိကအချက်များ၊ ရှောင်ရန်ဆောင်ရန်များ၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးအတည်ပြုခြင်းဆိုင်ရာ ပုံစံများ၊ ကြားကာလနှင့် အပြီးသတ် လုံခြုံရေးဆိုင်ရာအစီအစဉ်များစသည်တို့ကို လေ့လာခွင့်ရကြသည်။

နီပေါနိုင်ငံ၏ အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးဆောင်ရွက်ပုံကို နမူနာအဖြစ် ပို့ချပေးခဲ့ပြီး အသွင်ယူသင်ခန်းစာများလည်း လေ့ကျင့်ဆွေးနွေးခဲ့ကြသည်။ ညပိုင်းထမင်းစားပြီး တက်ရောက်လာသည့် နိုင်ငံအလိုက်အတွေ့အကြုံများကို တစ်ရက်စီ အလှည့်ကျ ဆွေးနွေးခဲ့ကြရပြီး မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေများကိုလည်း စိတ်ဝင်တစားမေးမြန်းကြကြောင်း သိရသည်။

MgCS

နော်ဝေနိုင်ငံ အော်စလိုမြို့၌ဖွင့်လှစ်သည့် ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲရေး ကြားဝင်ဆောင်ရွက်ခြင်းသင်တန်းသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

ရန်ကုန်မြို့ရှိ အရှည်ဆုံးခုံးကျော်တံတားကြီးပေါ်မှ ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြု

သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - ကိုဖိုးလုံး

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်မြို့၌တည်ဆောက်ပြီး ခုံးကျော်တံတားများအနက် အရှည်ဆုံးတံတားကြီးဖြစ်သည့် ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလမ်းဆုံး ဝိုင်ပုံသဏ္ဍာန် ခုံးကျော်တံတားကြီး၏ ဦးချစ်မောင်လမ်းနှင့် ဗညားဒလလမ်းဘက်ခြမ်း အပိုင်း(၁)ကို ယနေ့ (သင်္ကြန်အကျနေ့) နံနက် ၇ နာရီတွင် ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်သည်။

"တကယ်ဆို ဒီတံတားကြီးကို အချောသပ်လုပ်ငန်းတွေ ပြီးစီးတဲ့အချိန် သင်္ကြန်ပြီးလောက်မှ ဖွင့်လှစ်ပေးဖို့ဖြစ်ပါတယ်။ ဒါပေမယ့် သင်္ကြန်ကာလမှာ ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့နဲ့ သင်္ကြန်ရေဆော့ကစား လည်ပတ်တဲ့ယာဉ်တွေ အထိုက်အလျောက် ယာဉ်ကျပ်တည်းမှု အဆင်ပြေစေဖို့ ထောက်ရှုပြီးတော့ အခုလိုဖွင့်လှစ်ပေးတာ၊ ယာဉ်တွေကို ဖြတ်သန်းသွားလာခွင့် ပြုလိုက်တာဖြစ်ပါတယ်။ ဒီနေ့ ဖြတ်သန်းခွင့်ပြုလိုက်တယ်ဆိုပေမယ့် ရေဆင်းပိုက်တပ်ဆင်မှုအပါအဝင် လမ်းပိုင်းအချောသပ်မှုလေးတွေ နည်းနည်းတော့ကျန်သေးတယ်။ အဲဒီလုပ်ငန်းတွေကို သင်္ကြန်ပြီးတာနဲ့ ဆက်လုပ်သွားမှာပါ"ဟု အဆိုပါတံတားကိုဆောက်လုပ်ခွင့်ရခဲ့သော ရွှေတောင် ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးစိန်ဝင်း (တာမွေလမ်းဆုံခုံးကျော်တံတားစီမံကိန်း အင်ဂျင်နီယာ) က ယနေ့မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ယနေ့စတင်ဖွင့်လှစ်ကာ ယာဉ်များသွားလာခွင့်ပြုသော အဆိုပါ ဝိုင်ပုံသဏ္ဍာန် တာမွေခုံးကျော်တံတား၏ ဦးချစ်မောင်လမ်းနှင့် ဗညားဒလမ်း အပိုင်း(၁)သည် တံတားအရှည် ၂၈၇၅ ပေ၊ အကျယ် ၄၃ ပေ၊ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန်၊ တံတားအောက်ကင်းလွတ်အမြင့် ၁၆ ပေရှိကာ နှစ်လမ်းမောင်း၊ လေးလမ်းသွားဖြစ်သည်။ ကျန်အပိုင်း (၂) လက်တက်ပွား အရှေ့မြင်းပြိုင်ကွင်းလမ်းဘက်ခြမ်းကို ယာဉ်ကြောကျပ်တည်းမှုအခြေအနေကြောင့် တည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ် မတ်လမှ စတင်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်၍ လာမည့်ဇွန်လထဲတွင် အပြီးအချောသပ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တာမွေခုံးကျော်တံတား ဦးချစ်မောင်လမ်းနှင့် ဗညားဒလလမ်းကြောင်း ဖွင့်လှစ်မှုအပေါ် ဗဟန်းမြို့နယ်မှ ဦးမြင့်ဌေးက "ကျွန်တော့်အမြင်ပြောရရင် အခုလို သင်္ကြန်ကာလမှာ နှစ်သစ်လည်းဖြစ်၊ အစိုးရသစ်လက်ထက်လည်းဖြစ်တော့ နှစ်ဦးမှာ ဖွင့်လှစ်လိုက်တဲ့အတွက် ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော့်ဆန္ဒအတိုင်းပြောရရင် ဒီလမ်းကြောင်းက ကိုယ်ပိုင်ကားတွေ ဖြတ်သန်းသွားလာတာများတယ်။ ခရီးသည်တင်တဲ့ လိုင်းကားတွေဖြတ်သန်းမှုကနည်းတယ်။ ရွှေဂုံတိုင်လမ်းနဲ့ သမိန်ဗရမ်းလမ်းဘက်ဆို ခရီးသည်တင်ယာဉ်တွေ ဖြတ်သန်းသွားလာမှုက ပိုများတယ်။ အဲဒီဘက်ကို ဦးစားပေးသင့်တယ်လို့မြင်တယ်။ ခုံးကျော်တံတားအောက်မှာ တပ်ဆင်မယ့် မီးပွိုင့်ကတော့ ဘယ်လိုလာဦးမလဲ မသိသေးဘူး"ဟု အဆိုပါ တာမွေခုံးကျော်တံတားတည်ဆောက်မှုနှင့်ပတ်သက်ပြီး ၎င်း၏အမြင်ကို သုံးသပ်ပြောပြသည်။

သင်္ကြန်အကြိုနေ့က ဖွင့်လှစ်လိုက်သည့် တာမွေခုံးကျော်တံတားပေါ်၌ ယာဉ်များဖြတ်သန်းသွားလာမှုကို ဝေဟင်မှ တွေ့ရစဉ်

✻ ကျောဖုံးမှ

ဇုန်တစ်ဝိုက်မှာ အဖြစ်များပြီး အင်အားအတော်အသင့် ငလျင်တွေလည်း ပါလာတတ်လို့ သတိထားကြဖို့လိုပါတယ်"ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ ဒေါက်တာကျော်ထွန်းက ပြောကြားသည်။

အဆိုပါ ငလျင်၏နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံ အနောက်ပိုင်း ဒေသတစ်လျှောက် သတိထားစောင့်ကြည့်ရမည်ဖြစ်ပြီး အထူးသဖြင့် ကဘော်ပြတ်ရွေ့နှင့် စပ်ဆက်နေခြင်းကြောင့် မော်လိုက်မြို့ အပါအဝင် ပတ်ဝန်းကျင်မြို့များ၌ စောင့်ကြည့်ရမည့် အခြေအနေရှိကြောင်း တာတမံများ၏ ကြံ့ခိုင်မှုကို လာမည့်မိုးရာသီမတိုင်မီ စစ်ဆေးထားရန်လိုကြောင်း ငလျင်ပညာရှင်တစ်ဦးက အကြံပြုသည်။

ငလျင်ဒဏ်ကြောင့် ငလျင်ဗဟိုချက်မနှင့် နီးစပ်သည့် ကျေးရွာများကိုလည်း အခြေအနေကြည့်ရှုကြရန် ငလျင်ကော်မတီ၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် အသိပေးထားသည်။

ငလျင်ဒဏ်ကြောင့် ဆားလင်းကြီးမြို့နယ် ဝါးတန်းကျေးရွာ သတ္တမဗောဓိစေတီ စိန်ဖူးတော်မြေခဲ့ရပြီး ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ ရွှေဂူကြီးဘုရား အရံစေတီ စိန်ဖူးလည်း မြေခဲ့ရကြောင်းသိရသည်။ ထို့ပြင် ရေစကြိုမြို့ ရွှေတန်ဆာဘုရား ကွဲအက်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ မြရိပ်တောင်ပေါ်ကျောင်းတိုက်အတွင်း နှစ် ၁၅၀ သက်တမ်းရှိစေတီရှေးဟောင်း ကျောက်ထီးတော် မြေခဲ့သည်။ မော်လိုက်၊ ကလေးနှင့် တမူးမြို့များမှ ဒေသခံအချို့ ငလျင်ဒဏ်ကြောင့် မူးဝေ အော့အန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမေရိကန်အခြေစိုက် ဘူမိဗေဒတိုင်းတာရေးစခန်း (USGS) မှ အင်အား ရစ်ချ်စတာစကေး ၇ ဒသမ ၀ ပြင်းအားရှိ ငလျင်တစ်ခု မြန်မာနိုင်ငံ အနောက်မြောက်ဘက်ပိုင်း၌ ဧပြီ ၁၃ ရက်က လှုပ်ခတ်သွားခဲ့ကြောင်း၊ မုံရွာမြို့၏ မြောက်- အနောက် မြောက်ဘက် ကီလိုမီတာ ၁၀၀ အကွာ (၆၂မိုင်ခန့်)တွင် လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုအရှိန်မှာ မြေအောက်အနက် ကီလိုမီတာ ၁၃၅ အထိ ရိုက်ခတ်မှုရှိသည်။ ဒေသစံတော်ချိန် ည ၉ နာရီ ၅၅ မိနစ်ခန့်က အိန္ဒိယနှင့် မြန်မာနယ်စပ်ဒေသ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တား၌ အဆောက်အအုံများ တုန်ခါမှုဖြစ်ပွားခဲ့ပြီး အိန္ဒိယအရှေ့ပိုင်းမြို့တော် ဂူဝါဟာတီ၌လည်း ပြင်းထန်စွာတုန်ခါမှုများ ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းထောက်များကပြောသည်။

ထို့အတူ ည ၈ နာရီ ၂၅ မိနစ် ၁၈ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၁၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကလေးမြို့၏ အရှေ့-အရှေ့တောင်ဘက် ၄၂ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း၊ အဆိုပါ ငလျင်လှုပ်ခတ်မှုအရှိန်ကို မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ညောင်ဦး၊ ရန်ကုန်၊ ကျောက်ဖြူ၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါးမြို့တို့၌လည်း သတိပြုမိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သင်္ကြန်အကြိုနေ့ နိုင်ငံတစ်ဝန်းတွင် မတော်တဆမှု ၁၁ မှုဖြစ်ပွား တစ်ဦးသေ၊ ၁၄ ဦး ဒဏ်ရာရ

နေပြည်တော် ဧပြီ ၁၃

သင်္ကြန်အကြိုနေ့တွင် နိုင်ငံတစ်ဝန်း၌ မတော်တဆမှု ၁၁ မှု ဖြစ်ပွားပြီး တစ်ဦးသေ၊ ၁၄ ဦး ဒဏ်ရာရရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှတ်တမ်းများအရ သိရသည်။

ယင်းမတော်တဆမှုများမှာ ပဲခူးတိုင်းဒေသကြီး၌ ယာဉ်တိုက်မှုတစ်မှု၊ ဒဏ်ရာရရှိသူရှစ်ဦး၊ ခိုက်ရန်ဖြစ်ပွားမှုနှစ်မှု၊ ဒဏ်ရာရရှိသူငါးဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ခိုက်ရန်ဖြစ်ပွားမှုတစ်မှု၊ ဒဏ်ရာရရှိသူတစ်ဦး၊ ခါးပိုက်နှိုက်၊ ခိုးမှုမသင်္ကာမှုတစ်မှု၊ မန္တလေးတိုင်းဒေသကြီး၌ ခါးပိုက်နှိုက်၊ ခိုးမှုမသင်္ကာမှုငါးမှု၊ ရှမ်းပြည်နယ်၌ ယာဉ်တိုက်မှုတစ်မှု၊ သေဆုံးသူတစ်ဦးတို့ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ သင်္ကြန်နှင့် မဆက်နွယ်သည့်မှုခင်းအနေဖြင့် လူသတ်မှုတစ်မှု၊ သေဆုံးသူတစ်ဦး၊ ယာဉ်တိုက်မှုငါးမှု သေဆုံးသူသုံးဦး၊ ဒဏ်ရာရသူငါးဦး၊ ခိုက်ရန်ဖြစ်ပွားမှုသုံးမှု၊ ဒဏ်ရာရသူသုံးဦး၊ ခါးပိုက်နှိုက်မှုတစ်မှု၊ မူးယစ်ရမ်းကားမှုလေးမှု၊ အခြားအမှု ၂၇ မှု၊ သေမှုသေခင်း ငါးမှု၊ သေဆုံးသူငါးဦး စုစုပေါင်း ၄၆ မှု၊ သေဆုံးသူကိုးဦး ဒဏ်ရာရရှိသူ ခုနစ်ဦးရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် သင်္ကြန်ကာလတွင် သင်္ကြန်အကြိုနေ့၌ ယာဉ်တိုက်မှုနှစ်မှု၊ သေဆုံးသူတစ်ဦး၊ ဒဏ်ရာရရှိသူ ရှစ်ဦး၊ နာကျင်မှုသုံးမှု၊ ဒဏ်ရာရရှိသူ ခြောက်ဦး၊ ခိုးမှု (နှိုက်)၊ ခိုးမှု မသင်္ကာမှု ခြောက်မှု စုစုပေါင်း ၁၁ မှု၊ သေဆုံးသူတစ်ဦး၊ ဒဏ်ရာရရှိသူ ၁၄ ဦးရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ငလျင်လှုပ်ခတ်မှုကြောင့် စေတီဘုရားအချို့ ထီးတော်မြေခ

ကနီ

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့တွင် ဧပြီ ၁၃ ရက် ည ၈နာရီ ၂၅မိနစ်တွင် ငလျင်အနည်းငယ်လှုပ်ခတ်ခဲ့သည်။

အဆိုပါ ငလျင်ကြောင့် ဘုတ်ကုန်းကျေးရွာ အုတ်တိုက်ကျောင်းဘုရား ထီးတော်မြေခြင်း၊လက်ပံစုကျေးရွာ ရွှေဂူဘုရား သပိတ်မှောက်အောက်အက်ကွဲခြင်း၊ ဝယာကျေးရွာ သိမ်ဘုရား ထီးတော်ယိုင်ပြီး ရွှေနန်းဦးဘုရားနှင့် ဖောင်တော်ဦးဘုရား စိန်ဖူးတော်မြေခြင်း၊ ညောင်သူများကျေးရွာ ကိုးနဝင်းကပ်ကျော်စေတီသပိတ်မှောက်အထက်အက်ကွဲခြင်းနှင့် ကနီမြို့ပေါ်ရှိ မိခင်နှင့်ကလေး အဆောက်အအုံမျက်နှာကြက် ၁၆ ပေခန့်ပြိုကျမှုများဖြစ်ခဲ့သည်။ ကနီမြို့သို့သွယ်တန်းထားသော ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ပတ်ကြားဝကျေးရွာနှင့် တောင်ပျောက်ကျေးရွာကြားတွင် ဓာတ်အားလိုင်းကြိုးချင်းခတ်၍ မီးလောင်ခဲ့ရာ ပတ်ကြားဝကျေးရွာ ဘုန်းတော်ကြီးကျောင်း အနောက်ဘက်ခြံစည်းရိုး အနည်းငယ်မီးလောင်မှုများရှိခဲ့ကြောင်း ကနဦးသတင်းအရသိရသည်။

သန်းဌေးအောင်(ကနီ)

ပခုက္ကူ

ပခုက္ကူမြို့၌ ဧပြီ ၁၃ ရက် ည ၈ နာရီ ၂၆ မိနစ်ခန့်က ငလျင်လှုပ်ခတ်မှုကို ဒေသခံများခံစားသိရှိရသည်။

မြေငလျင်လှုပ်ခတ်မှုသည် နှစ်မိနစ်ခန့်ကြာမြင့်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုတလင်မြို့၌ အုတ်ကန်ရေအပြည့်ဖြည့်ထားသည့် ကန်မှာရေများလှျံကျခြင်း၊ မြည်ဟည်းသံကြားရခြင်း၊ ကလေးဝမြို့နယ်၌ ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်ပွားခြင်းများရှိကြောင်း ဒေသခံများ ဆက်သွယ်ပြောပြချက်အရသိရသည်။

(ပခုက္ကူခရိုင် ပြန်/ဆက်)

မန္တလေးမြို့

မန္တလေးမြို့၌ အဆိုပါငလျင်နှင့်ပတ်သက်၍ အထက်မြန်မာပြည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက "မန္တလေးတိုင်းဒေသကြီးအတွင်းက သပိတ်ကျင်းနဲ့ မြင်းခြံအဆက်အသွယ်ရတယ်။ အပျက်အစီးတော့ သူတို့မပြောဘူး။ မန္တလေးတိုင်းဒေသကြီးနဲ့ မိုင် ၁၀၀ ကျော် အင်အားပြင်းတော့ သိသာတဲ့ လှုပ်ရှားမှုခံစားရတယ်" ဟု ပြောသည်။

"ဘေးတိုက်လှုပ်တာပါ။ သိသာတယ်။ တစ်မိနစ်ကျော်လောက် ကြာတယ်"ဟု မန္တလေးမြို့နေ ဒေါ်မိမိကပြောသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

အားပါးတရနွှဲပျော် နေပြည်တော်သင်္ကြန်ပွဲတော်

နေပြည်တော် ဧပြီ ၁၃

နှစ်သစ်ကိုကြိုဆိုခြင်း၊ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းရာတွင် နှစ်ဟောင်းမှ အညစ်အကြေးများ၊ ကံမကောင်းခြင်းများ နှစ်သစ်သို့ပါမလာစေရန် အတာရေဖြင့် ပက်ဖျန်းဆေးကြောခြင်း၊ အေးမြပျော်ရွှင်စေခြင်း၊ ရေ၏ဂုဏ်သတ္တိများနှင့် ပြည့်စုံစေခြင်း စသည့် အဓိပ္ပာယ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် နံနက်ပိုင်းမှစ၍ နေပြည်တော်၏ "သင်္ကြန်မင်းသားကြီး" ဟု ဆိုရမည့် မြေလတ်သားတို့၏ စုဝေးနွှဲပျော်ရာ ရွှေသံလွင်ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်နှင့် ဟိုတယ်အေစီအီးမိသားစုရေကစားမဏ္ဍပ်များ၌ အတာရေသဘင်ပွဲပျော်ရွှင်စွာဆင်နွှဲရန် အနယ်နယ်အရပ်ရပ်မှ လူကြီးလူငယ်များသည် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ တဖွဲဖွဲရောက်လာကြပြီး သီချင်းများသီဆိုကခုန်ကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ နောက်ပြောင်ကျီစယ်နေကြသည်ကို တွေ့ရသည်မှာ မြင်ရသူတိုင်းကို ပျော်ရွှင်လန်းဆန်းတက်ကြွစေသည်။

ရွှေသံလွင်ကုမ္ပဏီမိသားစုရေကစားမဏ္ဍပ်နှင့် ဟိုတယ်အေစီအီးမိသားစုရေကစားမဏ္ဍပ်တို့တွင် နံနက်ပိုင်းမှစ၍ ပြည်သူ့အချစ်တော်ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ နိုင်ငံကျော်အဆိုတော်များ၊ မြန်မာ့ရိုးရာယိမ်းအကအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ သံချပ်အဖွဲ့များနှင့် ခေတ်ပေါ်အကအဖွဲ့များ၏ "ရှာပုံတော်မင်းသားကြီး"၊ "မြနန္ဒာ" အစ ရှိသော ယနေ့အထိ မရိုးနိုင်တဲ့ သင်္ကြန်သီချင်းများ၊ ခေတ်ပေါ်သင်္ကြန်သီချင်းများ၊ ရိုးရာအကများ၊ ခေတ်ပေါ်အကများ၊ သံချပ်များဖြင့် ဖျော်ဖြေတင်ဆက်မှုက အားပါးတရရှိသလို

နေပြည်တော် စည်ပင်သာယာရေးမဏ္ဍပ်၌ ဆိုင်ကယ်များဖြင့် ရေပက်ခံသူများကို တွေ့ရစဉ်

နေပြည်တော်အတာရေသဘင်ပွဲ ပါဝင်ဆင်နွှဲကြသူများ၏အားပေးမှုကလည်း အုံ့မခန်းလောက်အောင် ရှိလှသည်။

အဆိုပါမဏ္ဍပ်များ၌ ရုပ်ရှင်သရုပ်ဆောင်နှင့် နိုင်ငံကျော်အဆိုတော် စုစုပေါင်း ၅၀ ကျော်နှင့် မြန်မာ့ရိုးရာယိမ်းအကအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ သံချပ်အဖွဲ့များနှင့် ခေတ်ပေါ်အကအဖွဲ့များက ညနေပိုင်းအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များရှိ မိသားစုရေကစားမဏ္ဍပ်များ၊ ပျဉ်းမနား-တောင်ညိုလမ်းတစ်လျှောက်ရှိ မိသားစုရေကစားမဏ္ဍပ်များနှင့် နေပြည်တော်စည်ပင်သာယာရေးမိသားစုရေကစားမဏ္ဍပ်များ၌လည်း အတာရေသဘင်ပွဲနွှဲပျော်ကြသည့် သင်္ကြန်ချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ အောင်သုခကျေးရွာရှိ မိသားစုရေကစားမဏ္ဍပ်၌ ရွာသူ ရွာသားများ ပျော်ရွှင်စွာရေကစားကြစဉ်

"ဗျီး----- ဗျီး---- ဗျင်း---ဗျင်း--- နဲ့ မော်တော်ဆိုင်ကယ်တွေကို အသံကျယ်ကျယ်ထွက်အောင် အိတ်ဇောပိုက်တွေ ဖြုတ်တဲ့သူက ဖြုတ်၊ ပါဝါအိတ်ဇောပိုက်တွေတပ်တဲ့ သူကတပ်၊ ဆိုင်ကယ်လီဗာကို တစ်ဆုံးဖွင့်ပြီး အုပ်စုဖွဲ့စည်းကမ်းမဲ့မောင်းနှင်နေကြတဲ့ လူငယ်အုပ်စုတွေကို နေပြည်တော်နဲ့ ပျဉ်းမနားမြို့မှာရှိတဲ့ လမ်းမကြီးတွေ၊ ရေကစားမဏ္ဍပ်တွေမှာ တစ်နေကုန်ပဲတွေ့နေရတယ်။ အဲဒီလုပ်ရပ်တွေက သင်္ကြန်ကို အရုပ်ဆိုးအကျည်းတန်စေတာပေါ့။ နောက်ပြီး ကိုယ့်အတွက်ရော အခြားသူတွေအတွက်ပါ အသက်အန္တရာယ်ရှိတာပေါ့။ ဒါတွေကိုထိန်းသိမ်းပေးစေချင်ပါတယ်" ဟု ပျဉ်းမနားမြို့ခံ ဦးကြည်ဝင်းက သင်္ကြန်နဲ့ပတ်သက်၍ သူ့အမြင်ကို ပြောပြသည်။

"တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့ ဆိုင်ကယ်စီးရေကြောင့် ဆိုင်ကယ်ပြင်တဲ့လုပ်ငန်းက ဝင်ငွေကောင်းတဲ့လုပ်ငန်းတစ်ခုဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်တော်က ဝင်ငွေတိုးဖို့ထက် ဆိုင်ကယ်စီးတဲ့လူငယ်တွေ အန္တရာယ်ကင်းဖို့ ဆုတောင်းပါတယ်။ သင်္ကြန်အတွင်း ဆိုင်ကယ်စွမ်းရည်ပြနေကြတဲ့ လူငယ်တွေကိုမြင်ရတော့ သင်္ကြန်မှာ လည်ပတ်စရိတ်တွေအပြင် သင်္ကြန်အပြီး ဆိုင်ကယ်ပြင်ဆိုင်မှာ ပြန်ပြင်ရမယ့်စရိတ်တွေကို မြင်ယောင်မိပါတယ်။ ဒါကြောင့် ဆိုင်ကယ်စီးရင် အထိအခိုက် အပျက်အစီးမရှိအောင် ရိုရိုသေသေ စီးစေချင်

မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်၌ ဆိုင်ကယ်များဖြင့် ပျော်ရွှင်စွာ ရေသဘင်ပွဲ ဆင်နွှဲကြသူများကို တွေ့ရစဉ်

အုပ်စုဖွဲ့စည်းကမ်းမဲ့မောင်းနှင်နေကြတဲ့ လူငယ်အုပ်စုတွေကို နေပြည်တော်နဲ့ ပျဉ်းမနားမြို့မှာရှိတဲ့ လမ်းမကြီးတွေ၊ ရေကစားမဏ္ဍပ်တွေမှာ တစ်နေကုန်ပဲ တွေ့နေရတယ်။ အဲဒီလုပ်ရပ်တွေက သင်္ကြန်ကိုအရုပ်ဆိုးအကျည်းတန်စေတာပေါ့။ နောက်ပြီး ကိုယ့်အတွက်ရော အခြားသူတွေအတွက်ပါ အသက်အန္တရာယ် ရှိတာပေါ့။ ဒါတွေကို ထိန်းသိမ်းပေးစေချင်ပါတယ်။

ပါတယ်။ ဒါမှ ကိုယ့်အတွက်လည်း အန္တရာယ်ကင်းမှာပေါ့" ဟု ဆိုင်ကယ်ပြင်ဆိုင်မှ ကိုလတ်က သူ့အမြင်ကို ပြောပြသည်။

"ပျဉ်းမနားသင်္ကြန်က အရင်တုန်းက ခုထက်ပိုပြီးတော့ စည်တယ်။ ပျဉ်းမနားနဲ့နီးတဲ့ လယ်ဝေး၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာနဲ့ တောင်ကြီးကနေ ပျဉ်းမနားမှာ သင်္ကြန်လာကျကြတာ။ နေပြည်တော်မှာ စကိုင်းနက်မဏ္ဍပ်စလုပ်တဲ့နှစ်ကစပြီး အားလုံးက ပျဉ်းမနားကို မလာတော့ဘူး၊ နေပြည်တော်ကိုပဲသွားကြတယ်။ ဒါကြောင့် အရင်တုန်းကနဲ့စာရင်တော့ ခုက သိပ်မစည်တော့တာပါ။ နောက်တစ်ခုက ပျဉ်းမနားမှာ ရေရှားတယ်၊ ပျဉ်းမနားက မဏ္ဍပ်တွေက ရေကိုဝယ်သုံးရတာပါ၊ ဒါကြောင့် ရေကိုဖောဖောသီသီမသုံးနိုင်ကြပါဘူး" ဟု ပျဉ်းမနားမြို့နေ ဒေါ်အေးဝင်းက ပျဉ်းမနားသင်္ကြန်နှင့်ပတ်သက်၍ သူ့အမြင်ကို ပြောပြသည်။

"ကျွန်မက တောင်ကြီးကလာတာပါ။ နေပြည်တော်သင်္ကြန်က အတော်စည်ပါတယ်။ ပျော်ဖို့လည်းကောင်းပါတယ်။ ပျော်လည်းပျော်ပါတယ်။ သင်္ကြန်အတွင်း ကားတွေ၊ ဆိုင်ကယ်တွေနဲ့ပတ်သက်လို့တော့ ဒီမှာက လမ်းတွေက ကောင်းလည်း ကောင်းတယ်၊ ကျယ်လည်း ကျယ်တယ်ဆိုတော့ တအားမောင်းကြတယ်။ ကြည့်ရတာ ကြောက်ဖို့ကောင်းတယ်။ ပိုဆိုးတာက ဆိုင်ကယ်တွေပါ၊ ဆိုင်ကယ်တစ်စီးကို သုံးယောက်၊ လေးယောက်၊ အချို့ဆို ငါးယောက်လောက်တောင် စီးကြတာကို တွေ့ရတယ်။ ပြီးတော့ ဆိုင်ကယ်ဦးထုပ်လည်းမပါတာများတယ်။ အဲဒီတော့ အန္တရာယ်များတာပေါ့။ ပျော်တာတော့ ပျော်ပေါ့။ အဲဒီလို အသက်နဲ့တော့ ရင်းပြီးမပျော်သင့်ပါဘူး" ဟု တောင်ကြီးမှ မနန်းခမ်းက အတာသင်္ကြန်ပွဲ ပါဝင်ဆင်နွှဲမှုနှင့်ပတ်သက်၍ ပြောပြသည်။

"ကျွန်မက ပျဉ်းမနားမြို့မဈေးမှာ အသီးမျိုးစုံရောင်းပါတယ်။ သင်္ကြန်အတွင်း ဆိုင်မပိတ်ဘဲ နှစ်တိုင်းရောင်းပါတယ်။ အရောင်းအဝယ်ကတော့ ကောင်းပါတယ်။ ဘယ်လိုလူတွေ အများဆုံးအားပေးကြသလဲဆိုတော့ ဘုရားကျောင်းကန်တွေ၊ တရားစခန်းနဲ့ ရိပ်သာတွေမှာ ကုသိုလ်ယူလှူဒါန်းမယ့်သူတွေနဲ့ သင်္ကြန်လည်တဲ့သူတွေ အများဆုံးဝယ်ကြပါတယ်။ သင်္ကြန်နဲ့ပတ်သက်လို့တော့ သင်္ကြန်မှာ လူကြီးလူငယ်တွေ အခုလို လှည့်လည်ပျော်ရွှင်ကြတာ ကောင်းပါတယ်။ ဒါပေမယ့် စည်းကမ်းတွေကိုလိုက်နာပြီး ပျော်ရွှင်ကြရင် ပိုကောင်းပါလိမ့်မယ်" ဟု မနီနီဝင်းက လူငယ်များ သင်္ကြန်ပါဝင်ဆင်နွှဲမှုနှင့် ပတ်သက်၍ ပြောပြသည်။

(သတင်းစဉ်)

ဇေယျာသီရိမြို့နယ်အတွင်းရှိ တပ်မတော်ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် စည်ကား

နေပြည်တော် ဧပြီ ၁၃

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်အကျနေ့ဖြစ်သော ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက မဟာသင်္ကြန်ရေသဘင်ပွဲအား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရေကစားမဏ္ဍပ်များ၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များ၊ တေးသံရှင်များကလည်း တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည့်အပြင် စတုဒိသာအကျွေးအမွေးဖြင့် လာရောက်ရေကစားကြသူများအား တည်ခင်းဧည့်ခံကျွေးမွေးကြသည်။

ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၊ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးပြီး မဟာသင်္ကြန်ရေသဘင်ပွဲတော်အား ပါဝင်ဆင်နွှဲသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် မဏ္ဍပ်များအလိုက် ကပြဖျော်ဖြေခဲ့သော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်၊ နေပြည်တော် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်များ၌လည်း ရေပက်ခံလာသူများ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကာ စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ရွှေမန်းမြေက အတာရေသဘင်ပွဲ အားပါးတရ ပျော်ရွှင်စွာဆင်နွှဲ

မန္တလေး ဧပြီ ၁၃

၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးအား မြန်မာနိုင်ငံအနှံ့အပြား၌ ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိရာ မန္တလေးမြို့၌လည်း သင်္ကြန်အကျနေ့တွင် ကျုံးပတ်လည်သာမက မြို့လုံးအနှံ့ မန်းသင်္ကြန်ရေသဘင်ပွဲကို အားပါးတရ ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း တွေ့ရှိရသည်။

သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ကျုံးတောင်ဘက်လမ်းရှိ မန္တလေးမြို့တော်သင်္ကြန်မဏ္ဍပ်၊ နန်းမြို့သူသင်္ကြန်မဏ္ဍပ်၊ မြန်မာ့မီးရထားသင်္ကြန်မဏ္ဍပ်၊ အယ်လ်ပိုင်းရေကစားမဏ္ဍပ်၊ ကျုံးအရှေ့ဘက်ရှိ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ၏ သင်္ကြန်မဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်တို့၌ တေးဂီတအဖွဲ့နှင့် ပရိသတ်အကြိုက် သင်္ကြန်တေးများ၊ ခေတ်ပေါ်တေးသီချင်းများကို အဆိုအကများနှင့် တွဲဖက်ဖျော်ဖြေတင်ဆက်ကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက လှည့်လည်အားပေး ကြည့်ရှု၍ ချမ်းမြေ့ပျော်ရွှင်စွာ ရေကစားကြသည်။

နေ့လယ်ပိုင်းတွင် မန္တလေးတောင်ခြေရှိ ကုသိုလ်တော် စန္ဒာမုနိဘုရား၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၊ မယ်ဇယ်ပင်တန်းနှင့် ဦးပိန်တံတားတို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများဖြင့် သွားရောက်နားခိုအပန်းဖြေကြသူများ၊ ရေပက်ခံလာရောက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မန္တလေးမြို့ ၆၂ လမ်း ပါတိတ်တိုင်းပြည်မိသားစု သင်္ကြန်ရေကစားမဏ္ဍပ်သို့သွားရောက်၍ ပျော်ရွှင်စွာ ရေကစားလျက်ရှိသော ပြည်သူများကို သင်္ကြန်ရက်အတွင်း စတုဒိသာ သင်္ကြန်ထမင်းကျွေးမွေးလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။

ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပသည့်အတွက် ဓာတ်ပုံဝါသနာရှင်၊ ပညာရှင်များက စိတ်တိုင်းကျဓာတ်ပုံများ ရိုက်ကူးလျက်ရှိသည်။

ညပိုင်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ လာရောက်ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည့် ခရိုင်ကိုယ်စားပြု သင်္ကြန်အလှပြယာဉ်များအား အကဲဖြတ်အဖွဲ့က စိစစ်လျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌လည်း မြို့တော်စည်ပင်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မန္တလေးသင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များနှင့် သင်္ကြန်ယိမ်းအကအဖွဲ့ဝင်များက အဆို၊ အတီး၊ အကအလှတို့ဖြင့် ဧည့်ခံဖျော်ဖြေလျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်အားပေးကြပြီး သင်္ကြန်မဏ္ဍပ်ရှေ့၌ ရေသဘင်ပွဲကြည့်ရှုသူများ တိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း သိရသည်။

တင်မောင်

မင်းထက်အောင်(မန်းကိုယ်ပွား)

ရဲတပ်ဖွဲ့ဝင်များ လုပ်ဆောင်ချက် ယခင်နှစ်ကထက် ပိုမိုပီပြင်လာ

ရန်ကုန် ဧပြီ ၁၃

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ ပိုမိုအလုပ်လုပ်လာကြပြီး လုံခြုံရေးနှင့် ကူညီရေးဆောင်ရွက်ရာတွင် ယခင်ကထက် တိုးတက်စွာ အလုပ်လုပ်လာကြသည်ကို မြင်တွေ့ရသည်။

"ပျံလွှားလှည့်ကင်းယာဉ်တွေကို သက်ဆိုင်ရာနယ်မြေအလိုက် ကင်းလှည့်စောင့်ရှောက်စေပါတယ်။ စက်ဘီးလှည့်ကင်းတွေကိုလည်း အရင်နှစ်ကထက်ပိုပြီး ထားပါတယ်။ မှုခင်းမဖြစ်ပွားအောင်၊ ခိုက်ရန်မဖြစ်အောင်နဲ့ ယာဉ်မတော်တဆမှုမဖြစ်အောင် ယာဉ်ထိန်းရဲတွေနဲ့ပူးပေါင်းပေးနေသလို မူးယစ်ဆေးသုံးစွဲမှုမရှိဖို့ မူးယစ်တပ်ဖွဲ့စုတွေနဲ့ အချိန်ပြည့်တာဝန်ယူပေးနေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

ယခုနှစ်များအတွင်း မဏ္ဍပ်များလျော့နည်းသွားသော်လည်း ရန်ကုန်တစ်မြို့လုံး၌ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည်ကို သင်္ကြန်ကာလ နှစ်ရက်စလုံးတွင်မြင်တွေ့ရသည်။

"အရင်က တစ်ခုခုဖြစ်လာရင် ရဲခေါ်ဖို့ အလွန်ခက်ပါတယ်။ ရောက်လာရင်လည်း ဖျန်ဖြေမပေးနိုင်အောင်မူးနေတာကို ၂၀၁၁ သင်္ကြန်တုန်းက ကြုံခဲ့ဖူးတယ်။ ဒီနှစ်မှာ ကားပိတ်နေတုန်းဘေးကားနဲ့ငြိတော့ ရန်ဖြစ်မလိုဖြစ်နေတဲ့ချိန်မှာ နှစ်ဖက်စလုံးကိုဖျန်ဖြေပြီး လူစုခွဲပေးတယ်။ သောက်စားထားတာလည်းမရှိသလို အမှုကိုလည်း အကောင်းဆုံးဖြေရှင်းပေးကြတယ်။ ငွေကြေးတောင်းတာလည်းမရှိတော့ ကျေးဇူးတင်မိတယ်" ဟု သင်္ကြန်ရေပက်ခံထွက်သူတစ်ဦးက ပြောသည်။

သင်္ကြန်ရက်များအတွင်း တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုမှ ရေကစားမဏ္ဍပ် ၉၆ ခုတို့တွင်လည်း မူးယစ်ရမ်းကားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်းတို့မရှိစေရေးနှင့် လုံခြုံစိတ်ချစွာ ရေကစားနိုင်ရေးအတွက် အင်အားသုံးဆောင်ရွက်ပေးနေကြောင်း သိရသည်။

"မဏ္ဍပ်အတွက် ငွေကြေးကိုနှစ်တိုင်းနီးပါးပေးခဲ့ဖူးတယ်။ ဒီနှစ်တော့ တောင်းတာမရှိဘူး။ ရဲတပ်ဖွဲ့တွေက လူထုနဲ့နီးစပ်လာတယ်လို့ ပြောရမှာပဲ။ ပြည်လမ်းတစ်လျှောက်မှာလည်း တစ်ခုခုဆို အဆင်သင့်ရှိနေကြတော့ လူရမ်းကားတွေ သိပ်မသောင်းကျန်းရဲဘူး။ ကျွန်တော်တို့ဘေးက မဏ္ဍပ်ပြဿနာဖြစ်ပြီး မစောင့်နိုင်လို့ လက်မှတ်ဝယ်သူတွေလာစောင့်နေတုန်းကလည်း ရဲတပ်ဖွဲ့ဝင်တွေ ဖျန်ဖြေပေးတာတွေ့တယ်။ မနက်ဆိုလည်း ဗုံးရှာတာတွေပုံမှန်လုပ်တယ်" ဟု မဏ္ဍပ်စောင့်ဖြစ်သူ ကိုဝေဖြိုးက ပြောသည်။ ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မဏ္ဍပ်ကြီး ၁၅ ခုသာရှိပြီး မဏ္ဍပ်လတ် ၃၃ ခုနှင့် မဏ္ဍပ်အသေး ၆၈ ခုခန့်ရှိပြီး စည်ကားလျက်ရှိကြောင်း သိရသည်။

သွန်းဝသန်

မဟာသင်္ကြန်အကျနေ့ ဟားခါး၌ အေးချမ်းပျော်ရွှင်စွာ ကျင်းပ

ဟားခါး ဧပြီ ၁၃

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကျနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်ထောင်စုရိပ်သာအနီးရှိ ပြည်နယ်အစိုးရအဖွဲ့ ဗဟိုမဟာသင်္ကြန်မဏ္ဍပ်၌ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကျနေ့တွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ပြည်နယ်ထွေ/အုပ်ယိမ်းအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးယိမ်းအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့ယိမ်းအဖွဲ့၊ ပြည်နယ်သစ်တောယိမ်းအဖွဲ့၊ ပြည်နယ်လွှတ်တော်ယိမ်းအဖွဲ့၊ ပြည်နယ်စက်မှုကြီးကြပ်ယိမ်းအဖွဲ့၊ (စစစ)ယိမ်းအဖွဲ့များနှင့် သင်္ကြန်မောင်မယ်များက ဖျော်ဖြေတင်ဆက်ကပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုတော်ငွေများ ချီးမြှင့်ကြသည်။

ညပိုင်းတွင် ပြိုင်ပွဲဝင်ဌာနဆိုင်ရာယိမ်းအဖွဲ့များဖြစ်သော ပြည်နယ်အခွန်၊ ပြည်နယ်ကျေးလက်၊ စစ်ဗျူဟာ၊ လမ်းဦးစီး၊ ပညာရေး၊ စီမံကိန်းနှင့်ကျန်းမာရေးယိမ်းအဖွဲ့များက ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၁၄)

မယိမ်းမယိုင် တရားရေးမဏ္ဍိုင်

ဦးဟန်ညွှန့်(ဥပဒေ)

"တရားဥပဒေမဏ္ဍိုင် ယိမ်းယိုင်နေပြီ။ ယိမ်းယိုင်ရုံမက လုံးဝပြိုကျပျက်စီးသွားပြီလို့ ဝေဖန်သံတွေကြားနေရတယ်။ တကယ်ပဲလားဆရာ။ ဘယ်လိုရှေ့ဆက်သွားကြမည်လဲ။ ထဲထဲဝင်ဝင် သမာသမတ် အကဲဖြတ်ပေးပါဦး" ဟု အလုပ်သင်ရှေ့နေက ကျွန်တော့် အားမေးသည်။ သူ့မေးခွန်းက လွယ်မယောင်နှင့်ခက်သည်။ တစ်ဖက်ဖက်၊ တစ်ဦးဦး၊ တစ်ဖွဲ့ဖွဲ့ကိုပါ နစ်နာထိခိုက်စရာတွေပါမည်။ ဘာပဲဖြစ်ဖြစ် အမေးရှိက အဖြေရှိရတော့မည်။ ပြစ်တင်ဝေဖန်မှုထက် အပြုသဘော ကြိုးစား၍ ဖြေပါသည်။

တရားရေးမဏ္ဍိုင်

တရားဥပဒေသည် ဖြူစင်သည်။ တရားရေးသည် အေးမြသည်။ တရားရေး မဏ္ဍိုင်သည်ခိုင်သည်။ မာသည်။ မည်မျှဖြူစင်သော်ငြား၊ မည်မျှ အေးမြသော်ငြား၊ မည်မျှ ခိုင်သော်ငြား၊ မည်မျှမာသော်ငြား၊ ယိမ်းသည်။ ယိုင်သည်။ မခိုင်မာ၊ မဖြူစင်၊မအေးမြ ဘဝပြောင်းသွားရသည်။ ဘာကြောင့်နည်း။

တစ်ဦးကောင်း တစ်ယောက်ကောင်းစနစ်မဟုတ်

"တရားရေး"သည် တရားသူကြီးတစ်ဦးတည်း ရုံးထိုင်၍မရ။ ရှေ့နေတစ်ဦးတည်း အမှုစစ်၍မဖြစ်။ ရဲအရာရှိတစ်ယောက်တည်း တရားစွဲတင်၍လည်းမပြည့်စုံ။ သက်သေတစ်ယောက်တည်းထွက်ချက်ပေး၍လည်း မရ။ ဆရာဝန်တစ်ယောက်တည်း ဆေးစာဖတ်၍လည်း လက်မခံ။ တရားလိုတစ်ဦးတည်း တရားစွဲ၍လည်းလုပ်ထုံးမညီ။ တရားခံတစ်ဦးတည်း ထုချေ၍လည်း ခွင့်မပြု။ မင်းချည်းလည်း မပြီး။ ငါချည်းလည်းမရ။ သူချည်းလည်းမစုံ။ "မင်း၊ သူ၊ ငါ"အလုံးစုံပါဝင်မှ တရားရေးမဏ္ဍိုင်ပီသမည်။ ကြည်မြမည်။ သို့ဖြစ်၍ တစ်ဦးတစ်ယောက်ကောင်းစနစ်မဟုတ်သည်ကို အမြဲသတိပြု။

တစ်ယောက်တစ်ပေါက်

"တစ်ယောက်တစ်ပေါက်" ဆိုသော စကားထင်ရှားသည်။ **"သူတစ်လူ ငါတစ်မင်း"** ဆိုသောဆောင်ပုဒ်လည်း ရှိသေးသည်။ **"စုပေါင်းညီညာ အောင်ကြောင်းဖြာ"** ဟူသောစကားဖြင့်သာ အဆုံးသတ်ရတော့မည်။ တည့်သော၊ မတ်သော၊ မယိမ်းသော၊ မယိုင်သောတရားရေးမဏ္ဍိုင်ဟူသည် စုပေါင်း တာဝန်ယူမှ တည့်မည်။ မတ်မည်။ ခိုင်မာမည်။

ဥပဒေနိုင်ငံ

မြန်မာနိုင်ငံသည် "ဥပဒေနိုင်ငံ" ဖြစ်သည်။ ဥပဒေရှိသော နိုင်ငံဖြစ်သည်။ ဥပဒေမဲ့နိုင်ငံမဟုတ်။ ဥပဒေလေးစားသော နိုင်ငံ။ ဥပဒေချစ်သော ပြည်သူအပေါင်းက ဝိုင်းရံထားသော နိုင်ငံ။ ကမ္ဘာ့အလယ်မှာ မျက်နှာမငယ်သောနိုင်ငံ၊ တရားဥပဒေ၊ စည်းကမ်းတွေနှင့်ညီညွတ်သော နိုင်ငံ၊ အဂတိကင်းစင်သော နိုင်ငံ၊ ကိုယ့်ခွန်ကိုယ့်အားနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးမည့်နိုင်ငံ ဤသို့သော ဂုဏ်ထူးဝိသေသများနှင့် ညီညွတ်ပြည့်စုံသည့် မြန်မာနိုင်ငံ၏ တရားရေး မဏ္ဍိုင်တည့်မတ်ဖို့၊ မယိမ်းဖို့၊ မယိုင်ဖို့ ကျွန်ုပ်တို့ ကြိုးစားမည်။ ပြည်သူ ပြည်သားအပေါင်းတို့ ကြိုးစားမည်။ တည်ဆောက်မည်။ ပြန်မတ်မည်။ ပြန်တည့်မည်။ ဆန်းစစ်မည်။ ပြင်ဆင်မည်။ ဝေဖန်မည်။ အဂတိဖယ်ရှားမည်။ ပညာပေးမည်။ အရေးယူရမည်။ ထိထိရောက်ရောက်အရေးယူမည်။ မကောင်းသူပယ်။ ကောင်းသူကယ်ရမည်။ ယိမ်းယိုင်တွေဝေစေသော စနစ်ဟောင်းများ ပယ်ဖျက်ကြရမည်။ မျက်နှာကြီးငယ်မလိုက်၊ တရားဥပဒေ၏ မျက်နှာကိုသာ အလေးမူကြရမည်။ ပြစ်တင်ဝေဖန်သူကိုယ်တိုင် ရိုးသားကြစို့။

ဥပဒေနှင့်အညီ လွှတ်လပ်စွာ

ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပြဋ္ဌာန်းထားသည်။ တရားစီရင်ရေးဆိုင်ရာမူများ ချမှတ်ထားသည်။ မူ (၇)ချက် ရှိသည်။ ပထမဆုံးမူက **ဥပဒေနှင့်အညီလွှတ်လပ်စွာတရားစီရင်ရေး**ဖြစ်သည်။ "လွှတ်လပ်စွာ" ၏ရှေ့မှာ "ဥပဒေနှင့်အညီ"ပါရှိသည်။ **လွှတ်လပ်စွာ** ကို **ဥပဒေနှင့်အညီ** ဟူသော စာသားကထိန်းချုပ်ထားသည်။ သတိပြုစရာ အဓိကအချက်ပါ။

ဘယ်သူဘယ်ဝါ၊ ဘယ်အဖွဲ့အစည်း၏ လက်အောက်တွင်မှ မရှိပါ။ မည်သည့် ပါတီ၏ ဦးဆောင်မှုအောက်တွင်မှမရှိပါ။ မည်သည့်အုပ်ချုပ်ရေး အာဏာပိုင်၏ ကြီးကြပ်မှု အောက်တွင်မှ မရှိပါ။ တိတိကျကျအလုပ်လုပ်၊ မလုပ်ကိုသာ လက်တွေ့ကျမည်။

လာဘ်ပေးလာဘ်ယူ

လာဘ်ပေးလာဘ်ယူမှုတွေကြောင့်တရားရေးမဏ္ဍိုင်ယိမ်းယိုင်ရသည်။ တရားလို၊ တရားခံ၊ ဘက်နှစ်ဖက်ရှိသော အမှုတိုင်းတွင် တရားလိုက အမှုနိုင်ချင်သည်။ တရားခံက အမှုမရှုံးချင်။ **"နိုင်ချင်သူ"** နှင့် **"မရှုံးချင်သူ"** နှစ်ဦးတွေ့ကြသည်။ "နိုင်ချင်သူ" က အမှုမနိုင် နိုင်အောင်လုပ်သည်။ "မရှုံးချင်သူ"က မရှုံးအောင် အစွမ်းကုန်ကြိုးစားသည်။ ထိုအခါ လာဘ်ပေးလာဘ်ယူ ပြဿနာပေါ်သည်။ အဂတိလေးပါးကင်း၊ မကင်း စာရင်းရှင်းကြရပြီ။ အဂတိ မကင်းသော တရားသူကြီးနှင့်တွေ့သည့်အခါ တရားရေးမဏ္ဍိုင်ယိုင်ချေပြီ။ တရားသူကြီး တိုင်းသည် တရားသမားမဟုတ်။ ယိမ်းသူပါမည်။ ယိုင်သူပါမည်။ ထိုအခါ----။

"နိုင်ချင်သူ"နှင့်"မရှုံးချင်သူ" နှစ်ဦးတွေ့ကြသည်။ "နိုင်ချင်သူ" က အမှုမနိုင် နိုင်အောင်လုပ်သည်။

"မရှုံးချင်သူ"က မရှုံးအောင် အစွမ်းကုန်ကြိုးစားသည်။ ထိုအခါ လာဘ်ပေး လာဘ်ယူ ပြဿနာပေါ်သည်။

အကြောင်းပြချက်အမျိုးမျိုး

(၁) အာဏာပိုင်က ဖိအားပေး၍
(၂) မကင်းရာမကင်းကြောင်း(ဆွေမျိုး) ဖြစ်၍
(၃) သူ့ကြောင့်၊ ငါ့ကြောင့်၊ ဟိုအကြောင်း၊ ဒီအကြောင်း သောင်းပြောင်း ပြဿနာရှိ၍ အမျိုးမျိုးအကြောင်းပြလေသည်။ တရားဥပဒေက မည်သို့ဆိုစေ၊ ဥပဒေနှင့်ဆန့်ကျင်၍အမိန့်ချသည်။ တရားသူကြီးမပီသသော တရားသူကြီး။ တရားဥပဒေကို ဖောက်ဖျက်သော တရားသူကြီး။ အများပြည်သူက အယုံအကြည်မရှိသော တရားသူကြီး။ မဖြစ်အပ်။ မဖြစ်ထိုက်။ ပြည်သူ့အသံ နာခံအပ်သည်။ ဖုံးကွယ်၍မရပြီ။

ဥပဒေအင်္ဂါရပ်

ဥပဒေအင်္ဂါရပ် စုံလင်ခြင်း၊ ဖြစ်ရပ်အမှန်တင်ပြခြင်း၊ စစ်မေးခြင်း၊ အမှန်တရားပေါ်လွင်ခြင်း၊ အမှုစစ်ဆေးပုံမှန်ကန်ခြင်း၊ သက်သေထင်ရှားပေါ်လွင်စေခြင်းတို့သည် တရားသူကြီးများ၏ ဂုဏ်အင်္ဂါများဖြစ်သည်။ ပြည်သူ စောင့်ကြည့်နေသည်။

ဥပဒေကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ စကားပြေအရ အများနားလည် လက်ခံ၍ သဘာဝကျသော အဓိပ္ပာယ်ကို ကောက်ယူခြင်းက ပို၍ မှန်ကန်တတ်သည်။ ယင်းသို့ အဓိပ္ပာယ်ဖွင့်ဆိုမှသာလျှင် ဥပဒေကိုပြည်သူအများနားလည် လက်ခံမည်။ လိုက်နာ လေးစားကြမည်။ ဥပဒေနှင့်ပြည်သူရင်းနှီးကာ ဥပဒေများ သက်ဝင်လှုပ်ရှားမည်။ တရားသူကြီးများသည် အခြားနိုင်ငံမှ စီရင်ထုံးများကို လေ့လာကောင်းပါ၏။ သို့ရာတွင်မိမိတို့ရှေ့သို့ရောက်လာသောမှုခင်းများကို စစ်ဆေးစီရင်ရာတွင် မှုခင်းဖြစ်ပျက်ကာလ၊ ဒေသအခြေအနေ၊ ပတ်ဝန်းကျင်၊ လူနေမှု၊ ဓလေ့ထုံးတမ်း စသည်တို့ကို စစ်ဆေးဆင်ခြင်ကာ ဥပဒေဘောင်အတွင်းက မှန်ကန်မျှတ၍အများနားလည်သဘာဝကျသော တရားကို စီရင်အပ်ပေသည်။ အခြားနိုင်ငံများမှ စီရင်ထုံးများကိုရှေ့ထားကိုးကားလျှင် တရား စီရင်ရေးသည် မြန်မာပီသမည်မဟုတ်။ မြန်မာ့အခြေအနေနှင့်ကင်း၍ ပြည်သူနှင့် ဝေးဖွယ်ရာသာရှိသည်။ ပြည်သူအများက နားလည်လက်ခံခြင်းသည် တရားစီရင်ရေး၏ အဓိကမှတ်ကျောက်ဖြစ်သည်။ အဓိကတန်ခိုး အာနိသင်ဖြစ်သည်။

စကားလုံးအဖြစ်သာ တည်နေရန် မဟုတ်

တရားဥပဒေသည် စာအုပ်ကြီးများ၊ စီရင်ထုံးများတွင် စကားလုံး အဖြစ်သာလျှင် တည်နေရန်မဟုတ်။ အမြဲသက်ဝင်လှုပ်ရှား၍ ထာဝစဉ် ပြောင်းလဲနေသော လူ့အဆောက်အအုံ၊ လူရေးလူမှုတို့တွင် ထိရောက်စွာ ပါဝင်၍ အကျိုးပြုရမည်။ ထို့ကြောင့် တရားဥပဒေဟူသည် တစ်ဖက်တွင် ဥပဒေဘောင်ကို ဖောက်ကျော်ခြင်းမပြု။ ထုံးတမ်းလည်း ညီညွတ်စေ၍၊ တစ်ဖက်တွင်လည်း ပြောင်းလဲတိုးတက်မှုတွင် အင်အားသစ်ဖြင့် တက်ကြွစွာ သက်ဝင်လှုပ်ရှားနိုင်ရမည်။ လူ့အဆောက်အအုံတိုးတက်မှု၊ လူမှုရေးတို့နှင့် အထိုက်အညီ ပြဋ္ဌာန်းထားသော ဘောင်အတွင်းမှ မှန်ကန်မျှတစွာ ဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုအပ်သည်။ တရားမျှတမှန်ကန်ခြင်းဆိုသည်ကို ပြည်သူတို့က နားလည်လက်ခံခြင်းဖြင့် မှတ်ကျောက်တင်အပ်သည်။

(ဦးထွန်းအောင်သာ နှင့် နိုင်ငံတော်၊ ၁၉၆၉၊ မတစ၊ စာ- ၅၈)

မျက်နှာချင်းဆိုင်ဖြေရှင်းခြင်း

တရားရေးမဏ္ဍိုင်၏ ယိမ်းယိုင်မှုအကြောင်းရင်းများ များစွာရှိသည်။ ကိုယ်တိုင်ကြုံသူများ ပို၍သိ၊ ပို၍နားလည်သည်။ တရားသူကြီးများ၊ ရှေ့နေများ၊ အကျဉ်းဦးစီးဌာန အရာရှိများ၊ ရဲအရာရှိများ၊ တာဝန်ရှိသူများမျက်နှာစုံညီ၊ မျက်နှာချင်းဆိုင်ဖြေရှင်းသင့်ကြသည်။ အထူးသဖြင့် ရှေ့နေရှေ့ရပ်များအား တင်ပြခွင့်၊ ပြောဆိုခွင့်ပြုသင့်သည်။ အမှုသည်များ၊ အကျဉ်းသားများ၏ကိုယ်စား ပွင့်လင်းမြင်သာ တင်ပြခွင့်၊ ရဲရဲဝံ့ဝံ့လျှောက်လဲခွင့်ပြုသင့်သည်။ ရှေ့ဆက်ရမည့်ခရီးရှည်ကြီးပါ။

ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီးနပိုလီယံက လျှာဖြတ်ပစ်မည်တဲ့။

"ရှေ့နေရှေ့ရပ်များသည် အပြစ်မဲ့သူတို့၏ ခံတပ်ကြီးဖြစ်သည်။ ရာဇဝတ်ကောင်များအတွက်မူ ကြာပွတ်ဖြစ်ပေလိမ့်မည်"ဟု ကမ္ဘာ့ဒဿနိကပညာရှင်ကြီးတစ်ဦးက အဓိပ္ပာယ်ဖွင့်ကြောင်း စာရေးသူဖတ်ဖူး၊ မှတ်ဖူးသည်။ မှန်ကန်သော၊ မျှတသော အဆိုအမိန့်တစ်ရပ်ဖြစ်ပါပေသည်။ သင်ခန်းစာယူထိုက်ပါ၏။

ရှေ့နေ့ရှေ့ရပ်များက မှန်တာတွေပြောလွန်းသောကြောင့် [အစိုးရများ၏ မတရားလုပ်ဆောင်ချက်များကို ထောက်ပြလွန်းသောကြောင့်] **"မိမိအစိုးရအား ဆန့်ကျင်စကားပြောသည့် ရှေ့နေမှန်သမျှ၏ လျှာကို ဖြတ်ပစ်ရမည်"** ဟု ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီး နပိုလီယံက ခြိမ်းခြောက်စကားဆိုခဲ့ဖူးပေသည်။ ပြင်သစ်ပြည်က ရှေ့နေများကို ပြောသည့် စကားပါ။

(တရားရုံးများ ညွှန်ကြားလွှာလက်စွဲ-၁၉၇၀၊ စာ-၁၈၄)

မှန်ကန်သော သစ္စာတရားမယိမ်းမယိုင်

မှန်ကန်သော သစ္စာတရားကို စောင့်ထိန်းကြကုန်သော တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များသည် မည်သည့် ခြိမ်းခြောက်မှုများကိုမှ မကြောက်ရွံ့ကြဘဲ၊ ပြည်သူအပေါင်း ကြည်ညိုလေးစားအပ်သော တရားရေးမဏ္ဍိုင်ကို မယိမ်းမယိုင် တည့်မတ်နိုင်ကြပါစေကြောင်း. . .။

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟိုသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

ရန်ကုန် အနောက်ပိုင်းခရိုင် မြန်မာ့ရိုးရာဗဟိုရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၉ နာရီက လှိုင်မြို့နယ် အင်းစိန်လမ်းမပေါ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၊ အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွဋ်၊ မြို့နယ် ဖွံ့/ထောက်ဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဂီတ၊ သဘင်ပညာရှင်များက သင်္ကြန်သီချင်းများ သီဆိုကြပြီး ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေကြသည်။ **(ယာပုံ)**

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ထင်ပေါ်ဝင်း(ကမာရွတ်)

ဓမ္မသဟာယသာသနစင်တာ၌ ပါမောက္ခချုပ်ဆရာတော်ကြီးမှ သီလများပေးအပ်

ပြင်ဦးလွင် ဧပြီ ၁၃
ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာရွာ ဓမ္မသဟာယသာသနစင်တာ၌ သင်္ကြန်ရက်များအတွင်း တရားနာပရိသတ်များနှင့် ဥပုသ်သီလဆောက်တည်ကြသူ သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများအတွက် ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသနှင့် ဆရာတော်ကြီးများမှ သီလပေးတရားများ ဟောကြားပေးလျက်ရှိသည်။

“အလွန်အေးချမ်းဆိတ်ငြိမ်တဲ့နေရာဖြစ်သလို ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ သင်္ကြန်တရားတော်တွေကိုနာယူခွင့်ရမှာမို့ ဝမ်းမြောက်မိတယ်”ဟု တရားနာယူခွင့်ရသည့် ဆရာလေးတစ်ပါးက ပြောသည်။

သင်္ကြန်အကြိုနေ့ နံနက်ကလည်း ပါမောက္ခချုပ် ဆရာတော်ကြီးက သင်္ကြန်တရားတော်မြတ်ကို ဟောကြားပေးခဲ့သည်။ နှစ်သစ်ကူးအထူးဓမ္မသဘင်အဖြစ် ဓမ္မရတိမဟာဓမ္မသဘာဓမ္မာရုံ၊ ဓမ္မသဟာယသာသနစင်တာတွင် ဧပြီ ၁၂ ရက်ညမှ နှစ်ဆန်း ၁ ရက်နေ့အထိ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသက တရားရေအေးများ တိုက်ကျွေးမည်ဖြစ်သည်။

မေဦးမိုး

ဆင်သေချောင်းကူး တံတား၏မြောက်ဘက် သံကူကွန်ကရစ် သံပြားပျက်စီးနေ

တပ်ကုန်း ဧပြီ ၁၃
တပ်ကုန်းမြို့နှင့်ပုပ္ဗသီရိမြို့ဆက်သွယ်ထားသော ဆင်သေချောင်းကူးတံတားကြီး၏မြောက်ဘက်တံတားနှင့် သံကူကွန်ကရစ်လမ်းအဆက်တွင် တံတားအခင်းထိပ် သံပြားအပိတ်နှင့် လမ်းအခင်းထိပ် သံပြားအပိတ်နှစ်ခုအနက်မှ လမ်းအခင်းထိပ်ဘက်ရှိ သံပြားပိတ်ပျက်စီးနေကြောင်း သိရသည်။

“ဒီကြားခံပစ္စည်းပိတ်ကို သက်ဆိုင်ရာလမ်းတာဝန်ရှိသူများ အမြန်ဆုံးပြန်လည်ပြုပြင်ပေးစေချင်ပါတယ်။ မော်တော်ယာဉ်၊ သုံးဘီးဆိုင်ကယ်နှင့်ဆိုင်ကယ်များ နေ့စဉ်အဆက်မပြတ်သွားလာလျက်ရှိပါတယ်။ ယာဉ်များသွားလာမှုဖြင့် တစ်စတစ်စနဲ့သံကူကွန်ကရစ်သရိုးတွေ ကြွေပဲ့ပြီး သံကူကွန်ကရစ်လမ်းပျက်စီးသွားမှာကို စိုးရိမ်ရပါတယ်”ဟု ယင်းလမ်းပေါ်ဖြတ်သန်းသွားလာသည့် ခရီးသွားပြည်သူတစ်ဦးက ပြောပြသည်။

တင်စိုးလွင်

မုံရွာသင်္ကြန် လွတ်လပ်ပွင့်လင်းအပြုသဘောဝေဖန်သည့်သံချပ်များဖြင့် ယှဉ်ပြိုင်

မုံရွာ ဧပြီ ၁၃
စစ်ကိုင်းတိုင်းဒေသကြီး အစိုးရနှင့် သင်္ကြန်ချစ်မြတ်နိုးသူများစုပေါင်း၍ ဧပြီ ၁၂ ရက် ညနေပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများတက်ရောက်သည်။

မုံရွာသင်္ကြန်ဖွင့်ပွဲတွင် မုံရွာမြို့ပေါ်ရှိ အကမဏ္ဍပ်ရှစ်ခုနှင့်အတူ အလှပြသင်္ကြန်ယာဉ် ကိုးစီးတို့သည် သင်္ကြန်ချစ်သူများဖြင့် ပျော်ရွှင်စွာ စတင်ဆင်နွှဲကြပြီး သင်္ကြန်အကြိုနံနက်ပိုင်းမှစတင်၍ရေပက်ကစားနေကြပြီဖြစ်သလို ကောင်းမှုကုသိုလ်များလည်း မြို့၏နေရာအနှံ့တွင် ပြုလုပ်နေပြီဖြစ်ကြောင်းတွေ့ရသည်။ သင်္ကြန်ပွဲဆင်နွှဲရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကိုအခြေပြု၍ လွတ်လပ်ပွင့်လင်း၍ အပြုသဘောဆောင်သောထောက်ပြဝေဖန်မှုများဖြင့် တန်ဆာဆင်ထားသော သံချပ်များကိုခွင့်ပြုယှဉ်ပြိုင်စေရာ ယှဉ်ပြိုင်ကြည့်ရှုအားပေးသူများ အပြင် အကဲဖြတ်ဒိုင်များအနေဖြင့် များစွာအားရလွတ်လပ်သော သင်္ကြန်ကိုဆင်နွှဲခွင့်ရရှိနေကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

တောင်ကြီး

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၂ ရက်က တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အမှာစကားပြောကြားပြီး သင်္ကြန်ပွဲတော်အဖွင့်တွင် မန်းတောင်ရိပ်ခို(မြနန္ဒာ) တေးသီချင်းနှင့်ယိမ်းအဖွဲ့များအားလုံး အဖွဲ့လိုက်တူညီကကွက်များဖြင့် ပါဝင်ကပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဧည့်သည်တော်များက ယိမ်းအဖွဲ့များအား အတာရေပက်ဖျန်းပေးကြသည်။

မောင်မောင်သန်း(တောင်ကြီး)

ဘားအံ

မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့) ညနေက ကရင်ပြည်နယ် ဘားအံမြို့တွင် ပျော်ရွှင်စည်ကားစွာ ကျင်းပသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယိမ်းအဖွဲ့များက ရွှေမန်းမာလာတေးသီချင်းဖြင့် စုပေါင်းသီဆိုကပြဖျော်ဖြေကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ရေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေက ရေးမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က မြန်မာ့နှစ်သစ်ကူးကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ညွန့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးရဲညွန့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ယိမ်းလှပျိုဖြူယိမ်းများက သင်္ကြန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

လားရှိုး

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၄ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမရှေ့ရှိ ရေသဘင်မဏ္ဍပ်တွင် ကျင်းပသည်။

ရှေးဦးစွာ လားရှိုးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကံမြိုင်က နှစ်သစ်အကြိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တွဲဖက်ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ပြီး ယိမ်းအဖွဲ့များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တို့က “လားရှိုးမြို့ရဲ့ မဟာသင်္ကြန်” သီချင်းဖြင့် သံပြိုင်သီဆို ကပြဖျော်ဖြေကြသည်။

ဟန်ဒွေး(လားရှိုး)

ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်များ လူငယ်ရေကစားသူများဖြင့် စည်ကား

ရန်ကုန် ဧပြီ ၁၃
ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနကကြီးမှူးပြီး ရခိုင်လူမှုရေးအသင်းအဖွဲ့များ စုပေါင်းကျင်းပသော (၁၃)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် (ရန်ကုန်)ကို ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းအတွင်း၌ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဦးဇော်အေးမောင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါဖွင့်ပွဲမတိုင်မီ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီးတို့က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရခိုင်ဓမ္မာရုံ၌ကျင်းပသော ဘုရားရေသပ္ပာယ်ပွဲအခမ်းအနားသို့ တက်ရောက်ကာဘုရားများအား ရေသပ္ပာယ်ပူဇော်ခဲ့ကြောင်း သိရသည်။

ရခိုင်ရိုးရာသင်္ကြန်သည် နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် ရိုးရာသင်္ကြန်ပွဲတို့ ဆက်စပ်လျက်ရှိသည်။

“ကျွန်မတို့ ရခိုင်ရိုးရာသင်္ကြန်ကို အဆင့်သုံးဆင့်နဲ့ ကျင်းပပါတယ်။ နံ့သာသွေးပွဲ၊ ဘုရားရေချိုးပွဲ (ရေသပ္ပာယ်ပွဲ)နဲ့ သင်္ကြန်ရေလောင်းပွဲတို့ဖြစ်ပါတယ်။ နံ့သာသွေးပွဲကို အကြိုရက်မတိုင်မီကျင်းပပါတယ်။ အကြိုနေ့မှာရရှိလာတဲ့ နံ့သာရည်တွေနဲ့ ဘုရားကိုရေသပ္ပာယ်ပါတယ်။ ကျန်တဲ့နံ့သာရည်တွေကို လောင်းလှေကြီးထဲမှာထည့်ပြီး တစ်ဦးနှင့်တစ်ဦး လောင်းကြပါတယ်” ဟု ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှ ဒေါ်စောခင်တင်က ရှင်းပြသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော ရခိုင် ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါသင်္ကြန်ပွဲတော်တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် လူမှုရေးအသင်းအဖွဲ့ ကိုယ်စားပြုမဏ္ဍပ်ပေါင်း ၁၅ ခုဖွင့်လှစ်ထားပြီး ရခိုင်လူမျိုးများ အပါအဝင် ရခိုင်သင်္ကြန်ကို ချစ်မြတ်နိုးသူလူငယ်လူရွယ်များ တပျော်တပါးရေ လောင်းကစားကြသည်။ ရခိုင်ပြည်နယ်အတွင်းရှိ မြေပုံ၊ ရမ်းဗြဲ၊ မင်းပြား၊ စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မာန်အောင်နှင့် ကျောက်တော်မြို့နယ် ကိုယ်စားပြုမဏ္ဍပ်များအပြင် ရခိုင်လူမှုရေးအသင်းအဖွဲ့များမှ မဏ္ဍပ်များဖွင့်လှစ်ကာလူငယ်များ ရခိုင်ရိုးရာအရ လောင်းလှေအသုံးပြု၍ တစ်ဦးနှင့်တစ်ဦးပျော်ရွှင်စွာ ရေပက်ကစားကြကြောင်းသိရသည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်၌ နိုင်ငံခြားသားခရီးသွားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

သတင်း- မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ

ရန်ကုန် ဧပြီ ၁၃

မြန်မာနိုင်ငံ၏ နှစ်သစ်ကူးအခါသမယဖြစ်သည့် အတာသင်္ကြန် ရေသဘင်ပွဲတွင် ဝင်ရောက်ရေကစားရသည်မှာ အလွန်နှစ်သက်ပျော်ရွှင်ကြောင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ဂျာမနီနိုင်ငံသား မစ္စတာဂျွန်တန်ဟင်နရီက ပြောသည်။

"မြန်မာ့ရိုးရာအတာသင်္ကြန်က အခြားနိုင်ငံရိုးရာပွဲတွေနဲ့ မတူပါဘူး။ ပျော်ဖို့အလွန်ကောင်းပါတယ်။ အရင်တစ်နှစ်ကလည်း ရောက်ဖူးတယ်။ အဲဒီတုန်းက သူငယ်ချင်းခေါ်လို့လိုက်လာဖြစ်တာ။ အဲဒီကတည်းက မြန်မာ့ရိုးရာသင်္ကြန်ကို စိတ်ဝင်စားခဲ့တာ။ နောက်တစ်ခါ ပြန်လာဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ခုမှပဲ နောက်တစ်ခေါက် လာပျော်ဖြစ်တော့တယ်။ ဒီကြားထဲ ထိုင်းနိုင်ငံသင်္ကြန်ကို တစ်နှစ်သွားလည်ဖြစ်လိုက်သေးတယ်။ ရေပက်တာချင်းတော့တူတယ်။ ဒါပေမယ့် ကျန်တာတွေအားလုံး ကွာတယ်။ မြန်မာတွေက ရိုးသားပြီးတော့ ခင်ဖို့ကောင်းပါတယ်"ဟု မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်သို့ ဒုတိယအကြိမ် လာရောက်လည်ပတ်သည့် ဂျာမနီနိုင်ငံသား ဂျွန်တန်က မြန်မာ့အလင်းသို့ ပြောသည်။

မြန်မာနိုင်ငံ၏ ရိုးရာအတာသင်္ကြန်ကို ယခု ဒုတိယအကြိမ် လာရောက်လည်ပတ်ရေဆော့ကစားသော ဂျာမနီနိုင်ငံသား ဂျွန်တန်သည် မြန်မာနိုင်ငံအတာသင်္ကြန်သို့ ၂၀၁၂ ခုနှစ်က သူငယ်ချင်းအလုပ်ကိစ္စတစ်ခုနှင့် လာရောက်လည်ပတ်ရင်း နှစ်သစ်ကူးအတာသင်္ကြန်နှင့် ပထမအကြိမ် ကြုံခဲ့ဖူးသူဖြစ်သည်။ ၎င်းသည် ပထမတစ်ကြိမ်ကတည်းက မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ကို လွန်စွာ စိတ်ဝင်စားနှစ်သက်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ဒုတိယအကြိမ် လာရောက်လည်ပတ်ရန် စိတ်ဆန္ဒရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် မအောင်မြင်ခဲ့ကြောင်း၊ ယခုနှစ်မှ အောင်မြင်ခဲ့၍ ဒုတိယအကြိမ် ရောက်လာခြင်းဖြစ်ကြောင်း၊ လာရကျိုးနပ်ကြောင်း၊ ယခုရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်မှာ ပျော်ရွှင်စွာရေဆော့ကစားရတာ ကျေနပ်မှုရှိကြောင်းနှင့် မြန်မာတို့၏ ရိုးသားခင်မင်မှုတို့ကို သဘောကျကြောင်း ၎င်းက ပြောသည်။

မြန်မာ့ရိုးရာအတာသင်္ကြန် ရန်ကုန်ဗဟိုမဏ္ဍပ်သို့ လာရောက်ရေကစားသည့် နိုင်ငံခြားသားအချို့ကို တွေ့ရစဉ်

"ဒီနှစ် ရန်ကုန်သင်္ကြန်က သိပ်ပြီးတော့ အရင်နှစ်တွေကလောက် မဟုတ်ဘူး။ မဏ္ဍပ်လည်း တော်တော်လေးကို နည်းသွားတယ်။ အဲဒါက အဓိကအကြောင်းရင်းလို့ ထင်တယ်။ အရင်နှစ်တွေကဆို ကန်တော်ကြီးပတ်လမ်းတို့ အင်းလျားလမ်းတို့မှာ တိုးမပေါက်ဘူး။ တော်တော်လေးကိုစည်ကားတာ။ ဒါပေမယ့် ဒီနှစ် ပြည်လမ်းမှာတော့ နည်းနည်းစည်တယ်ပြောကြတယ်။ ရန်ကုန်မြို့တွင်းမှာဆိုရင်တော့ ဒီဗဟိုမဏ္ဍပ်က အစည်ကားဆုံးပဲလို့ ပြောရမယ်။ သင်္ကြန်လည်ပတ်တဲ့ကားတွေလည်း မရှိကို မရှိသလောက်ပဲ။ ဒါပေမယ့် နိုင်ငံခြားသားတွေတော့ အရင်နှစ်တွေကထက် ပိုများလာသလိုပဲ။ တချို့ဆို အုပ်စုလိုက်ပဲ။ မြန်မာတွေနဲ့တောင် တွဲကနေကြသေးတယ်"ဟု လသာမြို့နယ်မှ ကိုထက်မြင့်စံက ယခုနှစ်ရိုးရာသင်္ကြန်နှင့် ပတ်သက်၍သူ၏ အမြင်ကို ပြောသည်။

ယခုနှစ် မြန်မာနိုင်ငံ၏ နှစ်သစ်ကူးရိုးရာ အတာသင်္ကြန်သို့ လာရောက်လည်ပတ်ရေဆော့ကစားသည့် ပြည်ပနိုင်ငံသားအများစုအား သတင်းသမားတစ်ဦးအနေဖြင့် လိုက်လံမေးမြန်းကြည့်ရာ ဂျာမနီ၊ စပိန်၊ ဩစတြေးလျ၊ နော်ဝေ၊ အင်္ဂလန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှ လာရောက်လည်ပတ် ရေဆော့ကစားခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေတာရှည်မြို့ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်ဖွင့်

ရေတာရှည် ဧပြီ ၁၃

မဟာသင်္ကြန်အကြိုနေ့ဖြစ်သော ဧပြီ ၁၂ ရက် ည ၇ နာရီ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ရေတာရှည်မြို့ရှိ ဧည့်ခံဖျော်ဖြေရေး ဗဟိုမဏ္ဍပ်သို့ ရောက်ရှိလာကာ ဧည့်ပရိသတ်များအား နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်္ကြန်မဏ္ဍပ်အား ဖွင့်လှစ်ပေးပြီး သပြေခက်များဖြင့် ရေပက်လောင်း၍ တက်ရောက်လာသူများကို ရင်းနှီးစွာနှုတ်ဆက်ခဲ့သည်။ ဆက်လက်၍ ရေတာရှည်မြို့လယ် ရန်ကုန်-မန္တလေးကားလမ်းနံဘေးရှိ ရေကစားမဏ္ဍပ်သို့ရောက်ရှိပြီး ဧည့်ပရိသတ်များအား နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး သပြေခက်ဖြင့် အမွှေးနံ့သာများပက်ဖျန်းကာ ရေကစားခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

သင်္ကြန်အကြိုနေ့မှ အကျနေ့နံနက်အထိ မန္တလေးဆေးရုံသို့ လူနာ ၁၇၁ ဦးရောက်ရှိ

မန္တလေး ဧပြီ ၁၃

ယခုနှစ် သင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသည့် လူနာများတွင် ဧပြီ ၁၂ ရက် နံနက် ၈ နာရီမှ ၁၃ ရက် နံနက် ၈ နာရီထိ စာရင်းများအရ ၁၇၁ ဦး ရှိပြီး သေဆုံးသူ လေးဦးရှိကြောင်း မန္တလေးအထွေထွေရောဂါကု ဆေးရုံ ဆေးလုပ်ဆက်ဆံရေး ဦးမင်းလွင်က ပြောသည်။

"ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကုသရေးဦးစီးဌာနကို လူနာစာရင်းတွေ နေ့စဉ်ပို့ရပါတယ်။ သင်္ကြန်ရက်ဆိုတော့ ယာဉ်မတော်တဆမှု လူနာတွေများလာတယ်။ ပုံမှန်လူနာတွေကတော့ အမြဲရှိနေတာပါ။ အကျနေ့ နံနက် ၈ နာရီထိတော့ Heat stroke နဲ့ သေတာတော့မရှိသေးဘူး"ဟု ၎င်းက ပြောသည်။

ယခုနှစ် သင်္ကြန်အကြို ဧပြီ ၁၂ ရက်မှ ၁၃ ရက် နံနက်အထိ ဆေးရုံသို့ ရောက်ရှိလာသူ ၁၇၁ ဦးတွင် အတွင်းလူနာ ၄၄ ဦး၊ ပြင်ပလူနာ ၁၂၃ ဦး၊ သေဆုံးသူ အမျိုးသားလေးဦး စုစုပေါင်း ၁၇၁ ဦးရှိခဲ့ပြီး ဆေးရုံကြီးသို့ သယ်ဆောင်လာစဉ် လမ်းခရီး၌ သေဆုံးသူ သုံးဦးရှိခဲ့ရာ စုစုပေါင်း သေဆုံးသူ ခုနစ်ဦးဖြစ်ကြောင်း ဆေးလုပ်ဌာန သတင်းများအရသိရပြီး ရာခိုင်နှုန်းတွက်ချက်လျှင် ယာဉ်မတော်တဆမှု ၅၀ ရာခိုင်နှုန်း၊ ခိုက်ရန်ဖြစ်ပွားမှု ၂၅ ရာခိုင်နှုန်းနှင့် အခြားထိခိုက်မှုက ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

"သုံးဦးက ဆေးရုံကို သယ်လာကတည်းက ဆုံးနေပြီ။ လူမှုကူညီရေးအသင်းတွေကလည်း တစ်နေကုန်ကူညီပေးနေတယ်။ အွန်လိုင်းမှာ တက်နေတဲ့ ၂၅၂ ဦးမဟုတ်ဘဲ ၁၇၁ ဦးပဲရှိတယ်။ တခြားလူနာတွေနဲ့ လိုက်ပါလာသူ ရောနှောသွားလို့ စာရင်းပိုတာ ဖြစ်နိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးဆေးရုံ အရေးပေါ်ကုသဆောင်တွင် ချမ်းမြသုခ၊မဏိစလစသည့် မန္တလေးမြို့ရှိ လူမှုကူညီရေးအသင်းများက လူနာများကို ဆေးရုံသို့ သယ်ယူပေးခြင်း၊ ရှေးဦးသူနာပြုစုပေးခြင်းနှင့် ဆေးရုံအတွင်း လူနာခုတင်များသို့ ပို့ဆောင်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို လူအား၊ ငွေအားဖြင့် ကူညီပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့က အကြိုနေ့က စပြီး လူမှုကူညီရေး ပရဟိတစိတ်နဲ့ ၂၄ နာရီ လာရောက်ကူညီပေးနေတာပါ။ လူငယ်တွေဆိုတော့ သင်္ကြန်မှာ ပျော်ချင်ပေမယ့် လူမှုဒုက္ခတွေ ကူညီရလို့ ဝမ်းသာဂုဏ်ယူတယ်"ဟု ချမ်းမြသုခလူမှုကူညီရေးအသင်းဝင်တစ်ဦးက ပြောသည်။

၂၀၁၅ ခုနှစ်တွင် မန္တလေး အထွေထွေရောဂါကု ဆေးရုံသို့ ရောက်ရှိလာသည့် လူနာစာရင်းများအရ သင်္ကြန်အကြိုနေ့ (ဧပြီ ၁၃ ရက်)က အတွင်းလူနာ ၆၁ ဦး၊ ပြင်ပလူနာ ၈၉ ဦး စုစုပေါင်း ၁၅၀တွင် သေဆုံးသူတစ်ဦးဖြစ်ကြောင်း၊ သင်္ကြန်အကျနေ့(ဧပြီ ၁၄ ရက်)က အတွင်းလူနာ ၉၀၊ ပြင်ပလူနာ ၁၅၇ ဦး စုစုပေါင်း ၂၄၇ ဦးတွင် သေဆုံးသူ ခုနစ်ဦးရှိခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ရေသဘင်ပွဲတော်အား ဧပြီ ၁၃ ရက်(သင်္ကြန်အကျနေ့) ညနေပိုင်းက တာချီလိတ်မြို့ရှိ အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ်၌ကျင်းပရာ နှစ်နိုင်ငံပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစားကြစဉ်

မောင်ယဉ်ကျေး

သီပေါသင်္ကြန်ပွဲအန္တရာယ်ကင်းရေး စည်းကမ်းချက်များ ထုတ်ပြန်ထား

သီပေါ ဧပြီ ၁၃

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလများအတွင်း ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ စည်းကမ်းတကျအန္တရာယ်ကင်းရှင်းပျော်ရွှင်စွာ ရေပက်ကစားနိုင်ရေးအတွက် ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ထုတ်ပြန်ချက်များမှာ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရေပက်ကစားကြရန်။ ရေပူဖောင်း၊ ရေခဲထုပ်၊ ဆပ်ပြာရည်စသော ညစ်ညမ်းသောရေများ၊ ဂက်စ်ဘူးများဖြင့် ရေပက်ကစားခြင်းမပြုရ။ ခိုက်ရန်ဖြစ်ပွားခြင်းမပြုရ။ ရေသဘင်မဏ္ဍပ်များနှင့် ကိုက် ၁၀၀ အတွင်း အရက်သေစာရောင်းချခြင်း မပြုရ။ အချင်းချင်း အနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရ။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြောဆိုမှုများမပြုလုပ်ရ။ လေဖိအားသုံးပြီး မီးသတ်ပိုက်ကြီးများဖြင့် ရေပက်ခြင်း မပြုလုပ်ရ။ နိုင်ငံတော်အား ထိခိုက်စေသော အပြုအမူ၊ အပြောအဆို၊ သီချင်းတီးမှုတ်ကခုန်ဆင်ယင်ပြသမှု တစ်စုံတစ်ရာကိုမျှ မပြုလုပ်ရ စသည်တို့ဖြစ်သည်။

အဆိုပါသတ်မှတ်ချက်အား ဖောက်ဖျက်သူမည်သူမဆို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၈၈)နှင့် အခြားတည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း ဧပြီ ၁၀ ရက်နေ့စွဲဖြင့် သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်က လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ကြောင်း သိရသည်။

စိုင်း(သီပေါ)

အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်မှုဖြစ် ၁၆ ဦး ဒဏ်ရာရ

ကျောက်တံခါး ဧပြီ ၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၉၁/၆)နှင့် (၉၁/၇)ကြား၌ ဧပြီ ၁၃ ရက် နံနက် ၅ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

သတင်းအရ အခင်းဖြစ်နေရာသို့ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးဒုရဲမှူး ထွန်းထွန်းဦး တာဝန်မှူးရဲအုပ်ရဲစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့ချောင်းအမြန်လမ်းမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးဇော်ရဲနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း စိုးမင်းသန်း (၃၇ နှစ်) ကိုင်းရွာ

မြင်းခြံမြို့နယ်နေသူ မောင်းနှင်သည့် ယာဉ်အမှတ်4K/----ဟိုင်းလပ် 4D အနက်ရောင်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း စိုးမင်းသန်းပါ အမျိုးသား ၁၅ ဦး အမျိုးသမီးတစ်ဦးတို့မှာ ပြင်းထန်ဒဏ်ရာများရရှိကာ မြို့ချောင်း အမြန်လမ်းဆေးခန်းသို့ ပို့ဆောင်ခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ စိုးမင်းသန်းအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ဘုရားဖူးယာဉ် ကားလမ်းတံတားပေါင်ဝင်တိုက် လမ်းဘေးထိုးကျပြီး လူများသေဆုံးမှုဖြစ်

သထုံ ဧပြီ ၁၃

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်၌ ဧပြီ ၁၂ ရက်(သင်္ကြန်အကြိုနေ့) ညနေ ၄ နာရီခွဲခန့်က ဘုရားဖူးယာဉ်တစ်စီး ကားလမ်းတံတားပေါင်အား ဝင်ရောက်တိုက်မိပြီး လမ်းဘေးထိုးကျကာ ယာဉ်ပေါ်ပါသူများအနက် ကိုးဦးသေဆုံးပြီး ကျန်သူများ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

"တံတားပေါင်ကို အရှိန်နဲ့တိုက်မိပြီး လမ်းဘေးထိုးကျသွားတာ။ ခြောက်ယောက်ကတော့ နေရာတင်သေတယ်၊ ကျန်တဲ့သူတွေကို သထုံဆေးရုံပို့တော့ လမ်းမှာ တစ်ဦးဆုံးပြီး ဆေးရုံမှာနှစ်ဦးထပ်ဆုံးတယ်။ ပေါင်း ကိုးဦးရှိပြီ။ ကျန် ၁၁ ဦးကလည်း ဒဏ်ရာပြင်းတော့ အရေးပေါ်ကားနဲ့ ရန်ကုန်ကိုတင်သွားကြပြီ" ဟု သထုံမြို့မစခန်းမှူး ဒုရဲမှူးထွန်းသိန်းက ပြောသည်။

ဖြစ်စဉ်မှာ သထုံဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးဝဏ္ဏစိုး(၄၃နှစ်) ရွှေပေါက်ကံအနောက်ပိုင်း မြောက်ဥက္ကလာပမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN/---- အဖြူရောင် ကင်တာအမျိုးအစား ဘုရားဖူးယာဉ်သည် ဇရစ်ချောင်ကျေးရွာ သထုံ-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ် (၁၄၃/၀) နှင့် (၁၄၃/၁) ကြားရှိ တံတားအမှတ် (၁/၁၄၄)၏ ညာဖက်ပေါင်အား အရှိန်လွန်တိုက်မိပြီး လမ်းဘေးထိုးကျ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါသူများ သေဆုံးပြီး ဒဏ်ရာအပြင်းအထန် ရရှိခဲ့ကြကြောင်း ရဲမှတ်တမ်းအရ သိရသည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းဖြစ်သူ ဦးဝဏ္ဏစိုးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိထားကြောင်း သိရသည်။

သက်ဦး(သထုံ)

ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်ထမင်းပေါင်းအိုးသုံးစွဲပြီးထားခဲ့ရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၁၃

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအနီး ဘိလပ်မြေဖျော်စက် ဝန်ထမ်းတန်းလျား၌ယနေ့ မွန်းတည့် ၁၂ နာရီက လျှပ်စစ်ထမင်းပေါင်းအိုးသုံးစွဲထားခဲ့ပြီး သင်္ကြန်အလည်ထွက်သွားရာ အပူရှိန်လွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာအနီး Moon Ray ဘိလပ်မြေဖျော်စက် ဝန်ထမ်းလူနေအိမ်များမှ ဦးမောင်နိုင်(ခ) ကိုသိန်းနိုင်ဌေး၏ နေအိမ်မှ လျှပ်စစ်ထမင်းပေါင်းအိုးသုံးစွဲပြီးပလပ်မဖြုတ်ခဲ့ဘဲ သင်္ကြန်အလည်ထွက်သွားရာ လျှပ်စစ်ထမင်းပေါင်းအိုးမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် အလုပ်သမားနေအိမ် သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် ၂၀ လုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်ငါးစီး၊ ဆိုက်ကားနှစ်စီး ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ၊ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ် ၁၅ စီး၊ အုပ်ချုပ်မှု ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လျှပ်စစ်မီးပေါ့ဆစွာ အသုံးပြုသူ ဦးမောင်နိုင်(ခ) ကိုသိန်းနိုင်ဌေးကို ပုဗ္ဗသီရိမြို့နယ် ပတ္တာရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

ဒလမြို့ ကမာအောင်ချောင်း၌ ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှုဖြစ်

ဒလ ဧပြီ ၁၂

ဒလမြို့နယ် ညောင်ကုန်နှင့် အုံ့ကြီးအနောက်ရပ်ကွက်တံတားဖြူအနီးရှိ ကမာအောင်ချောင်း သမ္ဗန်ဆိပ်တွင် (သင်္ကြန်အကြို)နေ့ ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီ ရေပြန်ကျနေချိန်က အမျိုးသားငယ်တစ်စု ချောင်းထဲရေဆင်းကူးခဲ့ကြရာ တစ်ဦး ရေထဲမျောပါပြီး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

"ဒီနေ့တွေက မြစ်ဒီရေကြီးရက်တွေပါ။ မနက်ပိုင်း ၁၀ နာရီလောက် ရေပြန်ကျနေပေမယ့် ချောင်းထဲမှာ ရေအနက်ခြောက်ပေလောက်တော့ ရှိလိမ့်မယ်။ ကလေးခြောက်ယောက်၊ ခုနစ်ယောက်လောက် ဒီသမ္ဗန်ဆိပ်မှာ ရေလာကူးကြတာပါ။ ကလေးတစ်ယောက်ကတော့ ချောင်းရေအကျနဲ့အတူ ရေနစ်မျောပါသွားတယ်။ မိဘဆွေမျိုးတွေ ဝိုင်းပြီးလိုက်ရှာကြတာ တစ်နာရီခွဲခန့်လောက်မှ ချောင်းရဲ့အောက်နားမှာ သေဆုံးလျက်ပြန်တွေ့ရပါတယ်"ဟု မျက်မြင်တစ်ဦးက ပြောပြ သည်။

ရေနစ်သေဆုံးသူမှာ ဒဲဝါး(၁၂ နှစ်) အုံ့ကြီးအရှေ့ရပ်ကွက်နေသူဖြစ်ကြောင်း သိရသည်။

အလောင်းတွင် ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ ရေနစ်သေဆုံးမှုအပေါ် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် ဒလမြို့မရဲစခန်းက စစ်ဆေးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

သန်းဌေး(ဒလ)

တာမွေမြို့နယ်၌ မီးလန့်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၃

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် စိတ္တသုခလမ်း အမှတ် (၄၀)တွင် ဧပြီ ၁၂ ရက် မွန်းလွဲ ၂ နာရီက မီးလန့်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ နေအိမ်သည် လူနေထိုင်ခြင်းမရှိဘဲ အိုးအိမ်ဦးစီးဌာနသို့ အသစ်ပြန်လည်တည်ဆောက်ရန် ခွင့်ပြုတောင်းခံထားခြင်း၊ ရေမီးဖြတ်တောက်ထားခြင်း၊ နေအိမ်ထပ်ခိုးပေါ်တွင် မွေ့ရာဂွမ်းကတ် အဟောင်းများ စုပုံထားရာမှ အပူလွန်ကဲ၍ လောင်ကျွမ်းခြင်းဖြစ်ပြီး မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

လှလှ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၄) ရပ်ကွက်၊ ကွင်းအမှတ် (၄၄၂)၊ ဦးပိုင်အမှတ် (၁၄) တာပသွန်ကွေ့မကျေးရွာရှိ အကျယ်အဝန်း (၁.၉၂) ဧကနှင့် ပတ်သက်၍ အများသိစေရန် သတိပေးတားမြစ် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ် (၆/ခ) နေ ဒေါ်နှင်းအေးစမ်း (၁၂/မရက (နိုင်) ၀၀၃၅၃၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးတားမြစ်ကြေညာ အပ်သည်မှာ –

၁။ အထက်ခေါင်းစဉ်ရည်ညွှန်းအတိုင်းအတာ လိုင်စာဖော်ပြပါ မြေကွက်အား ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ဒေါ်နှင်းအေးစမ်း သည် မြေကွက်အမည်ပေါက်ပိုင်ရှင် ဦးအောင် (ကွယ်လွန်) ၏ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်လာခဲ့သူ သားသမီး (၉) ဦးတို့ထံမှ (၁၈-၂-၂၀၁၄) ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ်သဘောတူကတိစာချုပ်ချုပ်ဆို၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်သည့် မြေကွက်ဖြစ်ကြောင်း အထောက်အထားစာရွက်စာတမ်းများအရ သိရှိခဲ့ရပါသည်။

၂။ အထက်ခေါင်းစဉ် ရည်ညွှန်းအတိုင်းအတာလိုင်စာဖော်ပြပါ မြေကွက်အတွင်းသို့ကျွန်ုပ်တို့၏ အမှုသည် ဒေါ်နှင်းအေးစမ်း ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ခြံစည်းရိုးများ ကာရံခြင်း၊ အများသူငှာ အထင်မှားအမြင်မှားဖြစ်စေရန် ဆိုင်းဘုတ်၊ ဓိန်းများထောင်ခြင်း၊ ကပ်ခြင်း၊ သတင်းစာမှဖြစ်စေ၊ ဂျာနယ်များမှဖြစ်စေ မမှန်မကန်ကြေညာခြင်းများ မပြုလုပ်ကြပါရန် အလေးအနက် အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

၃။ ဤကြေညာချက်ပါရှိပြီးနောက် ပြုလုပ်ဆောင်ရွက်သူ မည်သည့်ပုဂ္ဂိုလ်ကိုမဆို မည်သည့်အဖွဲ့အစည်းကုမ္ပဏီ ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရပါလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ –

ဦးချစ်ကိုကို
LL.B, H.G.P., Dip in Business Law
Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်

ဦးသန်းဌေး
LL.B, D.L.101, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် ဥပဒေဆိုင်ရာအကြံပေး

ဦးအောင်မြင့်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ

ဦးရာဇာဝင်း (LL.B)
အထက်တန်းရှေ့နေ

ဦးအောင်ပြည့်ဖြိုးလွင် LL.B, WIPO (Switzerland)
အထက်တန်းရှေ့နေ

အမှတ် (၆၀)၊ မြေညီထပ်၊ ယုဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁၂၅၂၉၂၄

သန်းဌေးနှင့်ရောင်းရင်းများ ၏ သင်္ကြန်ခရီးစဉ်များ

April 1, 8, 11, 12, 17, 22, 29 ထွက်မည် ကျိုက်ထီးရိုး / ချောင်းသာ (သင်္ကြန်တွင်း–နေ့စဉ်)

✿ ရွှေစက်တော်နှင့်လမ်းဘုရားစုံ(၄)ရက်။ ဆက်၍ ပုဂံ၊ ပုပ္ပါး(၅)ရက်(တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ) (မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ)(၈)ရက်။ အားလုံးပါ (၁၁)ရက်။ ✿ ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ(၈)ရက်။ ✿ ရွှေစက်တော်၊ အလောင်းတော်(၅)ရက်။ ✿ မန္တလေး၊ မုံရွာ၊ အလောင်းတော်၊ ပြင်ဦးလွင်(၅)ရက် ✿ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ(၇)ရက်။ ✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ (၅)ရက်။ လွိုင်ကော်ပါ (၆)ရက်။ ✿ အင်းတော်ကြီး–ရွှေမြဥ္စူ၊ မြစ်ကြီးနား၊ မေခ–မလိခမြစ်ဆုံ၊ ရွှေဘိုဘုရားစုံ (၈)ရက်။ ✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ (၆)ရက်။ မြိတ်ပါ (၈)ရက်။ ✿ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၃)ရက်။ ✿ ဇလွန်၊ ✿ ပြည်၊ အကောက်တောင်၊ နဂါးရစ် သင်္ကြန်ခရီးစဉ်များကြိုတင်လက်မှတ်ရောင်းပြီ ✿ မဲလံဆံတော်ရှင်(နေ့ချင်းပြန်–ဧနေ၊ တနင်္ဂနွေ)

အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရန်အေးလမ်း၊ ရန်အေးအိမ်ရာ၊ တိုက်အမှတ်(၈/၁)၊ အခန်းအမှတ်(၃)၊ အနောက်ရန်ကင်း၊ မြေညီထပ်တိုက်ခန်းသည် အမွေရှင်အဘိုး ဦးဆင့်(ခ)ဦးမောင်ဆင့်နှင့် အဘွားဒေါ်သန်းတင်တို့၏ အမွေပစ္စည်းအဖြစ် ကျန်ရှိသော တိုက်ခန်းဖြစ်ပြီး ယနေ့အချိန်အထိ အမွေခွဲဝေရသေးခြင်းမရှိသော အမွေဆိုင်တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအပေါ် ကျန်အမွေဆိုင်များနှင့်အတူ အမွေဆက်ခံပိုင်ခွင့်ရှိသူ အမွေမှီ မြေးများဖြစ်ကြသော ဒေါ်ခင်သူဇာဆင့်၊ ဒေါ်ခင်မာလာဆင့်နှင့် ဒေါ်မျိုးသွယ်ထွန်းတို့ သုံးဦး၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုကြပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်နီလာအောင် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၂၅)
အမှတ်(၅၆၃)၊ အခန်း(၂၀၃/၂)၊ MAC Tower၊ ဒုတိယထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အထက်ပါအတိုင်း ညွှန်ကြားအပ်ပါသည်။

၁။ ဒေါ်ခင်သူဇာဆင့်
၁၂/ရကန(နိုင်)၀၈၂၅၀၆

၂။ ဒေါ်ခင်မာလာဆင့်
၁၂/ရပသ(နိုင်)၀၅၄၇၉၁

၃။ ဒေါ်မျိုးသွယ်ထွန်း
၁၂/ဥကမ(နိုင်)၂၃၅၈၂၂

❍ *ကျောဖုံးမှ*

နိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ရန်လက်ကျန်ပွဲစဉ်များတွင် ရှန်းကန်ရတော့မည်ဖြစ်သည်။ သကြၤန်ကာလအတွင်း ယှဉ်ပြိုင်ရသည့်ပွဲစဉ်ဖြစ်သော်လည်း ရန်ကုန်အသင်း အမာခံပရိသတ်အချို့လာရောက်အားပေးခဲ့ကြသည်။

ရန်ကုန်အသင်းမှာ နိုင်ငံခြားသားကစားသမားလေးဦး အပါအဝင် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမအကျော့ကအိမ်ကွင်း၌ အနိုင်ကစားထားသည့် မိုဟန်ဘာဂန်အသင်းမှာ ပွဲအစပိုင်းတွင် ရန်ကုန်အသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးခြိမ်းခြောက်မှုအချို့ ပြုလုပ်နိုင်ခဲ့သည်။ ၁၅ မိနစ်နောက်ပိုင်းတွင် ရန်ကုန်အသင်းကစားကွက်ပြန်မိလာပြီး ၂၅ မိနစ်တွင် အက်ဒီဆင်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ကစားပုံပိုကောင်းခဲ့သော်လည်း ဂိုးထပ်မရခဲ့ဘဲ ၄၁ မိနစ်တွင် ချေပဂိုးပြန်ပေးခဲ့ရသည်။ တိုက်စစ်မှူး ဂျီလန်းကရန်ကုန်နောက်တန်း၏ လူကျွံထောင်ချောက်ကိုကျော်ဖြတ်ကာ မိုဟန်ဘာဂန်အတွက် ချေပဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မိုဟန်ဘာဂန်အသင်းက သရေရလဒ်ကိုထိန်းကစားသွားခဲ့ပြီး ရန်ကုန်အသင်းကို ဂိုးထပ်မပေးရရန် ပိတ်ဆို့ကစားသွားခဲ့သည်။ ရန်ကုန်အသင်းမှာ တိုက်စစ်တွင် ထားကစားခဲ့သည့် ကျော်ကိုကိုနှင့် မာဆယ်လိုတို့ ခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် ဂိုးထပ်မရဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်အပြီးတွင် အုပ်စု (G)၌ မိုဟန်ဘာဂန်အသင်းက လေးပွဲကစား ၁၀ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားပြီး ရန်ကုန်အသင်းက လေးပွဲကစား ငါးမှတ်ရရှိထားသည်။ ရန်ကုန်အသင်းမှာ ဟောင်ကောင် ကလပ် တောင်တရုတ်အသင်းနှင့် အဝေးကွင်း၊ မော်လ်ဒိုက်ကလပ် မာဇီယာအသင်းနှင့် အိမ်ကွင်း ပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲ မြန်မာအဖွဲ့ သွားရောက်ယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၁၃

တောင်ကိုရီးယားနိုင်ငံ Chumg-JU မြို့၌ ကမ္ဘာ့လှေလှော်အဖွဲ့ချုပ် Fisa က ကျင်းပသည့် Asia and Oceania Training Camp အပြည်ပြည်ဆိုင်ရာ လှေလှော်သင်တန်းကို ဧပြီ ၁၃ ရက်မှ ၂၃ ရက်အထိ တက်ရောက်ပြီး ဧပြီ ၂၄ ရက်နှင့် ၂၅ ရက်တွင် Olympic Rowing Qualification Regatta အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလှေလှော်အဖွဲ့ အုပ်ချုပ်နည်းပြ ဦးကျော်ဝင်းနှင့် အားကစားသမား ရန်ကုန် အား/ကာ သိပ္ပံကျောင်းမှ မောင်ဝေယံစိုး၊ မအိချိုဇင်တို့သည် ဧပြီ ၁၁ ရက်ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ရီးရဲနှင့်မန်စီးတီးတို့ ပြိုင်ဘက်များကိုအနိုင်ယူပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်

သီဟ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ပထမနေ့ပွဲစဉ်များကို ဧပြီ ၁၃ ရက်နံနက်က ယှဉ်ပြိုင်ကစားရာ ရီးရဲက ဝုဖ်ဘတ်ကို အနိုင်ရသလို မန်စီးတီးကလည်း ပီအက်စ်ဂျီကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။



ရီးရဲနှင့် ဝုဖ်ဘတ်တို့ပွဲတွင် ရီးရဲတို့အနေဖြင့် ပထမအကျော့က နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသဖြင့် ယခုပွဲအနိုင်ရရှိရေး ပွဲစကတည်း က တိုက်စစ်ဖွင့်ခဲ့သည်။ စီရော်နယ်ဒို၊ ဘင်ဇီမာ၊ ဘေးလ်တို့ တိုက်စစ်အတွဲက ဝုဖ်ဘတ်ဘက်သို့ ထိုးဖောက်ကစားမှုကြောင့် ၁၆မိနစ်နှင့် ၁၇မိနစ်တို့တွင် စီရော်နယ်ဒိုက ဆက်တိုက်ဂိုးသွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် ရီးရဲတို့က နှစ်ဂိုးအသာဖြင့် ပွဲကိုဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရီးရဲတို့က အနိုင်ဂိုးထပ်မံရရှိရေး ဖိကစားခဲ့ပြီး ဝုဖ်ဘတ်တို့က တစ်ခါတစ်ရံမှသာ ထိုးဖောက်နိုင်ခဲ့သည်။ ရီးရဲအတွက် အနိုင်သေချာမည့်ဂိုးကို ၇၇ မိနစ်တွင် ပြစ်ဒဏ်ဘောကန်ခွင့်ရရှိရာ စီရော်နယ်ဒိုက ကန်သွင်း၍ ဂိုးရရှိခဲ့သည်။ **(ဝဲပုံ)** ပွဲအပြီးတွင် ရီးရဲတို့ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပြင်သစ်မြေ၌ အနိုင် အရှုံးမပေါ်ခဲ့သည့် မန်စီးတီးနှင့် ပီအက်စ်ဂျီတို့ အင်္ဂလန်မြေ၌ အနိုင်အရှုံးအတွက် လူစုံတက်စုံဖြင့် ကစားခဲ့ရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ မန်စီးတီးမှ အဂူရို၏ ထိုးဖောက်ကစားမှုကြောင့် ပွဲချိန် မိနစ် ၃၀ တွင် ပယ်နယ်တီကန်ခွင့်ရရှိရာ အဂူရိုကန်သွင်းသော်လည်း ဂိုးတိုင်ဘေးမှ ကပ်ထွက်သွား၍ နစ်နာခဲ့ရသည်။ နှစ်သင်းစလုံး ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ အပြန်အလှန်သာ ကစားခဲ့သည်။ မန်စီးတီးအတွက် အနိုင်ဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ကွင်းလယ်ကစားသမား ဒီဘရိုင်းက သွင်းယူပေးခဲ့သည်။ **(အောက်ပုံ)**

ပီအက်စ်ဂျီတို့အနေဖြင့် ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း မန်စီးတီးနောက်တန်းနှင့် ဂိုးသမားတို့ ကာကွယ်ဖျက်ထုတ်နိုင်မှုကြောင့် ဂိုးမရရှိဘဲ ပွဲအပြီးတွင် မန်စီးတီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပထမအကျော့က နှစ်ဂိုးစီသရေဖြစ်ခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် မန်စီးတီးတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပြင်သစ်ထိပ်သီးအသင်း ပီအက်စ်ဂျီတို့အနေဖြင့် ပြည်တွင်း၌ ပြိုင်ဘက်မရှိသော်လည်း ချန်ပီယံလိဂ်တွင်မူ ရလဒ်မကောင်းဘဲ ကွာတားအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။

မန်စီးတီးနည်းပြ ပယ်လီဂရီနီအနေဖြင့် ရာသီကုန်တွင် မန်စီးတီးမှ ထွက်ခွာရမည်ဖြစ်သော်လည်း ချန်ပီယံလိဂ်ဖလားကို အသင်းအတွက် ရယူပေးချင်ကြောင်း ပြောကြားမှုမှာ ဖြစ်လာမလား စောင့်ကြည့်ရမည်ဖြစ်သည်။

ပျောက်ဆုံးကြောင်း

ကျွန်မ မရှင်ဘုန်းပြည့်စုံ (ဘ) ဦးသိန်းရွှေ ၈/ငဖန(နိုင်)၀၃၄၁၄၉ ၏ Passport စာအုပ် အမှတ် MA-689122 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

မရှင်ဘုန်းပြည့်စုံ
ဖုန်း-၀၉-၉၇၁၉၇၁၄၀၈

GOLDEN STAR ခရီးသွားလုပ်ငန်း
❖ ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်
ဟိုတယ် စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448

MMDC
Myanmar Media Development Center

Diploma in TV Broadcasting

(ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်း)

- Foundation and Introduction
- Pre-Production
- Production Plan
- Program Production
- Post Production
- Directing
- Scriptwriting
- Journalism
- Communication Skills
- TV Presentation Skills
- Interview Techniques
- Camera and Editing
- Audio and Lighting
- Media Management
- Broadcast Engineering

- နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Asia-Pacific Institute for Broadcasting Development (AIBD), Deutsche Welle Akademie (DW) တို့နှင့်ပူးပေါင်း၍ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အတွေ့အကြုံရှိ ဝါရင့်ဆရာ/ဆရာမများ ကိုယ်တိုင် သင်ကြားပေးလျှက်ရှိပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။

သင်တန်းကျောင်း – အခန်းနံပါတ် (T308 , T309 , T310), တတိယထပ်၊ Junction Square၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 01 527242, 532492, 502763 (Ext: 4007), Hot Line : 09 253693494
Website : www.mmdcmyanmar.com Email : mmdc.fg@gmail.com
Facebook : www.facebook.com/mmdcmyanmar

လူပျောက်

ဓာတ်ပုံပါ မရူးရူးဇင် အသက် (၆)နှစ်အရွယ်ကလေး ပျောက်သွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြုပြီး အကြောင်းကြားပေးပါခင်ဗျာ။

သဒ္ဓါရုံ(၁)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်
ဦးမောင်မောင်မြင့် ဖုန်း-၀၉-၄၂၀၇၄၄၄၅၅
ဦးပိုက်ပိုက် ဖုန်း-၀၉-၇၃၀၅၂၇၂၅

ဒေါ်ခင်စန်းနွဲ့ ၁၂/မဂဒ(နိုင်)၀၃၁၆၁၅
အမှတ် ၉၆၀၊ GE တပ်ခွဲ၊ မင်္ဂလာဒုံမြို့နယ်နှင့်

အများသိစေရန်

ကျွန်ုပ်အား အမှုလွှဲအပ်သူ ဒေါ်ကြည်နွဲ့ ၁၂/ပမတ(နိုင်)၀၀၉၄၁၄ နှင့် ဒေါ်ချိုချိုဝင်း ၁၀/ကထန(နိုင်)၀၆၂၅၅၈တို့၏ ညွှန်ကြားချက်အရ အကြောင်းပြန်ကြား သိစေအပ်ပါသည်။

ဒေါ်ခင်စန်းနွဲ့နှင့် ကျွန်ုပ်အမှုသည်တို့သည် ဒေါ်ခင်စန်းနွဲ့ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးအနောက်၊ ကွင်းအမှတ်(၅၃၄/အေ)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာဧက ၈ဒသမ ၀၆ မှ စီမံကိန်းပိုလယ်မြေ ၄ဒသမ ၅၆ဧကအား သက်ဆိုင်ရာရုံးဌာနအသီးသီးမှာ မူလပိုင်ရှင်အား ပြန်လည်ပေးအပ်သည်အထိ ဆောင်ရွက်လုပ်ကိုင်ပေးရန် လူအား ငွေအား စိုက်ထုတ်ဆောင်ရွက်ပြုလုပ်ရန် ဒေါ်ခင်စန်းနွဲ့နှင့် ကျွန်ုပ်အမှုသည်တို့ သဘောတူဆောင်ရွက်လုပ်ကိုင်ရန် ၁၀-၅-၂၀၁၅ရက်နှင့် ၇-၁၁-၂၀၁၅ ရက်စွဲများဖြင့် ကတိစာချုပ်များ ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။

ယခုအခါတွင် ကျွန်ုပ်အမှုသည်များမှ ဆောင်ရွက်လုပ်ကိုင်ထားမှု၊ လုပ်ငန်းအခြေအနေများကိုလည်း ဒေါ်ခင်စန်းနွဲ့အနေဖြင့် သိရှိပြီးဖြစ်ပါသည်။ ထိုသို့အခြေအနေတွင် ဒေါ်ခင်စန်းနွဲ့ မှ ၈-၄-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)တွင် ကြေညာထားခြင်းမှာ တစ်ဖက်သတ်ဆောင်ရွက်မှုသာဖြစ်ပြီး ကျွန်ုပ်အမှုသည်များမှ လုံးဝသဘောတူခြင်းမရှိပါကြောင်း စာချုပ်ပါ စည်းကမ်းချက်များအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ငွေကြေးကိစ္စများအတွက် တရားဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြား သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမြင့်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (၄၅၀၄)
အမှတ်(၈၆)၊ ခ/၄လမ်း၊ မြို့သစ်(က+ခ)၊ အင်းစိန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းအမှတ် (၇/စီ)၊ မြေကွက်အမှတ် (၁၃၀)၊ နှစ် (၆၀) ဂရန်မြေကွက်၊ အမှတ် (၁)၊ ပီတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သောမြေ/အိမ်နှင့်ပတ်သက်၍ကန့်ကွက်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွက်သစ် (၃)၊ လက်ယက်စမ်း၊ ၆-လမ်း၊ အမှတ် (၈၆) နေ ဦးထွန်းထွန်းဦး (၁၂/သလန (နိုင်) ၁၄၉၅၉၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်တွင်ဖော်ပြထားသော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်ခင်မြ+၁ ဟု အမည်ပေါက် မှတ်သားတည်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် အဘ-ဦးထွန်းရီ အမိ-ဒေါ်ခင်စိန်တို့မှ မွေးဖွားသော တစ်ဦးတည်းသော သားဖြစ်ပါသည်။ ယင်း၏ မိဘများကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ အမည်ပေါက် ဒေါ်ခင်မြသည် ဒေါ်ခင်စိန်၏မိခင်ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ အဖွားအရင်းတော်စပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ယင်းမြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အနက်မှ အကျိုးခံစားခွင့်ရှိသူ အမွေဆိုင်တစ်ဦးဖြစ်သည့်အတွက် အထက်ဖော်ပြပါ မြေ/အိမ်အား ကျွန်ုပ်၏မိတ်ဆွေအား အသိပေးခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းမပြုရန်၊ တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – **ဒေါ်ချိုချိုမာ (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၂၁)
အမှတ် (၆၀)၊ ရွှေညီထပ်၊ ပဲခူးမြစ်လမ်း၊ ဆိုးမဲ့ကျေးဂရိုး၊ ဒါဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄ ၂၀၀ ၂၉၄၁၅

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးဟုတ်စန် ၁၂/တမန(နိုင်)၀၈၇၇၉၇ ၏သား မောင်စောထက်အောင် ၁၂/တမန(နိုင်)၁၀၄၄၇၈ သည် မိခင်နှင့် ဆွေမျိုးသားချင်းများအပေါ် စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဟုတ်စန် ၁၂/တမန(နိုင်)၀၈၇၇၉၇

အတာသင်္ကြန်ပျော်ရွှင်မှုနွေ Heat Stroke နဲ့ သင့်ကျန်းမာရေးအန္တရာယ်သတိပြုဆင်ခြင်ဖွယ်

အတာသင်္ကြန်ဟူသည် မြန်မာတို့၏ အလှုအပရောင်စုံတို့ပွင့်လန်းရာအခါသမယပင်ဖြစ်သည်။ အလှတရားတစ်ခုက အကုသိုလ် နောက်အလှတရားတစ်ခုက ကုသိုလ်ပေါ့။ ခန္ဓာအညစ်အကြေးတို့ကို သင်္ကြန်ရေဖြင့် ဆေးကြောဖို့ လိုအပ်သလို၊ ကျွန်တော်တို့၏ စိတ်အညစ်အကြေးတို့ကိုမူ သီလရေစင်ဝါသူတော်ဥစ္စာခုနစ်ပါးရေစင်ဖြင့်ဆေးကြောသင့်သောအချိန်ခါပင်ဖြစ်သည်။ သင်္ကြန်အကြောင်းကို ပညာရှင်များ သတင်းဂျာနယ်တွေမှာဖော်ပြခဲ့ပြီမို့ အသေးစိတ်ကျွန်တော်မရေးသားလို။ အနည်းငယ်ပင်ရေးသားတင်ပြလိုပါသည်။

ကျော်စိုးဦး(မန္တလေး)

သင်္ကြန်တွင် အပူလှိုင်းဖြတ်နိုင်ခြေရှိသည်။ ရေကိုကစားတော့ ကစားပါ အလွန်အကျွံမဖြစ်ဖို့လိုသည်။ အပျော်မကြူးဖို့လိုသည်။ သင်္ကြန်ကို ပျော်ရွှင်ရာတွင် အသွားအလာ၊ နေအထိုင်၊ အစားသောက် အစစအရာရာ ယနေ့ဂရုပြုဖို့လိုအပ်လာပြီဖြစ်သည်။ များများဆင်ခြင်နိုင်လေ သက်တမ်းစေ့နေနိုင်လေပင်ဖြစ်သည်။

နွေ

အဆိုပါနွေအလှကို ဖျက်ဆီးစေမည့် အယ်နီညိုသည်ကားမကြာမီကျရောက်နိုင်ခြေရှိသည်ဟု ဇလဗေဒပညာရှင်တို့ကဆိုထားခဲ့လေသည်။ သို့သော် အယ်နီညိုဖြစ်လျှင်အပူချိန်မြင့်မားမည်။ လူတွေ၊ တိရစ္ဆာန်တွေ အစစအရာရာ ဒုက္ခတွေ့စေနိုင်သည်။ သဘာဝတရားတွေ ချက်ချင်းပြောင်းလဲစေနိုင်သည်။ လူတို့၏ အသက်အန္တရာယ်ကို ပိုမိုခြိမ်းခြောက်လာနိုင်ခြေရှိသည်။

အယ်နီညိုဖြစ်လျှင် ရာသီဥတုအပူချိန်မြင့်မားလာမည့် ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုတွေအတွက် စိုးရိမ်စရာဖြစ်လာသလို၊ လူလတ်ပိုင်းတွေအတွက်လည်း အရေပြားပျက်စီးမှုတွေ၊ သီးနှံပျက်စီးမှုတွေမှတစ်ဆင့် စီးပွားရေးများလည်း ထိခိုက်လာနိုင်ခြေရှိသည်။ ပိုမိုပြင်းထန်သော ခရမ်းလွန်ရောင်ခြည်တွေကြောင့် အသားအရေထိုမှ လူ့စွမ်းအားအရင်းအမြစ် အသက်ဝိညာဉ်တို့ကိုပါ နုတ်ယူနိုင်စွမ်းရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ အလဟဿ မဆုံးရှုံးရ လေအောင် ကျွန်တော်တို့အားလုံးတွင် တာဝန်ကိုယ်စီရှိသည်။ အဆိုပါတာဝန်သည် မဖြစ်ခင်ကာကွယ်ရန် ဖြစ်လာလျှင် ရိုင်းပင်းကူညီပြုစုကြရန်ပင်ဖြစ်သည်။

Heat Stroke (လေသင်တုန်းဖြတ်ခြင်း) သို့မဟုတ် အပူလှိုင်းအန္တရာယ်

လူတိုင်းက Heat Stroke ဟူသည့်စကားလုံးနှင့် ရင်းနှီးပြီးသားဖြစ်မည်။ ဒီစကားလုံးသင့်ရင်ထဲရောက်ရှိ ကူးစက်သွားလျှင် သင့်အသက်ဝိညာဉ်ကို ဆွဲနုတ်သွားမည်ဖြစ်ရာ ထိုသို့မဖြစ်စေရန် ကျွန်တော်တို့ စနစ်တကျလေ့လာဆည်းပူးထားသင့်ပေသည်။ Heat Stroke အပူလှိုင်းဖြတ်လျှင် ကျွန်တော်တို့ နှစ်မျိုးလောက်ခံစားရနိုင်ခြေရှိသည်။ ထိုအရာသည်ကားအပူငုပ်ခြင်း (Heat Exhaustion) နှင့်အပူရှပ်ခြင်း (Heat Stroke) ပင်ဖြစ်သည်။ အဆိုပါနှစ်ခုအကြောင်းအမျိုးမျိုးကြောင့် ခံစားရပါကစနစ်တကျ ရှေးဦးမပြုစုတတ်ပါက သက်တမ်းမစေ့ခင် လောကကမ္ဘာမြေမှ သင်စွန့်ခွာသွားနိုင်သည်။

အပူရှပ်တာလား၊ အပူငုပ်တာလားဟူမူ လူတိုင်းလိုလိုကကွဲကွဲပြားပြား မသိသေးပေ။ သိရန် လိုအပ်သလို အပူရှပ်ရင် ဘယ်လို ရှေးဦးပြုစုမလဲ၊ အပူငုပ်လျှင် ဘယ်လိုရှေးဦးပြုစုမလဲ ဆိုသည်ကိုသိကိုသိထားရန် ယနေ့နွေသင်္ကြန်တွင်လိုအပ်လို့လာချေပြီ. . .။ အဘယ့်ကြောင့်ဟူမူ သတင်းတွေအားလုံးက ပညာရှင်တိုင်းလိုလိုက အယ်နီညိုဖြတ်ကာ Heat Stroke ယခုနွေမှ ကျရောက်နိုင်သည်ဟု ခန့်မှန်းထားသောကြောင့်ပင်ဖြစ်သည်။ အဖိုးထိုက်တန်သော လူ့ဘဝ သက်တမ်းများအယ်နီညိုကြောင့် သို့မဟုတ် Heat Stroke ကြောင့် မဆုံးရှုံးရလေအောင်ကျွန်တော်လေ့လာထားသလောက် ဒီဆောင်းပါးလေးကိုလူထုအကျိုးငှာ မျှဝေမိပေသည်။

(က)အပူငုပ်ခြင်း (Heat Exhaustion)

နေပူပြင်းစွာမလုံလောက် ပြင်းထန်လေ့ကျင့်ဝန်းကျင်တစ်လျှောက်
ချွေးဖြူ ငတ်မောစိုစွတ်ပျို့ ခေါင်းကိုက်ရုံခါ ဝမ်းလျှောလို့
ခုန်နှုန်းမြင့်ကာ အားလေးနည်းပူချိန်တက်ကာဆေးရုံမြဲ . . .လို့

သူ့လက္ခဏာတွေအလွယ်တကူ မှတ်သားထားပေးပါစာချစ်သူ။

နေပူပြင်းစွာဆိုတာက နေပူပူထဲမှာပြင်းထန်စွာ အလုပ်လုပ်နေမယ်ဆိုရင် မလုံလောက်ဆိုတာရေကို လုံလောက်စွာမသောက်ဘဲအလုပ်များများ လုပ်နေမယ်ဆိုရင် ပြင်းထန်လေ့ကျင့်ဆိုတာ ပူပြင်းတဲ့ပတ်ဝန်းကျင်မှာပြင်းပြင်းထန်ထန်လေ့ကျင့်ခန်းတွေ လုပ်နေကြမယ်ဆိုရင် အပူငုပ်ခြင်း (Heat Exhaustion) ဖြစ်တတ်ပါတယ်။

ချွေးဆိုတာက အပူငုပ်တဲ့လူနာဟာ အလွန်အမင်းချွေးထွက်တတ်ပါတယ်။ ဖြူဆိုတာကအသားအရေတွေ ဖြူဖပ်ဖြူရော် ဖြစ်လာမယ်။ ငတ်ဆိုတာရေတွေ ငတ်လာမယ်။ မောဆိုတာ မောပန်းနွမ်းနယ်လာမယ်။ စိုစွတ်ဆိုတာ အသားအရေတွေစိုစွတ်အေးစက်လာမယ်။ ပျို့ဆိုတာ ပျို့အန်လာမယ်။ ခေါင်းကိုက်ဆိုတာ ခေါင်းကိုက်လာမယ်။ ရုံခါဝမ်းလျှောလို့ဆိုတာ တစ်ခါတစ်ရံ ဝမ်းလျှောလာမယ်။ ခုန်နှုန်းမြန်ဆိုတာ သွေးခုန်နှုန်းတွေမြန်လာမယ်။ အားနည်းဆိုတာ အားအင်တွေချိနဲ့လာမယ်။ ပူချိန်တက်ကာဆိုတာ သာမန်အပူချိန်ထက်နည်း နည်းအပူချိန်တက်နိုင်မယ်။ သူ့မှာ ခန္ဓာကိုယ်မှ ရေနှင့်ဓာတ်ဆားတွေဆုံးရှုံးသွားနိုင်ပါတယ်။ စာချစ်သူဒီလက္ခဏာတွေတွေ့ရင် ဒီလူနာကို ကျွန်တော်တို့ အပူရှပ်တဲ့လူနာလို့ ယူဆလို့ရနိုင်ပါပြီ. . .။ အချိန်မီ ပြုစုဖို့ အရေးကြီးပါ တယ်. . .။ ဒါဆိုသင်ဘာလုပ်မလဲစာချစ်သူ. . .။

အပူငုပ်(Heat Exhaustion) လူနာအားဒီလိုရှေးဦးပြုစုပါစာချစ်သူ. . .

ရေပတ်တိုက်ကာကိုယ်ပူချ လေကောင်းလေသန့်ရရှိမှ
ချိုရေဓာတ်ဆားရေများတိုက် လိုအပ်ရင်တော့ဆေးရုံလိုက် . . .လို့

ကျက်မှတ်ထားပေးပါ။

ရေပတ်တိုက်ကာကိုယ်ပူချဆိုတာက လူနာကို ရေပတ်တိုက်ခြင်းဖြင့် ကိုယ်အပူချိန်ကိုလျှော့ချပါ။ လေကောင်းလေသန့်ရရှိမှဆိုတာက လူနာကို လေကောင်းလေသန့်ရရှိရာ အရိပ်အာဝါသကောင်းရာသို့ ရွှေ့ပြောင်းထားပါ။ လိုအပ်လျှင်ဆေးရုံပို့ပါ။ ချိုရေဓာတ်ဆားရေများ တိုက်ဆိုတာကလူနာကို ရေအေးများများတိုက်ပါ။ (ရေခဲရေမဟုတ်) ဓာတ်ဆားဖျော်ရည် အားဖြည့်အချိုရည်တို့တိုက်ပါ။(ဆီးချိုသွေးချိုရှိသော လူနာတွေလည်း သတိထားပါဦးစာချစ်သူ)ဒါဆို ကျွန်တော်တို့အပူငုပ်တဲ့လူနာတွေရဲ့ အသက်ကိုကယ်တင်နိုင်ပါပြီ. . .။ တကယ်လို့သူက ဝမ်းများများသွားနေတယ်ဆိုရင် သွားတဲ့ဝမ်းနဲ့ညီမျှတဲ့ ဓာတ်ဆားရည်ကို တိုက်ဖို့ မမေ့ပါနဲ့(မှတ်ချက် သီးစုံဓာတ်ဆားမဟုတ်)။

အပူရှပ်ခြင်း (Heat Stroke)

ရေပန်းစားနေတဲ့ Heat Stroke ဆိုတာဘာကိုဆိုလိုပါသလဲ။ သာမန်ထက်ပိုတဲ့အပူချိန်ကြောင့် ကျွန်တော်တို့ ခန္ဓာကိုယ်အတွင်းအင်္ဂါတွေရဲ့ လုပ်ငန်းစဉ်တွေ ချို့ယွင်းသွားကာချွေးမထွက်ဘဲအပူချိန်တက်ပြီး နာမကျန်းဖြစ်တာကို Heat Stroke ဖြစ်တယ်လို့ ပညာရှင်တို့ ဆိုကြလေရဲ့။

ရာသီဥတုပူပြင်းမယ်။ ပိတ်လှောင်နေတဲ့ နေရာတွေ လုံတဲ့နေရာတွေမှာနေထိုင်တဲ့အခါ အကာအကွယ်မပါဘဲ ပြင်းထန်စွာအလုပ်တွေလုပ်နေရတဲ့အခါ အားကစားလေ့ကျင့်ခန်းတွေကို နေပူကျဲကျဲမှာ လုပ်ပြီး အအေးခန်းထဲချက်ချင်းဝင်ရောက်တဲ့အခါ အပူထဲမှ ပြန်လာလာချင်း လုံလောက်သောအနားယူချိန်မယူဘဲ ရေချိုးတဲ့အခါတွေ . . . ရာသီဥတုကပူပါတယ်ဆိုဘီယာ၊ အရက်၊ မူးယစ်ဆေးဝါးတွေအလွန်သုံးစွဲတဲ့အခါတွေ စတဲ့ အကြောင်းတရားတွေကြောင့် အပူရှပ်ခြင်း (Heat Stroke) ဖြစ်လာတတ်ပါတယ်။

Heat Stroke ခံစားရပြီဆိုရင် အဲဒီလူဟာ . . .

သားရေနီခြောက် ချွေးမထွက်အဖျားကြီးလို့ လည်းလစ်တယ်ကွဲ့။

သားရေနီဆိုတာက သူဟာအသားရေတွေ နီရဲလာမယ်။ ခြောက်ဆိုတာက အလွန်ပူပြင်းသောကြောင့် အသားအရေတွေ ခြောက်သွေ့နေမယ်။ ချွေးမထွက်ဆိုတာ ချွေးတွေမထွက်တော့ဘူး။ ဖျားကြီးလို့လည်း လစ်တယ်ကွဲ့ဆိုတာက အဖျားကြီးလာမယ်။ (ကိုယ်အပူချိန်တွေ အမြင့်ဆုံးရောက်နိုင်တယ်) စိတ်တွေကယောင်ချောက်ချားဖြစ်မယ်။ တစ်ခါတစ်ရံသူဟာ သတိလစ်သွားတတ်ပါတယ် စာချစ်သူ. . .။

အပူရှပ်ခြင်း (Heat Stroke) ဖြစ်လျှင် ဒီလိုရှေးဦးပြုစုပါစာချစ်သူ

သန့်ရိပ်ရေထူထူဖယ် ရေပတ်တိုက်လို့ လေပေးမယ်
မိနစ် (၃၀) မတိုးတက် ရေစိုဝတ်တင်ဆေးရုံကွဲ့။ (အရကျက်ပါစာချစ်သူ)

သန့်ရိပ် ရေဆိုတာက အပူရှပ်ခြင်းဖြစ်တဲ့လူနာကို လေကောင်းလေသန့်ရသော အရိပ် သို့မဟုတ် အခန်းမှာသက်သောင့်သက်သာလဲလျောင်းထားပါ။ လူနာ၏ ခြေထောက်ကို အနည်းငယ်မြှင့်ထားပါ။ ရေဆိုတာ လူနာကို ရေအေးသို့မဟုတ် ဓာတ်ဆားရည်တိုက်ပါ။ ထူထူဖယ်ဆိုတာ လူနာဝတ်စားထားသော ထူထဲသည့်အဝတ်အစားများကို ဖယ်ရှားပေးပါ။ ရေပတ်တိုက်လို့ ဆိုတာက ရေအေးပတ်တိုက်ပေးပါ။ ရေအေးပတ်တိုက်ပြီး လေပေးမယ်ဆိုတာက ပန်ကာလေသို့မဟုတ် ယပ်ခပ်ပေးပါ။ မိနစ် (၃၀) ထိ မတိုးတက်လာပါက ရေစိုဝတ်လူနာမျက်နှာပေါ်တင်ကာ ဆေးကုသမှုခံယူနိုင်အောင် စီစဉ်ပေးပါ။ ကူညီလမ်းညွှန်ပေးပါ။

အပူရှပ်တာလား၊ အပူငုပ်တာလား ပိုမိုရှင်းလင်းစွာသိဖို့ သူတို့လက္ခဏာတွေကို ဇယားလေးနဲ့ ယှဉ်တွဲပေးလိုက်ပါတယ်စာချစ်သူ . . .။

Heat Stroke အန္တရာယ်မှ ဘယ်လိုကြိုတင်ကာကွယ်မလဲ . . .။

အပူငုပ်ခြင်း၊ အပူရှပ်ခြင်း မဖြစ်စေရန်မှာ နေပူထဲထွက်လျှင် အကာကွယ်ရသော ဦးထုပ်၊ ထီးဆောင်းပါ။ ချွေး အလွန်မင်းထွက်ပါက ဓာတ်ဆားရည်သောက်ပါ။ နေပူထဲတွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းကို ရှောင်ပါ။ ပူအိုက်သော ရာသီတွင် အရိပ်ရသော လေကောင်းလေသန့်ရသော နေရာတွင်နေပါ။ ရိုးရိုးရေအေးနှင့်သာရေချိုးပါ။ ပါးလွှာချောင်ချိသော အဝတ်အစားများကိုသာဝတ်ဆင်ပါ။ နေပူထဲတွင် ပြင်းထန်စွာအားကစားလုပ်ခြင်းကိုရှောင်ကြဉ်ပါ။ ပူအိုက်လွန်းချိန်တွင် အရက်၊ ဘီယာ၊ ဝိုင်၊ မူးယစ်ဆေးဝါးတို့ကို သုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။ နေပူပူမှ ပြန်လာလာခြင်း ရေမချိုးပါနှင့်၊ လုံလောက်စွာ အနားယူပြီးမှ ရေချိုးပါ။ ပူတယ်ဆိုပြီးလည်း ခဏခဏ ရေချိုးရေစိမ်နေခြင်းကို ရှောင်ကြဉ်ပါ။ ပူတယ်ဆိုပြီးရေခဲရေတွေ အအေးတွေ ခဏခဏမသောက်ပါနဲ့။ ရိုးရိုးသာလျှင် သင့်အတွက် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ အရည်ဓာတ်ခန်းခြောက်ခြင်းကို ကာကွယ်နိုင်ရန်အတွက် ရေသို့မဟုတ် အချိုရည်ကိုတစ်ရက်ဖန်ခွက်ရှစ်ခွက်သို့မဟုတ် လေးလီတာခန့်သောက်သင့်ပါသည်။ ဓာတ်ဆားသို့မဟုတ် သီးစုံဓာတ်ဆားများကိုဆောင်ထားသင့်သလို သောက်သုံးသင့်ပါတယ်စာချစ်သူ. . .။ (ဆီးချိုသွေးချိုရှိသူများ သီးစုံဓာတ်ဆားကို ရှောင်သင့်သည်။)

ကဲဒီလောက်ဆို Heat Stroke အန္တရာယ်သတိပြုဆင်ခြင်နိုင်ပြီမို့ အသက်ကို ဉာဏ်စောင့်နိုင်ကြပါစေစာချစ်သူ. . .။

စဉ်	အပူငုပ်ခြင်းလက္ခဏာများ	စဉ်	အပူရှပ်ခြင်းလက္ခဏာများ
၁။	အလွန်ချွေးထွက်	၁။	ချွေးမထွက်
၂။	အသားအရေဖြူဖပ်ဖြူရော်ဖြစ်	၂။	အသားအရေနီမြန်း
၃။	ရေငတ်	၃။	-
၄။	မောပန်းနွမ်းနယ်	၄။	-
၅။	အသားအရေစိုစွတ်အေးစက်	၅။	အသားအရေခြောက်သွေ့
၆။	ပျို့အန်	၆။	-
၇။	ခေါင်းကိုက်	၇။ -	-
၈။	တစ်ခါတစ်ရံဝမ်းသွား	၈။	-
၉။	သွေးခုန်နှုန်းမြန်၍အားနည်း	၉။	-
၁၀။	သာမန်အပူချိန်ရှိခြင်း(အနည်းငယ်အပူချိန်တက်	၁၀။	ကိုယ်ပူချိန်အမြင့်ဆုံးရောက်နိုင်(အဖျားကြီး)
၁၁။	ရေနှင့်ဓာတ်ဆားဆုံးရှုံး	၁၁။	-
၁၂။	-	၁၂။	စိတ်ကယောင်ချောက်ချားဖြစ်
၁၃။	-	၁၃။	သတိလစ်တတ်တယ်(Shock)

မေခ၊ မလိခ မြစ်နှစ်သွယ်နဲ့ ချစ်စဖွယ်ကချင်ပြည်နယ်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ခရမ်းစိုးမြင့်

မေခ၊ မေလိခမြစ်နှစ်သွယ်တို့ဆုံစည်းသည့်မြစ်ဆုံကို ပြည်သူများလာရောက်ကြည့်ရှု အပန်းဖြေနေကြစဉ်။

ကျေးဇူးပြု၍ နားဆင်ပါရှင် ... ကျွန်မတို့လေယာဉ်သည်မြစ်ကြီးနားလေဆိပ်သို့ ဆင်းသက်တော့မည်ဖြစ်ပါ၍ မိမိတို့ထိုင်ခုံခါးပတ်များကိုသေချာစွာပတ်ဆင်ထားပြီး ထိုင်ခုံနောက်မှီများကိုလည်း ပြန်လည်တည့်မတ်စွာထားပေးကြဖို့နှင့် လေယာဉ်တစ်စင်းလုံးရပ်တန့်ပြီးမှသာ လေယာဉ်ပေါ်ကဆင်းကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်... ကျေးဇူးတင်ပါတယ်ရှင်...။

မြစ်ကြီးနားသို့လိုက်ပါလာသော ကျွန်တော်သည် လေယာဉ်မယ်ကလေး၏ ကြေညာသံကြောင့် မြစ်ကြီးနားလေဆိပ်သို့ လေယာဉ်ဆင်းတော့မည်ဖြစ်ကြောင်း သိလိုက်ရ၍ ဖတ်လက်စ သတင်းစာတစ်စောင်ကို ခေါက်သိမ်းပြီး စောစောက ဖြုတ်ထားသော ခါးပတ်ကိုပြန်ပတ်ကာ ထိုင်ခုံနောက်မှီကို ပြန်လည်တည့်မတ်ထားလိုက်သည်။

လေယာဉ်ရပ်တော့ ကျွန်တော် လေယာဉ်ပေါ်က ဆင်းပြီး ဆိုက်ရောက်အဝင်လမ်းတွင် လာကြိုနေသော မြစ်ကြီးနားမြို့နယ် လမ်းဦးစီးဌာနဦးစီးမှူး ဦးခင်စိုးကို တွေ့ရ၍ ၄င်း၏ကားနှင့်ကျွန်တော်တို့ကို တည်းခိုရမည့် ဗလမင်းထင်တံတားထိပ်ရှိ ညည့်ရိပ်သာသို့ ပို့ခဲ့သည်။

ကျွန်တော်တို့မြစ်ကြီးနားသို့လေယာဉ်နှင့်လိုက်ခဲ့ခြင်းမှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ၂၁၈ မိုင်ရှိသည့် ကားလမ်းအကြောင်း သတင်းဆောင်းပါးရေးရန်ဖြစ်သည်။ ထိုကားလမ်းသည် ဒုတိယကမ္ဘာစစ် မတိုင်ခင်က မြစ်ကြီးနားမှတီယန်စွတ်ရွာအထိ ၅၃ မိုင်ခန့်သာ လှည်းလမ်းကလေးရှိခဲ့ပြီး ဆွမ်ပရာဘွမ်-ပူတာအို စသည့်ဒေသသို့ လမ်းမရှိဘဲ ခြေကျင်ခရီးဖြင့်သာ သွားလာနေရသောဒေသဖြစ်သည်။ ယခုအခါ လမ်းဦးစီးဌာနက စီမံကိန်းဝင်လမ်းအဖြစ်သတ်မှတ်၍ တိုးချဲ့ဖောက်လုပ်ပေးမှုကြောင့် ကတ္တရာလမ်းဖြစ်သွားပြီဆိုသောအကြောင်းကို သတင်းကောင်း ရေးချင်သောကြောင့်ဖြစ်သည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသတွင်တည်ရှိပြီး ဧရိယာစတုရန်း မိုင်ပေါင်း ၃၄၃၇၉ ဒသမ ၂၂ ကျယ်ဝန်းသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၂၀၀ တွင် တည်ရှိပြီး မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင်ဟူ၍ လေးခရိုင်နှင့်ဖွဲ့စည်း၍ မြို့နယ်ပေါင်း ၁၈ မြို့နယ်၊ မြို့နယ်ခွဲ ၁၁ခုနှင့်ရပ်ကွက် ပေါင်း ၁၅၂ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၉၇ စု၊ ကျေးရွာပေါင်း ၂၅၇၉ ရွာတို့ဖြင့် ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းထားသည်ဟု သိရသည်။

ကချင်ပြည်နယ်၏ နောက်ခံသမိုင်းကြောင်းမှာ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်းနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ကလေးစသော အထက်မြန်မာနိုင်ငံဒေသကို ပုဂံခေတ်မတိုင်မီကပင် ရှမ်းစော်ဘွားများက အစဉ်အဆက် အုပ်ချုပ်ခဲ့ကြပြီး ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်မှစ၍ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်း ဒေသ မြန်မာမင်းနေပြည်တော်မှ အဝေးရောက် မြန်မာမြို့ဝန်များစေလွှတ်ခန့်ထား အုပ်ချုပ်စေခဲ့သည်။

၁၈၈၆ ခုနှစ်တွင် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသောအခါ မြန်မာမင်းများလက်ထက်က သတ်မှတ်ထားသော အုပ်ချုပ်ရေးဆိုင်ရာ နယ်မြေပိုင်းခြားသတ်မှတ်မှုများကို ဖျက်သိမ်းပြီး ၁၈၈၆ ခုနှစ် ဇွန်လမှစ၍ အထက်မြန်မာနိုင်ငံတစ်ခုလုံးကို ဒိဗီးရှင်း (Division) ခရိုင်ကြီးလေးခု၊ ဒီစ္စတြိတ် (District) စီရင်စု ၁၇ စုဖြင့် အုပ်ချုပ်ရေးနယ်မြေ ပိုင်းခြားသတ်မှတ်ခဲ့ရာတွင် မြောက်ပိုင်းခရိုင်ကြီး၏ စီရင်စုငါးခု၌ ဗန်းမော်စီရင်စု ပါဝင်သည်။ ဗန်းမော်စီရင်စု အရေးပိုင်က ၁၈၉၁ ခုနှစ်တွင် မြစ်ကြီးနားမြို့ကို တည်ဆောက်ခဲ့ပြီး ၁၈၉၅ ခုနှစ်တွင် မြစ်ကြီးနားဒေသသို့ ဗန်းမော်စီရင်စုမှ ခွဲထုတ်၍ မြစ်ကြီးနားစီရင်စုအဖြစ် သီးခြားသတ်မှတ်ခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၆) အရ ဗန်းမော်ခရိုင်နှင့် မြစ်ကြီးနားခရိုင်ကို ပေါင်းစပ်၍ ကချင်ပြည်နယ်အဖြစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့တွင် ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ထိုနေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခေါ်တွင်စေခဲ့သည်။

ကျွန်တော်တို့သည် ရိပ်သာ၌ညအိပ်ပြီး နံနက်စောစောတွင် မြစ်ကြီးနားလမ်းဦးစီးက လာကြိုတဲ့ကားနဲ့ ဆွမ်ပရာဘွမ်ဘက်သို့ ထွက်ခဲ့ကြသည်။ တစ်ဆယ့်တစ်မိုင်ကျေးရွာ၊ အာလံကျေးရွာ၊ ကျိန်ခရန်ကျေးရွာတို့ကို ကျော်ဖြတ်ခဲ့ပြီး တန်ဖဲကျေးရွာရောက်တော့ ကျွန်တော်တို့ကို မြစ်ကြီးနားမှာ ဝန်ထမ်းဘဝနှင့် နှစ်ပေါင်း ၃၀ ခန့်နေခဲ့တဲ့ ဦးခင်စိုးက မြစ်ဆုံကိုပြဦးမယ်ဆိုပြီး ညာဘက်သို့ ကားကိုချိုးကွေ့၍ မောင်းခဲ့ရာ တအောင့်ကြာတော့ "မြစ်ဆုံအပန်းဖြေစခန်းမှ ကြိုဆိုပါ၏"ဆိုတဲ့ အဝင်ဆိုင်းဘုတ်အောက်မှမြစ်ဆုံကမ်းခြေသို့ ကားကိုတောက်လျှောက်မောင်းလာခဲ့ပါတော့သည်။

"လှလိုက်တဲ့မြင်ကွင်း" ကျွန်တော်သည် ကားရှေ့ခန်းမှ ချက်ချင်းဆင်းပြီး မြစ်ဆုံသင်္ကေတအလှကျောက်တုံးကလေးများပေါ်သို့ ပြေးလွှားနေမိသည်။ နောက်ကပါလာတဲ့ တစ်ယောက်က အဘ လဲမယ်၊ အဘ ချော်လဲမယ် ပြောသံကြားမှ ကျွန်တော်ပြေးလွှားနေတဲ့ ခြေလှမ်းများကို ရပ်လိုက်တော့သည်. . .။ ကျွန်တော်သည် မြစ်ကြီးနားသို့ နှစ်ခေါက်ရောက်ဖူးသော်လည်း ပထမအခေါက်က မြစ်ဆုံဘက်သို့ မရောက်ခဲ့ပေ။ ယခုတစ်ခေါက်တော့ မြစ်ဆုံကို ဝင်မည်ဟု ဆုံးဖြတ်ထားပြီး ဆွမ်ပရာဘွမ်ပို့မည့်အဖွဲ့ကိုလည်းကြိုပြောထား၍ မြစ်ဆုံသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်များဖြစ်သော ခါကာဘိုရာဇီနှင့် ဂမ်လမ်ရာဇီတောင်တို့သည် ကချင်ပြည်နယ်တွင်ရှိပြီး ထိုတောင်တန်းများပေါ်ရှိ ဆီးနှင်းရေခဲများ ပျော်ကျကာ ပူတာအိုနှင့် ဆွမ်ပရာဘွမ်တို့ဘက်မှ စီးဆင်းလာသော မေလိခမြစ်တစ်စင်းနှင့် တရုတ်ပြည်နှင့်ချီဗွေတို့ဘက်မှ မြစ်ဖျားခံစီးဆင်းလာသော မေခမြစ်တို့သည် မြစ်ကြီးနားမြို့မြောက်ဘက် ၂၈ မိုင်ခန့်အကွာ တန်ဖဲနှင့်ကျိန်ခရန်ကျေးရွာအနီးတွင်ဆုံကြပြီး ဧရာဝတီမြစ်အမည်ဖြင့် မြန်မာပြည်အနှံ့ဖြတ်သန်းစီးဆင်းနေသည်ဟု ယခင်က ကြားသာ ကြားဖူးသော်လည်း မမြင်ဖူးခဲ့။ ယခုလက်တွေ့မြင်ရတွေ့ရတော့ ဝမ်းသာပီတိဖြစ်မိပြီး မြစ်ဆုံမှ ကျောက်တုံးကလေးများပေါ် ပြေးနေမိခြင်းဖြစ်သည်။

ထိုမြစ်ဆုံတွင် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရန် နားလည်မှုစာချွန်လွှာ (MOU) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ China Power Investment Coporation (CPI) တို့ချုပ်ဆိုခဲ့သည်။ မြစ်ဆုံစီမံကိန်းကို ကချင်ပြည်နယ်သူ ပြည်နယ်သားများအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများက မကျေနပ်ကြသဖြင့် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် မြစ်ဆုံစီမံကိန်းကို ဆိုင်းငံ့ထားခဲ့သည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ပညာရှင်များထောက်ပြချက်မှာ ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသများတွင် သစ်တောများပြုန်းတီးလာခြင်း၊ မြစ်လက်တက်များတွင် ဆည်တည်ဆောက်ခြင်း၊ ရွှေနှင့်ဓာတ်သတ္တုများ အလွန်အကျွံ တူးဖော်ခြင်း၊ မြစ်ကမ်းနံဘေးတွင် ဓာတ်မြေဩဇာစက်ရုံများ တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းတောင်ယာနှင့် စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းတို့ကြောင့် သောက်သုံးရေ ရှားပါးလာခြင်း၊ သောင်ထွန်းမှု ပိုမိုများပြားလာသဖြင့် ရေကြောင်းသွားလာမှု ခက်ခဲလာခြင်း၊ ငါးသယံဇာတရှားပါးလာခြင်းနှင့် မြစ်ကျိုးအင်းများ တိမ်ကောလာမှုတို့ကြောင့် ဒေသခံလူထုများ အသက်မွေးမှုကို ထိခိုက်ခြင်း၊ မိုးတွင်းကာလတွင် မြစ်ရေကြီးမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခြင်း စသည်များကြုံတွေ့နေရသည်။ သို့ဖြစ်၍ မြစ်၏ အထက်ပိုင်းမြစ်ဆုံဒေသတွင် ရေများကို ပိတ်ဆို့၍ ဆည်တည်ဆောက်ပါက ယခုရင်ဆိုင်နေရသော အခြေအနေများထက် ပိုမိုဆိုးရွားသွားနိုင်ပြီး မြစ်တိမ်ကောမည့် အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်းတို့ကို ပညာရှင်များက ထောက်ပြထားသည်ဟု သိရသည်။

ကျွန်တော်တို့သည် မမြင်ဖူးသော မေခ၊ မေလိခ မြစ်အတွင်းသို့ စက်လှေတစ်စင်းဖြင့် ဆန်တက်ကြည့်ခဲ့ကြသည်။ မြစ်ကြီးနားတွင် မေခ၊ မေလိခ မြစ်နှစ်စင်းနှင့် ဧရာဝတီမြစ်မင်းတို့ရှိကြသည်။ သည်နေရာ သည်ဒေသသည် သဘာဝကပေးထားသော အလှတရားများဖြစ်သည့် သည်တော၊ သည်တောင်၊ သည်မြစ်၊ ဒီရေများသည် ဒေသတွင်းရှိ တိုင်းရင်းသူ တိုင်းရင်းသားများအတွက် လောကကဖန်ဆင်းပေးထားသော အလှတရားများဖြစ်သောကြောင့် ထာဝရတည်ရှိနေပါစေဟု ဆုတောင်းရင်း ကျွန်တော်တို့ကားလေးသည် ဆွမ်ပရာဘွမ်ဘက်သို့ ခရီးဆက်ခဲ့ပါတော့သည်။

ကျိန်ခရန်နှင့်တန်ဖဲကျေးရွာမြစ်ဆုံအဝင်တွင် "မြစ်ဆုံအပန်းဖြေစခန်းမှ ကြိုဆိုပါ၏" အဝင်ဆိုင်းဘုတ်ကိုတွေ့ရစဉ်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် နံ့သာသွေးပွဲ တောရောမြို့ပါ ဆင်ယင်နွှဲ

သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ-ခညစော

၁၃၇၇ ခု မြန်မာနှောင်းတန်ခူးလဆန်း ၅ ရက်၊ ရခိုင်တန်ခူးလဆန်း ၅ ရက် (ဧပြီ ၁၂ ရက်) သည်ကား သင်္ကြန်အကြိုနေ့ ဖြစ်ပေသည်။ ရခိုင်တို့ အလိုအရ သင်္ကြန်အဖိတ်နေ့ဖြစ်သည်။ ဤနေ့တွင် ရခိုင်ရိုးရာဓလေ့အရ မြို့တိုင်း၊ ရွာတိုင်းတွင်တောရော မြို့ပါမကျန် နံ့သာ၊ ကရမက်တို့ကိုသွေးကာ နံ့သာသွေးပွဲကို အစဉ်အလာမပျက် ပြုလုပ်ကျင်းပလာကြသည်မှာ ယနေ့တိုင်ရှိခဲ့ပေပြီ။ သွေးပြီးသော နံ့သာရည်၊ ကရမက်တို့ကို ငွေဖလားတွင်ထည့်ကာ နောက်တစ်နေ့နံနက် (သီတင်းနေ့နံနက်)ပိုင်းတွင် မိမိတို့နှင့် နီးရာ ကျောင်း၊ သိမ်များရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများအား ရေသပ္ပာယ်ကြသည်။ဤသည်ကို ရခိုင်စကားအရ ဘုရားရီချိုးသည်ဟု ခေါ်ဆိုပါသည်။

ရခိုင်ရိုးရာဘုရားရီချိုးခြင်းနှင့် ရီလောင်းခြင်းဓလေ့

ရခိုင်ပြည် တတိယဓညဝတီခေတ် ရခိုင်သက္ကရာဇ် ၉၇ ခု (BC580) တွင် စန္ဒသူရိယမင်းနန်းတက်တော်မူသည်။ နန်းသက် ၂၆ နှစ်မြောက် မဟာသက္ကရာဇ် ၁၂၃ ခုတွင် အနောက်မဇ္ဈိမဒေသ၌ ဂေါတမမြတ်စွာပွင့်တော်မူကြောင်း ဘုရင်ကြီးသိရှိတော်မူသည်။ ဘုရင်ကြီးစန္ဒသူရိယသည် မြတ်စွာဘုရားအား ဖူးမြော်လိုစိတ်ပြင်းပြသဖြင့် နန်းဦး၌ ပန်း၊ ပေါက်ပေါက်၊ ဆီမီး၊ အမွှေးနံ့သာ၊ တံခွန်၊ ကုက္ကားတို့ဖြင့် ဆုတောင်းကာ မြတ်ဗုဒ္ဓအား ပင့်လျှောက်တော်မူသည်။

ဤအချိန်တွင် ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူချိန်ဖြစ်သည်။ မြတ်ဗုဒ္ဓသည် ရွှေဉာဏ်ဖြင့် ကြည့်ရှုတော်မူရာ ဓညဝတီရခိုင်ပြည်သို့မကြွရောက်ပါက စန္ဒသူရိယမင်းသည် ဤစိတ်ဖြင့် နတ်ရွာစံတော်မူမည်ကို မြင်တော်မူ၍ မဟာသက္ကရာဇ် ၁၂၃ ခု ကဆုန်လတွင် နောက်ပါ ရဟန္တာငါးရာနှင့်အတူ ကောင်းကင်ခရီးဖြင့် ဓညဝတီရခိုင်ပြည်သို့ ကြွရောက်တော်မူခဲ့ပြီး သေလာဂီရိအမည်ရှိသော ကျောက်တော်တောင်ထိပ်၌ ရပ်တန့်တော်မူသည်။ မြတ်ဘုရားရောက်ရှိတော်မူကြောင်း ဘုရင်စန္ဒသူရိယ သိလေသော် မှူးမတ်၊ ဗိုလ်ပါများနှင့်တကွ မြတ်ဘုရားထံသို့ သွားရောက်ကာ နန်းတော်သို့ကြွရောက်ရန် ပင့်လျှောက်လေသည်။ ဘုရင်၏ ပင့်လျှောက်ချက်ကြောင့် မြတ်စွာဘုရားသည် နန်းတော်သို့ ကြွရောက်ကာ ခုနစ်ရက်တိုင်တိုင် တရားဟောတော်မူသည်။ ထိုအချိန်မှစ၍ ရခိုင်လူမျိုးတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်သွားပြီဖြစ်သည်။ ခုနစ်ရက်ပတ်လုံး တရားဟောပြီးနောက် မြတ်ဗုဒ္ဓသည် အနောက်မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူမည်ပြုရာ ဘုရင်ကြီးက ကိုယ်စားတော်တစ်ဆူကို ထုထားကိုးကွယ်မှုပြုရန် လျှောက်ထားသဖြင့် ဗုဒ္ဓမြတ်စွာက ကိုယ်တော်နှင့် မယုတ်မလွန် အတိုင်းအတာရှိသော ကိုယ်ပွားတော်တစ်ဆူကို ရတနာကိုးပါးဖြင့် သွန်းလုပ်တော်မူစေရာ မဟာသက္ကရာဇ် ၁၂၃ ခု ကဆုန်လပြည့်ကျော်တစ်ရက် ကြာသပတေးနေ့ နံနက်တွင် သွန်းလုပ်ပြီးစီးသည်။ မြတ်ဘုရားကိုယ်စားတော် မဟာမြတ်မုနိရုပ်ပွားတော်အား ဘုရင်နှင့်တကွ ပြည်သူပြည်သားများပါ နံ့သာရည်၊ ကရမက်ရည်များဖြင့် သွန်းလောင်းပူဇော်ကြသည်။ ကြွင်းကျန်သော အမွှေးနံ့သာရည်၊ ကရမက်ရည်များဖြင့် ကျန်းမာချမ်းသာစေရန် အချင်းချင်းပက်ဖျန်းကြသည်။ ဤအချိန်မှစ၍ ရေလောင်းပွဲလည်း စတင်ပေါ်ပေါက်ခဲ့သည်ဟု ရခိုင်စာပေအထောက်အထားများအရ သိရှိရသည်။

"ကျွန်တော်တို့ရခိုင်မှာ နံ့သာသွေးကာ ရေလောင်းတာဟာ မဟာမုနိကို သွန်းလောင်းတာက အစပြုခဲ့တာပါ။ ဗုဒ္ဓမြတ်စွာရဲ့ကိုယ်စား မဟာမုနိရုပ်ပွားတော်ကို မဟာသက္ကရာဇ် ၁၂၃ ခုမှာ သွန်းလုပ်ခဲ့တယ်။ သွန်းလုပ်ပြီးတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို မင်းနဲ့ ပြည်သူတွေ နံ့သာ၊ ကရမက်ရည်တွေနဲ့ သွန်းလောင်းတယ်။ ကြွင်းကျန်တဲ့အရည်တွေနဲ့ တစ်ဦးနဲ့တစ်ဦး ပက်ဖျန်းကြတယ်။ ဒီအချိန်ကပင်စပြီး ရခိုင်တို့ရဲ့ ရေလောင်းဓလေ့လည်း စလာတာပါ" ဟု စစ်တွေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဗဂျီးကျော်(စစ်တွေ)က ပြောပြသည်။

ရခိုင်တို့ဓလေ့တွင် ဘုရားရေသပ္ပာယ်(ဘုရားရီချိုး)ပြီးမှသာ အချင်းချင်း ရေလောင်းကြသည်မှာ မြတ်ဘုရားအား အလေးထားသော မွန်မြတ်သည့် ဓလေ့တစ်ခုဖြစ်ကြောင်း မှတ်ယူရမည်ဖြစ်သည်။ ဘုရားကို အလေးထားခြင်း ပင်ဖြစ်သည်။

ကံ့ကော်၊ ပိတောက်၊ ငုဝါပန်းနှင့် တောပန်း၊ တောင်ပန်းတို့ ပွင့်လန်းချိန်၊ မိဿရာသီ စိတြနက္ခတ်ထွန်းချိန်၊ အလှထူးသည့် လတန်ခူးတွင် ရှေးရိုးရာ အစဉ်အလာအတိုင်း သင်္ကြန်ပွဲကို ကျင်းပလာခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။ ယခုနှစ်တွင် သင်္ကြန်အကြတ်နှစ်ရက်ဖြစ်ရာ နှစ်ဆန်းတစ်ရက်ထိဆိုပါက ငါးရက်ဖြစ်သည်။ ရခိုင်ဓလေ့တွင် နှစ်ဆန်းတစ်ရက်နေ့အထိ ရေလောင်းကြကြောင်း သိရသည်။

နံ့သာသွေးပွဲ တောရောမြို့ပါ ဆင်ယင်နွှဲ

၁၃၇၇ ခု ရခိုင်ရိုးရာသင်္ကြန်ပွဲ၏ နံ့သာသွေးပွဲကို စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် ယနေ့နံနက် ၉ နာရီကကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့သူမြို့သားများ တက်ရောက်ကြောင်း သိရသည်။

နံ့သာသွေးပွဲသို့ စစ်တွေမြို့ပေါ်ရပ်ကွက်မှ အသင်းပေါင်း ၃၀ နှင့် ဌာနဆိုင်ရာအသင်း ၁၈ သင်း စုစုပေါင်း ၄၈ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

"ကျွန်မတို့ ခုလိုနံ့သာသွေးပြိုင်ပွဲပါဝင်ရတာကို ဂုဏ်ယူပါတယ်။ ကိုယ့်ရဲ့ ရိုးရာအစဉ်အလာကို ထိန်းသိမ်းတဲ့ ဒီလိုပွဲတွေကို ကျင်းပပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့သွေးတဲ့ နံ့သာရည်တွေနဲ့ မနက်ဖြန်ဆို ဘုရားရေချိုးမယ်လေ။ ဒါကြောင့် ကုသိုလ်လည်းရမှာပါ။ ရခိုင်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမှုမရှိရင် ကြာလာတော့ ပျောက်သွားမှာပေ့ါ။ ယဉ်ကျေးမှု ပျောက်ရင် လူမျိုးပါ ပျောက်တယ်လို့ လူကြီးတွေက ပြောကြတယ်လေ။ ဒါကြောင့် ခုလို ပါဝင်ရတာလည်း လူမျိုးကို စောင့်ရှောက်တဲ့သဘောပါ" ဟု စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်မှ နံ့သာသွေးပြိုင်ပွဲဝင်တစ်ဦးက ပြောပြသည်။

ဤသို့ နံ့သာသွေးပွဲများကို ရခိုင်ပြည်နယ်ရှိ မြို့နယ်များ၌ အသင်းအဖွဲ့အလိုက် လည်းကောင်း၊ ရပ်ကွက်အလိုက်လည်းကောင်း တောရောမြို့ပါ ကျင်းပကြောင်း သိရသည်။

လေရှူးဆော်သွေးသော၊ ပန်းရနံ့များ ကြိုင်သင်းသော ၊ ဥသြတွန်သာချိုမြသောနွေဦးရဲ့လတန်ခူးမှာ သင်္ကြန်ပွဲတော်အား ရခိုင်ပြည်နယ်တွင်သာမက မြန်မာတစ်နိုင်ငံလုံး၊ ရပ်ဝေးမြေခြားရောက်နေသူအားလုံးကပါ ကျင်းပကြမည်ဖြစ်သည်။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော သင်္ကြန်ပွဲတော်တွင် မိမိရိုးရာဓလေ့များကို ထိန်းသိမ်းကာ နွှဲပျော်ပေးကြဖို့ တိုက်တွန်းရေးသားလိုက်ရပေသည်။

ဆင်ဖြူတော်ဘုရားကြီး လူငယ်များက စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

သရက် ဧပြီ ၁၃

မကွေးတိုင်းဒေသကြီး သရက်မြို့ ပြည်တော်အေးရပ်ကွက်တွင် ဆင်ဖြူတော်ဘုရားကြီး လူငယ်များအဖွဲ့က စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပခြင်းကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီက ဆင်ဖြူတော် ဘုရားဓမ္မာရုံအတွင်း ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှေးဦးစွာ ကန်တော့ခံ အဘိုးအဘွား ၇၇ ဦးနှင့် ဆင်ဖြူတော်ဘုရားကြီး လူငယ်များက ကိုးပင်ကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလခံယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချသွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် ကန်တော့ခံ သက်ကြီး ဘိုးဘွား ၇၇ ဦးအား ကန်တော့ခဲ့ကြရာ ကန်တော့ခံ အဘိုး၊ အဘွား နှစ်ဦးက ဆုံးမဩဝါဒစကား ပြောကြားသည်။

ယင်းနောက် ကန်တော့ခံ အဘိုး၊ အဘွားများကို ဆင်ဖြူတော်ဘုရားကြီး လူငယ်များက အလှူငွေနှင့် ဆေးဝါးများကို လှူဒါန်းခဲ့ပြီး သက်ကြီး ဘိုးဘွား ၇၇ ဦးအား နံနက်စာဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဘုရားကြီးကျေးရွာတွင် ဦးကျော်သူ ပရဟိတကွန်ရက်အဖွဲ့ ဦးစီး၍ ကမ္ဘာ့ဇအနာဂတ်အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းမိသားစု၏ ကုသိုလ်ပြု တူးဖော်လှူဒါန်းမှုဖြင့် နှစ်လက်မ အဝီစိစက်ရေတွင်း တူးဖော်ခဲ့ရာ ရေချိုရရှိ၍ ရေစက်ရုံ၊ အုတ်ရေကန်များ ဆောက်လုပ်ပြီးစီးခဲ့ပြီး သင်္ကြန်အကြိုနေ့ ဧပြီ ၁၂ ရက်က ကျေးရွာသူ ကျေးရွာသားများ အဆိုပါစက်ရေတွင်းမှ ရေများ လာရောက်ခပ်ယူနေသည်ကို တွေ့မြင်ရစဉ်
ကိုကျော်(သုံးခွ)

မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာ(၅)ရွာသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

သာစည် ဧပြီ ၁၃

မြစိမ်းရောင်စီမံကိန်း တစ်နှစ်ပြည့်ကျေးရွာများဖြစ်သည့်ကျောက်ပနား၊ ကျားပစ်ကန်၊ ကျောက်အိုး၊ ကျောက်ပြားတောင်၊ ဇဝင်း၊ မြိုင်သာ၊ ဥသျှစ်ကုန်း(တ)၊ မကျီးရိုး၊ ပေါက်တော၊ သမန်းကန်၊ ဆည်ကြီး(မ)ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဧပြီ ၁၂ ရက်တွင် ဒုတိယအကြိမ်မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်းပေါင်း ၁၅၇၇ သိန်းကျော်ကိုကျေးရွာများရှိ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်ကြသည်။ အလားတူပင် ဧပြီ ၁၁ ရက်ကလည်း မြစိမ်းရောင်ရန်ပုံငွေ နှစ်နှစ်ပြည့်ကျေးရွာများဖြစ်သည့် ကပ်ကျေးအင်း၊ နတ်မြောင်း၊ ရွာပုလဲလေး၊ ကျောက်ပုံကုန်း၊ လူးကုန်း စသည့်ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အဖွဲ့လိုက်ကွင်းဆင်း၍တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာရန်ပုံငွေကျပ်သိန်းပေါင်း ၃၀၉၄ သိန်းကို အဆိုပါကျေးရွာများရှိ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

မောင်ကို (သာစည်)

အလေးထားစောင့်ကြည့်ရန်လိုအပ်နေသော အခြေခံစားကုန်ဈေးနှုန်းများ

ခင်ဆိုင်

အစိုးရသစ်၏ရက် ၁၀၀ အတွင်း အများပြည်သူအပေါ် အကျိုးရှိစေမည့် လုပ်ဆောင်ချက်များကို မြင်တွေ့လိုကြသည်။ ဧပြီလဆန်း ရက်သတ္တတစ်ပတ်ကျော်ကာလအတွင်း နိုင်ငံပိုင်သတင်းစာများတွင် သတင်းအပါအဝင် ကဏ္ဍပေါင်းစုံ ပြောင်းလဲဖော်ပြလာမှု၊ ကုန်စည်သယ်ယူရေးတွင် တွေ့ကြုံနေရသည့် လမ်းတံတားအချို့ ငွေကြေးကောက်ခံမှုပယ်ဖျက်လိုက်မှု၊ ရန်ကုန်မြို့တွင် သင်္ကြန်ပွဲတော်ကျင်းပပုံစံပြောင်းလဲမှု၊ နိုင်ငံရေးအကျဉ်းသားအချို့ ပြန်လည်လွတ်မြောက်လာမှုတို့ကို မြင်တွေ့လာရသည်။

သင်္ကြန်မတိုင်မီ နေရပ်ပြန်မည့်ခရီးသွားများပြားမှုအပေါ် သယ်ယူပို့ဆောင်ရေးယာဉ်များ မလုံလောက်သည့်အတွက် ရထား၊ ကား၊ ရေယာဉ်လက်မှတ်များ ဝယ်ယူရာတွင် အခက်အခဲရှိခြင်း၊ သတ်မှတ်နှုန်းထားများထက်ပိုမိုပေးဝယ်နေရခြင်းများ ရှိနေဆဲဖြစ်သည်ကို မီဒီယာများတွင် ဖတ်ရှုနေရသည်။

ရန်ကုန်မြို့ မဟာသင်္ကြန်တွင် စီးပွားရေးဆန်၍ လုပ်ဆောင်နေမှုမှ ရိုးရာသင်္ကြန်အသွင်ကူးပြောင်းမှု ယခုနှစ်မှစ၍ မြင်တွေ့လာရသည်။

သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင်လည်း အများပြည်သူ သက်သာချောင်ချိစွာသွားလာနိုင်ရေးအစား သင်္ကြန်စီးပွားရေးအသွင်ဆောင်နေသော ရန်ကုန်မြို့တွင် အဝေးပြေးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ်တွင်မူ နှစ်စဉ်တွေ့ကြုံနေခြင်းမျိုး ယခုနှစ်တွင် ထပ်မံကြုံတွေ့နေရဦးမည်ဖြစ်သည်။ ယာဉ်ပိုင်ရှင်များအနေဖြင့် အကျိုးစီးပွားအမြတ်ရရှိရေးအမြင်ဖြင့် လုပ်ဆောင်ခြင်းအပေါ် ဝေဖန်ပြောဆိုလိုခြင်းမရှိပါ။ သို့သော် သင်္ကြန်စီးပွားရေးအသွင်ဆောင်နေသော ရန်ကုန်မြို့တွင်းနှင့် အဝေးပြေးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ် ထိရောက်သော ကြီးကြပ်ကွပ်ကဲမှု အားနည်းနေဆဲဖြစ်သည်ကို လက်ရှိသင်္ကြန်မတိုင်မီကာလအတွင်း ယာဉ်စီးခပိုမိုကောက်ခံသော ယာဉ်လိုင်း ၁၃ လိုင်းရှိသည်ဟု ဧပြီ ၁၀ ရက်တွင် ပုဂ္ဂလိက နေ့စဉ်သတင်းစာ၌ ဖော်ပြထားခြင်းမှ သိမြင်နိုင်သည်။

သင်္ကြန်ပိတ်ရက်အတွင်း ရန်ကုန်မြို့တွင်းပြေးဆွဲမည့်ယာဉ်လိုင်းနှင့် ယာဉ်အရေအတွက်နှင့်အတူ ယာဉ်စီးခပိုမိုကောက်ခံလျှင် အရေးယူမည့်သတင်းထုတ်ပြန်မှုကို နှစ်စဉ်နှစ်တိုင်းကဲ့သို့ ယခုနှစ်တွင်လည်း ထုတ်ပြန်လာမှုရှိသည်။

သတင်းလောက၊ သယ်ယူပို့ဆောင်ရေးလောက စသည့်ကဏ္ဍများတွင် သိသာမြင်သာသော ပြောင်းလဲမှုမြင်တွေ့လာရသော်လည်း အများပြည်သူအထူးသဖြင့် ဝင်ငွေနည်းလူတန်းစားများ အားထားစီးနင်းနေရသော သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်မူ ယခင်အတိုင်း အစိုးရသစ်လက်ထက်တွင် မြင်တွေ့ကြုံတွေ့နေရဆဲဖြစ်နေသည်။

နှစ်စဉ်ထုတ်ပြန်နေကျ ထုတ်ပြန်ကြေညာခြင်းထက် လက်တွေ့တွင် ယာဉ်လိုင်းအဖွဲ့အစည်းအောက်တွင်ရှိသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအပေါ် ထိရောက်သော အရေးယူနိုင်မှုအားနည်းနေခြင်းများ အစိုးရသစ်လက်ထက်တွင်လည်း ဆက်လက်ရှိနေခြင်းမျိုး ဖြစ်နေသည်။

စက်သုံးဆီဈေးနှုန်း ကျဆင်းနေခြင်း၊ လမ်း-တံတားကြေးအချို့ ပယ်ဖျက်ခြင်းများရှိသော်လည်း အသွားအပြန်ခရီးတွင် ခရီးစဉ်ကုန်တခြမ်း ခရီးသည်မပါဘဲ မောင်းနှင်ရသည်ဟူသော အကြောင်းပြချက်ဖြင့် ယာဉ်စီးခများ ပိုမိုကောက်ခံယူကြသည်။

အစဉ်အလာမပျက် ခရီးသည်များ သတ်မှတ်ကားခနှုန်းထက် ပိုမိုပေး၍ စီးနင်းနေရခြင်းအပေါ် သက်ဆိုင်ရာယာဉ်လိုင်းအဖွဲ့အစည်းများမှ ထုတ်ပြန်ထားသောအရေးယူဆောင်ရွက်မှုသည် ထိရောက်သောနည်းလမ်းမဟုတ်ဟု ခရီးသွားများက ပြောဆိုနေကြသည်။

အစိုးရသစ်လက်ထက်အတွင်း အများပြည်သူနေ့စဉ်ဝယ်ယူစားသုံးနေရသော ကုန်စည်ဈေးနှုန်းများအကြောင်းအမျိုးမျိုးပြ ဈေးမြှင့်ရောင်းချခြင်းမျိုးထပ်မံမကြုံတွေ့ရန် အထူးလိုအပ်နေသည်ဟု စားသုံးသူများကပြောသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ သင်္ကြန်ကာလတွင် စီးပွားရေးအသွင်ဆောင် အကျိုးအမြတ်ရယူနေခြင်းသည် ယာဉ်လိုင်းအဖွဲ့အစည်းများအပေါ် တာဝန်ရှိသကဲ့သို့ အများပြည်သူသုံး နေ့စဉ်ဝယ်ယူနေရသော အခြေခံစားသောက်ကုန်ဈေးနှုန်းများ ပုံမှန်မဟုတ်သော ဈေးနှုန်းမြင့်တက်လာမှုတွင်လည်း ကုန်ရောင်း-ကုန်ဝယ်ပြုလုပ်နေသူများ၏ အသင်းအဖွဲ့များအပေါ် တာဝန်ရှိနေသည်။ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပူးပေါင်းဆောင်ရွက်မည်ဟု ပြောဆိုခြင်းကို လက်တွေ့သက်သေပြရန် ပိုမိုအရေးကြီးသည်ဟု ဘုရင့်နောင်ပွဲရုံဝင်း ရေတမာလမ်းမှ ကုန်သည်တစ်ဦးက သုံးသပ်ပြောဆိုသည်။

ကုန်ရောင်း-ကုန်ဝယ်လောကတွင် အမြတ်အစွန်းရယူလို၍ ကုန်ရောင်း-ကုန်ဝယ်လုပ်ငန်း လုပ်ကိုင်ခြင်းဖြစ်သည်။ ဈေးနှုန်းတို့မည်သည် အတက်-အကျပြောင်းလဲနေမည်။ တည်ငြိမ်နေ၍မရ။ ဈေးနှုန်းကျဆင်းရန် ညွှန်ကြား၍မရ။ ဈေးကွက်အတွင်းရောင်းလိုအား ဝယ်လိုအား အချိုးညီ-မညီ ပြည်တွင်းသီးနှံထွက်ရှိမှု၊ ပြည်ပမျိုးတူ သီးနှံထွက်ရှိမှု၊ ပြည်ပဈေးနှုန်း၊ ငွေလဲနှုန်းတို့အပေါ် မူတည်၍ ဈေးနှုန်းပြောင်းလဲနေခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။

ပြည်တွင်း-ပြည်ပရာသီဥတု၊ နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှုအပေါ်တွင်လည်း ကုန်ဈေးနှုန်းအတက်အကျဖြစ်ပေါ်လေ့ရှိသည်။ ကုန်ဈေးနှုန်းပြောင်းလဲမှုများအနက် အများပြည်သူ နေ့စဉ်ဝယ်ယူစားသုံးနေရသော ကုန်စည်သီးနှံများ၏ ပုံမှန်မဟုတ်သော ဈေးနှုန်းများမြင့်တက်လာမှုတွင် ကြောင်းကျိုးခိုင်လုံမှုမရှိပါက ကုန်သည် အသင်းအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအုပ်ချုပ်သူများအနေဖြင့် တားဆီးအကာအကွယ်ပေးရန် လိုအပ်သည်။

ကုန်ဈေးနှုန်းမြင့်တက်လာတိုင်း ဝိသမလောဘသားအချို့ကြောင့်ဟု ပြစ်တင်ဝေဖန်ပြောဆိုခြင်းဖြင့် မလုံလောက်ပါ။ ယင်းတို့သော အမည်ဆိုးအတပ်ခံရသော လှောင်လက်များအနေဖြင့် ရရှိခဲ့သည့် အကျိုးစီးပွားခံစားရမှုပမာဏ မည်မျှများပြားသည်ကို ယခုနှစ်ပိုင်းအတွင်း တွေ့ကြုံရသော ဆန်၊ ကြက်သွန်နီ၊ စားအုန်းဆီဈေးနှုန်းလွန်ကဲစွာမြင့်တက်လာမှုမှ သိမြင်နိုင်သည်။

၂၀၁၅ ဇူလိုင်လလယ်နောက်ပိုင်း အထက်မြန်မာပြည်ဒေသအချို့ ရေကြီးရေလျှံဖြစ်မှုကို အကြောင်းပြု၍ ၂၀၁၅ ဩဂုတ်လ ၃ ရက် တနင်္လာနေ့ ရန်ကုန်ဆိပ်ကမ်းဆန်ကုန်သည်ဆိုင်တွင် ဆန်ကြမ်းတစ်အိတ် ငွေကျပ် ၂၀၀၀၀ ဝန်းကျင် စတင်ဈေးမြင့်တက်ခဲ့သည်ကို ကုန်စည်ဒိုင်များ၊ ဆန်ရောင်းဝယ်သူများ တွေ့ကြုံခဲ့ရသည်။ သို့သော် ယင်းဆန်ဈေးနှုန်းတက်ရခြင်းမှာ ရေစီးရေလျှံမှုကြောင့် လျှုဒါန်းလိုသူတို့ အလုအယက်ဝယ်ယူမှုကြောင့် ရန်ကုန်ဈေးကွက်တွင် ဆန်ဈေးတက်ရသည်ဟု မီဒီယာများတွင် ဖော်ပြထားကြသည်။ တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀ ဝန်းကျင်ဖြင့် ဈေးကွက်တွင် ဈေးတည်ငြိမ်ခဲ့သော်လည်း နယ်မှ ဆန်ပွဲစားများအချို့၏ ဈေးမြှင့်ခေါ်မှုမှ ဆန်ဈေးတက်လာခြင်းဖြစ်သည်။ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ အောက်တွင်သာရှိသော ဆန်ကြမ်းဈေးနှုန်းသည် တစ်အိတ်လျှင် ငွေကျပ်၂၄၀၀၀ ဝန်းကျင်အထိ မြင့်တက်လာသည်။ ပြည်ပသို့တင်ပို့သောဆန်များအပြင် ပြည်ပမှ ဆန်များနည်းမျိုးစုံဖြင့် ဈေးကွက်သဘာဝအရ ပြည်တွင်း ဈေးကွက်သို့ ဝင်ရောက်ခဲ့သည်။

> **သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ သင်္ကြန်ကာလတွင် စီးပွားရေးအသွင်ဆောင် အကျိုးအမြတ်ရယူနေခြင်းသည် ယာဉ်လိုင်းအဖွဲ့အစည်းများအပေါ် တာဝန်ရှိသကဲ့သို့ အများပြည်သူသုံး နေ့စဉ်ဝယ်ယူနေရသော အခြေခံစားသောက်ကုန်ဈေးနှုန်းများ ပုံမှန်မဟုတ်သော ဈေးနှုန်းမြင့်တက်လာမှုတွင်လည်း ကုန်ရောင်း-ကုန်ဝယ်ပြုလုပ်နေသူများ၏ အသင်းအဖွဲ့များအပေါ် တာဝန်ရှိနေ**

အလားတူ ရေကြီးရေလျှံမှုကို အကြောင်းပြု၍ ကြက်သွန်နီစိုက်ခင်းများပျက်စီးခြင်း၊ လှောင်ကြက်သွန်များပျက်စီးခြင်းများရှိသည်ဆိုသော သတင်းများနှင့်အတူ ၂၀၁၅ စက်တင်ဘာလကုန်မှစ၍ ကြက်သွန်နီဈေးနှုန်း စတင်မြင့်တက်လာသည်။

ဒီဇင်ဘာ ၄ ရက်တွင် ပြည်တွင်း ကြက်သွန်နီအလုံးကြီး အရှယ်အပါး တစ်ပိဿာ ၃၇၀၀ ကျပ်ထိ ကုန်စည်ဒိုင်ဈေးနှုန်းတွင် ဖော်ပြထားသည်။ ပုံမှန်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိရမည့် အပါးစံချိန်တင်မြင့်တက်၍ ကြက်သွန်နီလှောင်သူများ ပုံမှန်နှစ်ထက် ငွေကျပ် သိန်းပေါင်း ၇၅၀၀၀ ဝန်းကျင် အကျိုးအမြတ်ရရှိခဲ့သည်ဟု ဈေးကွက်အတွင်း ဝင်ရောက်သော ကြက်သွန်နီပမာဏနှင့် မြင့်တက်လာသောဈေးနှုန်းတို့အပေါ်တွင်တွက်ချက်၍သတင်းရေးသားဖော်ပြခဲ့ပါသည်။

၂၀၁၆ ခုနှစ် မတ်လအတွင်း အစိုးရသစ် အကူးအပြောင်း ပြင်ဆင်ချိန်တွင် ပြည်တွင်းစားအုန်းဆီဈေးနှုန်းတည်ငြိမ်မှုအပေါ် လုပ်ဆောင်မှုအားနည်းချက်ကြောင့် ပြည်ပစားအုန်းဆီဈေး မြင့်တက်မှုကို အကြောင်းပြု၍ အမြတ်တင်ရောင်းချမှုများဖြစ်ပေါ်ခဲ့သည်။ ပြည်ပမှ ပြည်တွင်းသို့ စားအုန်းဆီ အလုံအလောက်ရောက်ရှိနေသော်လည်း ရန်ကုန်ဈေးကွက်တွင် ပြည်ပမှ ဆီတင်သွင်းလာသူအချို့ အပါအဝင် ဆီရောင်းချသူများ ဆီသင်္ဘောမရောက်ရှိမှု၊ ဆီကန်မှ ထုတ်ယူမှုအခက်အခဲကို အကြောင်းပြု၍ ဆီအရောင်းပိတ်မှုတို့ကြောင့် ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းထက် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀ ဝန်းကျင် ဈေးတင်ရောင်းချလာကြသည်။ ဆီတစ်တန်လျှင် ငွေကျပ်တစ်သိန်းဝန်းကျင် ပုံမှန်ထက်ပိုမိုအမြတ်ရရှိကြ၍ မတ်လလယ်နောက်ပိုင်း ဆီသင်္ဘောလေးစင်းတင်ဆောင်လာသဖြင့် ဆီတင်သွင်းသည့် လုပ်ငန်းရှင်များ ပြည်တွင်းဆီရောင်းချသူများအနက် လက်ဝယ်ဆီရှိသူများ ငွေကျပ်သိန်းပေါင်း ၂၀၀၀၀ ဝန်းကျင် ပုံမှန်အမြတ်ထက် ပိုမိုရရှိလာသည်ဟု သိရသည်။

ပြည်ပစားအုန်းဆီဈေးနှုန်းမြင့်တက်၍ ပြည်တွင်းဈေးမြင့်တက်လာရသည်ဟု ဆိုသော်လည်း မတ်လ ၃၁ ရက်တွင် ပြည်ပစားအုန်းဆီတစ်တန်လျှင် ၇၂၀ ဒေါ်လာရှိက ပြည်တွင်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၁၈၀၀၊ ဧပြီလ ၅ ရက်တွင်မူ ပြည်ပဈေးနှုန်း တစ်တန်လျှင် ၇၅၀ ဒေါ်လာရှိပြီး ပြည်တွင်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၁၇၃၀ သာ ရှိနေသည်။ ပြည်တွင်းတွင် ဈေးနှုန်းတက်လို၍ နိုင်ငံခြားဈေးအကြောင်းပြပြောဆိုခြင်းသာဖြစ်သည်ဟု သိမြင်နိုင်သည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင်လည်း အများပြည်သူနေ့စဉ်ဝယ်ယူသုံးစွဲရသည့် အခြေခံစားကုန်များ လှောင်လက်များ လက်ဝယ်သိုလှောင်ထားရှိပြီးဖြစ်သည်။ ကိန်းဂဏန်းအတိအကျ မသိရသော်လည်း အကြောင်းအမျိုးမျိုးပြ၍ ဖြစ်သင့်သောဈေးနှုန်းထက် ပိုမိုမြင့်တက်လာမှုများ ဖြစ်ပေါ်လာနိုင်သည်ကို စောင့်ကြည့်တားဆီးနိုင်ရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

ဘိုးဘွားရိပ်သာများအား ကြည့်ရှုစစ်ဆေး

ညောင်လေးပင် ဧပြီ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ စက်ရုံလမ်းရှိ စေတနာလူမှုကူညီရေးအသင်း ဘိုးဘွားရိပ်သာသို့ရောက်ရှိလာရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် တာဝန်ရှိသူများသည် ညောင်လေးပင်ဘိုးဘွားရိပ်သာရှိဘိုးဘွား ၂၇ ဦးတို့၏ နေထိုင်စားသောက်ရေးတို့ကို ကြည့်ရှုစစ်ဆေးကာ အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းများနှင့် အလှူငွေတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့ မြို့မ(၃)ရပ်ကွက် သာသနသောဘဏီကာရုံကျောင်းတိုက်အတွင်းရှိ ဘိုးဘွားရိပ်သာသို့ ဆက်လက်ထွက်ခွာပြီး ဘိုးဘွားရိပ်သာတွင်းရှိ ဘိုးဘွား ၁၉ ဦး၊ သီလရှင်တစ်ဦးတို့ကို ကြည့်ရှုအားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းနှင့် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

လီဗာပူးက ခေါ်ယူဖို့ပြင်ဆင်နေတဲ့ ပိုလန်ကွင်းလယ်ကစားသမား

လီဗာပူးနည်းပြ ဂျာဂျင်ကလော့ဟာ ပိုလန်ကွင်းလယ်ကစားသမား ဇီလင်စကီကို အငှားခေါ်ယူသွားဖို့ ပြင်ဆင်နေပြီလို့ ဆိုပါတယ်။ အမ်ပိုလီအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ ဇီလင်စကီကို လီဗာပူးက ခေါ်ယူဖို့အတွက် နွေရာသီကတည်းက ပစ်မှတ်ထားနေတာဖြစ်တယ်လို့ သိရပါတယ်။ ဂျာမန်နည်းပြ ဂျာဂျင်ကလော့ဟာ ဇီလင်စကီကို ခေါ်ယူဖို့ ဆွေးနွေးမှုတွေ စတင်ပြုလုပ်နေပြီလို့ ဆိုပါတယ်။

"ကျွန်တော်တို့အနေနဲ့ စတင်ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ မကြာမီ စာချုပ်ဖို့ ရှိနေပါတယ်"လို့ လီဗာပူးနည်းပြ ဂျာဂျင်ကလော့က ပြောပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ အူဒီးနိစ်မှ အမ်ပိုလီကို အငှားချထားတဲ့ ကစားသ မား ဇီလင်စကီအနေနဲ့ လီဗာပူးကိုရောက်တော့မယ့် ကာလာဟာလတွေဟာ အမှန်ဖြစ်လာဖို့ သေချာနေပါတယ်။

လီဗာပူးက ပစ်မှတ်ထားနေတဲ့ ကွင်းလယ်ကစားသမား ဇီလင်စကီကို နာပိုလီ၊ ဂျူဗင်တပ်စ်နဲ့ ရိုးမားတို့ကလည်း ခေါ်ယူဖို့ စောင့်ကြည့်နေပါတယ်။

အိုလံပစ်ရွှေတံဆိပ်ကို အလိုရှိတယ်ဆိုတဲ့ ဟဲဗီးဝိတ်ချန်ပီယံ

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ အန်ထော်နီဂျိုရှုအာက သူ့အနေနဲ့ အိုလံပစ်ရွှေတံဆိပ်ဆွတ်ခူးဖို့ နံပါတ်တစ် ဦးစားပေးပါလို့ ပြောဆိုလိုက်ပါတယ်။

"ကျွန်တော့်အနေနဲ့ ဟဲဗီးဝိတ်ချန်ပီယံခါးပတ်သာ မဟုတ်ပါဘူး။ အခြားသော ခါးပတ်တွေကိုလည်း အလိုရှိပါတယ်။ တိုင်စန်ဖူရီ၊ ဒွန်တေးဝိုလ်ဒါ တို့နဲ့လည်း ထိုးချင်ပါတယ်။ ဒါ့အပြင် ဘရာဇီးနိုင်ငံမှာကျင်းပတော့မယ့် အိုလံပစ်ပြိုင်ပွဲမှာလည်း ချန်ပီယံရွှေတံဆိပ်ဆုကို အလိုရှိပါတယ်"လို့ ဆိုပါတယ်။

အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံ ဂျိုရှုအာဟာပြီးခဲ့တဲ့စနေနေ့က ချာလီမာတင်ကို အနိုင်ရပြီး ချန်ပီယံဖြစ်လာခဲ့ပြီးတဲ့နောက်မှာ အိုလံပစ်ချန်ပီယံရွှေတံဆိပ်ကိုပါရယူဖို့ ပစ်မှာထားနေတယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။ ဂျိုရှုအာဟာ လန်ဒန်မြို့ O2 အားကစားကွင်းကြီးမှာ ပြုလုပ်ခဲ့တဲ့ ဟဲဗီးဝိတ်ချန်ပီယံလုပွဲမှာ အမေရိကန် နာမည်ကြီးလက်ဝှေ့ကျော် ချာလီမာတင်ကို နှစ်ချီနဲ့ အလဲထိုးပြီး ချန်ပီယံဖြစ်လာခဲ့ပါတယ်။

ဂျိုရှုအာဟာ ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် စူပါဟဲဗီးဝိတ်တန်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆွတ်ခူးခဲ့သူလည်း ဖြစ်ပါတယ်။ အိုလံပစ်ရွှေတံဆိပ်ဟာ သူ့အတွက်တော့ ဦးစားပေးအနေအထား ဖြစ်နေဆဲပါပဲလို့လည်း သူကဆိုပါတယ်။

ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ ထိပ်တိုက်ဆုံပြီး လက်စတာတို့ခက်ခဲမယ့် ပရီမီယာလိဂ် ပွဲစဉ်(၃၄)

■ မိုးမြင့်လင်းလက် ■

ပရီမီယာလိဂ်ရဲ့ ဒီနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်လို့ အသင်းတိုင်း ခြေကုန် ဖွင့်နေကြပြီ ဖြစ်ပါတယ်။ မျှော်လင့်မထားတဲ့ ရလဒ်ဆိုးတွေ ထွက်ပေါ်နေတဲ့ အသင်းကြီးတွေအတွက် ရင်ပူစရာပွဲတွေဖြစ်သလို တန်းမဆင်းရရေး ရုန်းကန်နေတဲ့ အသင်းငယ်တွေကလည်း ရေကုန်ရေခန်း အားထုတ်နေရတဲ့ အနေအထားနဲ့ ရင်ဆိုင်ဖြတ်သန်းနေရပါတယ်။ ဧပြီ ၁၆ နဲ့ ၁၇ ရက်တွေမှာ ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၃၄)ကတော့ ဝက်စ်ဟမ်းနဲ့ တွေ့ရမယ့် ထိပ်ဆုံးက လက်စတာတို့အတွက် ခက်ခဲမယ့် ပွဲဖြစ်သလို ဗီလာနဲ့တွေ့ရမယ့် မန်ယူတို့လည်း အခြေအနေကောင်းနိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာ ကောင်းနေတာတော့ အမှန်ပါပဲ။

လက်စတာနှင့် ဝက်စ်ဟမ်း

ဗာဒီ၊ အိုကာဇာကီ တို့ကို တိုက်စစ်မှာထားပြီး ဘရိုက်တန်၊ ကွန်တေ၊ ဒရင့်ဝေါ်တာနဲ့ မာရက်ဇ် တို့က ကွင်းလယ်နဲ့ တောင်ပံတွေက ဝိုင်းပံ့ပိုးမယ့် လက်စတာရဲ့ အခင်းအကျင်းဟာ ဝက်စ်ဟမ်းကို တုန်လှုပ်စရာကောင်းအောင် ဖိအားပေးဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပါယက်၊ အီမီနီကီ၊ အန်တိုနီယိုတို့ကို အုပ်စုဖွဲ့ တိုက်စစ်ဆင်ကစားစေမယ့် ဝက်စ်ဟမ်းကလည်း လက်စတာခံစစ်ကြောင်းကို ဖြိုလှဲနိုင်ဖို့ ကြိုးစားမှာပါ။ နှစ်သင်းစလုံး ခြေရည်တူပြီး အားထုတ်မှုလည်းကောင်းကြတဲ့အတွက် ဒီပွဲက လက်စတာတို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံတွေ့ဆုံမှု သုံးပွဲကိုကြည့်ရင် လက်စတာကွင်းမှာ လက်စတာတို့က နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးထားပါတယ်။ လက်စတာရဲ့ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ရှုံးပွဲမရှိခဲ့သလို ဝက်စ်ဟမ်းတို့ရဲ့ နောက်ဆုံးငါးပွဲရလဒ်ကလည်း ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါကြောင့် နှစ်သင်းစလုံးအတွက် ဒီပွဲဟာ ပြတ်သားတဲ့ရလဒ် မထွက်ပေါ်ဘဲ အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

ချယ်လ်ဆီးနှင့် မန်စီးတီး

ချယ်လ်ဆီးတို့က အိမ်ကွင်းမှာ နောက်ဆုံး ကစားခဲ့တဲ့ ပွဲစဉ် ၁၂ ပွဲမှာ တစ်ပွဲသာ ရှုံးခဲ့သလို မန်စီးတီးတို့ကလည်း ပရီမီယာလိဂ် အဝေးကွင်း ၁၂ ပွဲမှာ သုံးပွဲသာ နိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးမှာ ပါတိုကို တိုက်စစ်အထောင်ထားပြီး ကန်နေဒီ၊ ပက်ဒရိုနဲ့ လော့ဖ်တပ်ချိဒ်တို့ကို တိုက်စစ်မှာ ဝိုင်းရံစေမှာဖြစ်ပါတယ်။ ကွင်းလယ်မှာတော့ ဖာဘရီဂတ်စ်နဲ့ မီခေးလ်တို့ကို ထားပြီး မန်စီးတီးကို အသာစီးရယူရေး ကြိုးစားပါလိမ့်မယ်။ မန်စီးတီးတို့ကတော့ အဂူရိုကို တိုက်စစ်အထောင်ထားပြီး ဒီဘရိုင်း၊ ဒေးဗစ်ဆေးလ်ဗား၊ နာဗတ်တို့နဲ့ စုဖွဲ့ပြီး ထိုးဖောက်တိုက်စစ်ဆင်စေမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲကိုကြည့်ရင် ချယ်လ်ဆီးကွင်းမှာ အိမ်ရှင်တို့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ဖြစ်ခဲ့ပါတယ်။ လက်ရှိ ခြေစွမ်းအရ အိမ်ရှင်တို့က ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားနိုင်တဲ့ ပွဲပါပဲ။

မန်ယူနှင့် ဗီလာ

မန်ယူအတွက် အမှတ်ပြည့်ရရှိရေး လိုအပ်ချက်ကို ဗီလာတို့ ဖြည့်ဆည်းပေးရမယ့် အနေအထားပါပဲ။ မန်ယူဟာ ရာသီကုန်ချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာအတွက် မျှော်လင့်ချက်မေးမှိန်ခဲ့ရတာမို့ အကောင်းဆုံးရပ်တည်မှုအတွက် ဒီပွဲကို အနိုင်ကစားမှာ သေချာပါတယ်။ ဗီလာတို့ကတော့ တန်းဆင်းဖို့ပြင်ဆင်နေတဲ့ အနေအထား ဖြစ်နေတာကြောင့် မန်ယူကို ဒုက္ခပေးနိုင်လောက်အောင် တွန်းအားမပေးနိုင်တော့ပါဘူး။ မန်ယူတိုက်စစ်မှာ မာရှယ်၊ ရက်ဒ်ဖို့ဒ်၊ လင်းဂတ်တို့ကို နည်းပြဗန်ဟားလ်က ပွဲထုတ်လာဦးမှာ ဖြစ်တာမို့ အခုပွဲမှာ မန်ယူလူငယ်တွေ ခြေစွမ်းပြပါလိမ့်မယ်။

အာဆင်နယ်နှင့် ခရစ်စတယ် ပဲလေ့စ်

အာဆင်နယ်ဟာ ပဲလေ့စ်နဲ့ဆုံတိုင်း နိုင်ပွဲရခဲ့တာများပါတယ်။ ဒါပေမယ့်အခုတလော အိမ်ကွင်းမှာ ခြေစွမ်းကျဆင်းနေတဲ့ အာဆင်နယ်ဟာ ပဲလေ့စ်ကို ခက်ခက်ခဲခဲ ကစားရပါလိမ့်မယ်။ ဝဲလ်ဘတ်၊ အိုဇေးလ်၊ ဆန်းချက်ဇ်တို့ အားကိုးနဲ့ ပွဲထွက်လာမယ့် အာဆင်နယ်ဟာ ဆာကို၊ ဇာဟာ၊ ဘိုလာဆီတို့ ဦးဆောင်မယ့် ပဲလေ့စ်တိုက်စစ်ကို ခြေရည်တူကန်ပြီး ထိုးဖောက်ဂိုးသွင်းနိုင်ရေး ကြိုးစားမှာပါ။ အာဆင်နယ် အိမ်ကွင်းမှာ ပဲလေ့စ်တို့လာကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲရလဒ်တွေကိုကြည့်ရင် ပဲလေ့စ်တို့ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခက်ခဲပေမယ့် အာဆင်နယ်တို့ပဲ နိုင်ပွဲဖြစ်ပါလိမ့်မယ်။

စတုတ်နှင့် စပါး

မန်ယူကို အနိုင်ကစားခဲ့တဲ့ စတုတ်ရဲ့ခြေစွမ်းကကောင်းမွန်နေပါတယ်။ စပါးတို့ကလည်း အခုတလော နိုင်ပွဲတွေဆက်နေပြီး ရလဒ်တွေကောင်းအောင် အားထုတ်နိုင်နေပါတယ်။ စပါးတို့က ပရီမီယာလိဂ် အဝေးကွင်းနောက်ဆုံး ၁၅ ပွဲမှာ ရှုံးပွဲတစ်ပွဲသာ ရှိခဲ့ပါတယ်။ စတုတ်ကွင်းမှာ စပါးနဲ့ နောက်ဆုံးသုံးပွဲ ဆုံတွေ့ခဲ့မှုကိုကြည့်ရင် စတုတ်တို့က တစ်ပွဲသာ နိုင်ခဲ့တာမို့ စပါးရဲ့ အားထုတ်မှုက ဒီပွဲအနိုင်ရလဒ်ကို ရယူနိုင်ပါလိမ့်မယ်။

ဘုန်းမောက်နှင့် လီဗာပူး

ရလဒ်တွေ ကမောက်ကမဖြစ်နေတဲ့ လီဗာပူးတို့အတွက် အခုပွဲမှာ ဘုန်းမောက်ကို ကျော်လွှားနိုင်မလားဆိုတာ စိတ်ပူစရာပါပဲ။ ဒါပေမယ့် အသင်းလိုက် ကစားအားကောင်းတဲ့ လီဗာပူးတို့က ဘုန်းမောက်နဲ့ နောက်ဆုံးလေးကြိမ် တွေ့ဆုံခဲ့ရာမှာ လေးပွဲစလုံး နိုင်ပွဲရထားလို့ အခုပွဲမှာလည်း အဲဒီမှတ်တမ်းကောင်းကို ဆက်ထိန်းပါလိမ့်မယ်။ ဒီပွဲဟာ လီဗာပူးတို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားနိုင်တဲ့ ပွဲပါပဲ။

အဲဗာတန်နှင့် ဆောက်သမ်တန်

အဲဗာတန်နဲ့ ဆောက်သမ်တန်တို့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုကိုကြည့်ရင် အဲဗာတန်တို့ချည်း နိုင်ပွဲရခဲ့တာ များပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်တို့က အဝေးကွင်းမှာ တိုက်စစ်စွမ်းရည် ကျဆင်းတတ်တာမို့ အဲဗာတန်တို့ရဲ့ အိမ်ကွင်းစွမ်းဆောင်မှုက နိုင်ပွဲကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။

လေ့ကျင့်မှုမရှိဘဲ ဂိုးတွေသွင်းနေတဲ့ လက်စတာတိုက်စစ်မှူး ဗာဒီ

လက်စတာတိုက်စစ်မှူး ဂျိမ်းဗာဒီဟာ လေ့ကျင့်မှုတွေမလုပ်ဘဲ ဂိုးတွေသွင်းယူနေတာမို့ လျှို့ဝှက်ချက်များရှိနေနိုင်ကြောင်း နည်းပြရာနီရေးရီက ဆိုပါတယ်။

ဗာဒီကလည်း "ကျွန်တော့်ကို နည်းပြက ဂိုးသွင်းတဲ့လေ့ကျင့်မှုတွေ မလုပ်ဖို့ ပိတ်ပင်ထားတာပါ။ ဒီလို ပိတ်ပင်ထားတဲ့ကြားကနေ ဂိုးတွေဆက်တိုက်သွင်းယူနေတာပါ။ ကျွန်တော့်အနေနဲ့ ဂိုးသွင်းနိုင်ဖို့ လေ့ကျင့်ဖို့အခွင့်အရေးမရတာ အမှန်ပါပဲ။ ဒါပေမယ့် ကျွန်တော် အကောင်းဆုံးကစားပြနိုင်တာ တွေ့ရမှာဖြစ်ပါတယ်"လို့ ဆိုပါတယ်။

ဂျိမ်းဗာဒီဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ထိပ်တန်းဂိုးသွင်းသမားတစ်ဦးလည်း ဖြစ်ပါတယ်။ စုစုပေါင်း ၂၁ ဂိုး သွင်းယူပေးထားပြီးဖြစ်ပါတယ်။ သူဟာ ရာသီအစမှာလည်း သူ့ရဲ့သွင်းဂိုးတွေနဲ့ လက်စတာအသင်းကို အောင်မြင်မှုတွေရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ၁၁ ပွဲဆက်တိုက် ဂိုးသွင်းပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ သူ့ရဲ့ ၁၁ ပွဲဆက်တိုက် ဂိုးသွင်းနိုင်မှုဟာ ပရီမီယာလိဂ်သမိုင်းမှာ ဆက်တိုက်ဂိုးသွင်းနိုင်မှု အများဆုံးလည်း ဖြစ်ပါတယ်။ ဒီရာသီမှာ အင်္ဂလန်တိုက်စစ်မှူး ဗာဒီရဲ့ လက်စတာအတွက် ပရီမီယာလိဂ် သွင်းဂိုးဟာ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ အများဆုံးသွင်းဂိုးကို မီဖို့လည်း တစ်ဂိုးသာလိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ပင်လယ်ရေကို ဘယ်သူတွေက အချဉ်ဖောက်နေတာလဲ

သိပ္ပံစာရေးဆရာကိုကိုအောင်

လူတို့နေထိုင်ရာ ဤကမ္ဘာကြီး၏ ၇၀ ရာခိုင်နှုန်းကို ရေထုကြီးက ဖုံးလွှမ်းထားသည်။ ယင်းကဲ့သို့ ဖုံးလွှမ်းထားသောရေထုကြီး၏ ရာခိုင်နှုန်းအများစုမှာ ပင်လယ်နှင့် သမုဒ္ဒရာများအဖြစ် တည်ရှိနေကြသည်။ မြောက်အမေရိကတိုက်နှင့် ဥရောပတိုက်တို့ အကြားတွင် မြောက်အတ္တလန္တိတ် သမုဒ္ဒရာကြီးက တည်ရှိနေသလို. . . အာရှတိုက်နှင့် မြောက်အမေရိကတိုက် အကြား၌လည်း မြောက်ပစိဖိတ်သမုဒ္ဒရာကြီးက တည်ရှိနေသည်။

ထို့အတူပင် တောင်အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့၏ အကြား၌လည်း အိန္ဒိယသမုဒ္ဒရာကြီးက ဖြန့်ကြက်တည်ရှိနေသည်။ ကမ္ဘာ့မြောက်ပိုင်းအစွန်း၌ အာတိတ်သမုဒ္ဒရာကြီးက ကျယ်ပြန့်စွာတည်ရှိနေသလို. . . တောင်ပိုင်းအစွန်း၌လည်း တောင်သမုဒ္ဒရာကြီးက တစ်နံတစ်လျား ဖြန့်ကြက်တည်ရှိ နေသည်။

ကမ္ဘာ့ကုန်းမြေ တိုက်ကြီးများနှင့် နီးကပ်သောရေပြင်များသည် ပင်လယ်များဖြစ်ကြပြီး ထိုပင်လယ်များသည် သမုဒ္ဒရာကြီးများ၌ လာရောက်ပေါင်းဆုံစုစည်းကြရသည်။ အာရေဗျပင်လယ်၊ ကပ္ပလီပင်လယ်၊ တောင်တရုတ်ပင်လယ်၊ ပင်လယ်ဝါ စသော ပင်လယ်ပြင်များသည် တောင်အာရှ၊ အရှေ့အာရှ ကုန်းမြေများနှင့် ထိစပ်နေသော ပင်လယ်ပြင်များဖြစ်ကြသလို . . . ချပ်ချီပင်လယ်၊ အရှေ့ဆိုက်ဘေးရီးယန်းပင်လယ်နှင့် လက်တက်ပ်ပင်လယ်ပြင်တို့သည် အာရှတိုက်မြောက်ပိုင်းနှင့် အာတိတ်သမုဒ္ဒရာအကြား၌ တည်ရှိနေသော ပင်လယ်ပြင်များ ဖြစ်ကြသည်။

ကက်စ်ပီယန်ပင်လယ်သည် ကာဇက်စတန်နိုင်ငံ၊ တာမင့်နစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံစသော နိုင်ငံများအကြားရှိ ကုန်းတွင်းပိတ်ပင်လယ်တစ်ခု ဖြစ်သလို. . . ပင်လယ်နက်သည်လည်း ယူကရိန်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တူရကီနိုင်ငံ၊ ဘူလ်ဂေးရီးယား၊ ရိုမေးနီးယား စသောနိုင်ငံတို့၏ ကုန်းမြေများ ပတ်လည်ဝန်းရံလျက်ရှိသော ပင်လယ်ကြီးဖြစ်သည်။

အလားတူပင် အာဖရိကတိုက်နှင့် အနောက်ဥရောပတိုက်အကြားရှိ မက်ဒီတာရေးနီးယန်း ပင်လယ်ပြင်ကြီးသည်လည်း အလွန်ကြီးမားကျယ်ပြန့်သော ပင်လယ်ကြီးတစ်ခုဖြစ်ပြီး အာဖရိကတိုက်နှင့် အာရှတိုက်အကြား၌ ကျဉ်းမြောင်းရှည်လျားစွာ တည်ရှိနေသော ပင်လယ်နီနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်အောင် စူးအက်တူးမြောင်းကို ဖောက်လုပ်ထားသည့်အတွက် ကုန်သွယ်ရေကြောင်းသွားလာမှုကို အချိန်ကုန်သက်သာစေရန် အကျိုးပြုလျက်ရှိနေသည်။

ထို့အတူ တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်အကြားရှိ ကာရစ်ဘီယံပင်လယ်ပြင်ကြီးသည် ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ ပနားမား၊ ကော့စတာရီကာ၊ နီကာရာဂွာ၊ ကျူးဘား၊ ဂျမေကာ၊ ဟေတီ၊ ပွာတိုရီကို စသောနိုင်ငံတို့၏ ကုန်းမြေများနှင့် ထိစပ်နေရုံမျှမက မြောက်အမေရိကတိုက်၏ တောင်ပိုင်းရှိ မက္ကဆီကိုပင်လယ်ကွေ့နှင့်ပါ ဆက်စပ်တည်ရှိနေသည်။

မျက်မှောက်ကမ္ဘာကြီး၌ စက်မှုလုပ်ငန်းများ အလွန်တိုးတက်ထွန်းကားနေသည့် အားလျော်စွာ၊ စက်မှုလုပ်ငန်းအသီးသီးတို့က နေ့စဉ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မက်ထရစ်တန် သန်းပေါင်းများစွာကို စွန့်ထုတ်လျက်ရှိနေကြသည်။ ထို့အတူပင် ကမ္ဘာအရပ်ရပ်၌ မောင်းနှင်သွားလာနေကြသော မော်တော်ကားများနှင့် အင်ဂျင်စက်အမျိုးမျိုးတို့ကလည်း စက္ကန့်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စွန့်ထုတ်လျက် ရှိနေကြသည်။

ဤကဲ့သို့ အကြောင်းမျိုးမျိုးဖြင့် စွန့်ထုတ်နေကြသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို သစ်ပင်သစ်တောများက စုပ်ယူနေကြသလို. . . ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များကလည်း အများအပြား စုပ်ယူနေကြရသည်။ သစ်ပင်သစ်တောများနှင့် ပင်လယ်သမုဒ္ဒရာတို့က စုပ်ယူခြင်းမပြုနိုင်သော ပိုလျှံကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအပေါ်ယံလွှာသို့ ရောက်ရှိကာ ဖန်လုံအိမ်တစ်ခုအဖြစ် ကမ္ဘာကြီးကို အုပ်မိုးကာရံထားလိုက်ကြတော့သည်။

ကမ္ဘာပေါ်၌ ထုတ်လွှတ်နေကြသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပမာဏ စုစုပေါင်း၏ လေးပုံတစ်ပုံကို ပင်လယ်နှင့်သမုဒ္ဒရာရေပြင်များက စုပ်ယူနေကြရသည်။ ယင်းသို့ စုပ်ယူနေရသောဖြစ်စဉ်ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် ပင်လယ်ရေ၊ သမုဒ္ဒရာရေများနှင့် ဓာတ်ပြုကာ ကာဗွန်နစ်အက်စစ်များအဖြစ်သို့ ပြောင်းလဲသွားသည်။ ဤသို့အားဖြင့် ပင်လယ်နှင့် သမုဒ္ဒရာများသည် တစ်နေ့တခြား ကာဗွန်နစ်အက်စစ်ပါဝင်နှုန်း လွန်ကဲများပြားလာကာ အချဉ်ဓာတ် မြင့်မားလာတော့သည်။

စက်မှုလုပ်ငန်း တိုးတက်ထွန်းကားနေမှုများကြောင့် ကမ္ဘာ့လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်နှုန်းသည် နှစ်စဉ် သုံးရာခိုင်နှုန်း တိုးလျက်ရှိနေသည်။ ထို့အတူ ပင်လယ်နှင့် သမုဒ္ဒရာရေများ၏ အချဉ်ပေါက်နှုန်းသည်လည်း စက်မှုတော်လှန်ရေးကာလ မတိုင်မီကထက် သုံးဆယ်ရာခိုင်နှုန်း ပို၍မြင့်မားလာလျက်ရှိနေသည်။ ဤနှုန်းအတိုင်း ဆက်သွားမည်ဆိုပါက လာမည့်ဆယ်စုနှစ်တစ်စုအတွင်းမှာပင် ပင်လယ်ရေနှင့် သမုဒ္ဒရာရေများ၏ အချဉ်ပေါက်နှုန်းမှာ အဆမတန် မြင့်တက်လာဖွယ်ရှိနေသည်။

အကျိုးဆက်များအဖြစ် ခရုကဲ့သို့သော ရေသတ္တဝါငယ်များ၏အခွံများနှင့် ရေသတ္တဝါတို့၏ ရုပ်ကြွင်းများသည် အချဉ်ဓာတ်သင့်၍ ပျက်စီးသွားလိမ့်မည်ဖြစ်သည်။ သန္တာကျောက်တန်းများသည်လည်း အချဉ်ဓာတ်လွန်ကဲနေသော ပင်လယ်ရေများကြောင့် ပြိုကွဲပျက်စီးသွားကြလိမ့်မည် ဖြစ်သည်။ ထို့အတူ ရေသတ္တဝါတို့၏ဥများ အကောင်မပေါက်ပွားနိုင်တော့ခြင်း၊ ပေါက်ပွားပြီးသားရေသတ္တဝါများ ကြီးထွားဖွံ့ဖြိုးမှုမရှိတော့ခြင်း စသည်တို့ကိုပါ ကြုံတွေ့ရဖွယ်ရှိပြီး ရေသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မှုဆီသို့ ဦးတည်သွားလိမ့်မည်ဖြစ်သည်။

အေးမြသောရေသည် ပူနွေးသောရေထက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ပိုမိုစုပ်ယူနိုင်စွမ်းရှိသည့် အားလျော်စွာ ဝင်ရိုးစွန်းဒေသရှိ ပင်လယ်ရေနှင့် သမုဒ္ဒရာရေများသည် အပူပိုင်းဒေသရှိ ပင်လယ်ရေနှင့် သမုဒ္ဒရာရေတို့ထက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ပိုမိုစုပ်ယူကြခြင်းဖြင့် ကာဗွန်နစ်အက်စစ်ပါဝင်နှုန်း ပို၍မြင့်တက်လျက် ရှိနေသည်။ ထိုအခြေအနေသည် ဝင်ရိုးစွန်းဒေသရှိ ရေသတ္တဝါများ၊ သန္တာကျောက်တန်းများကို ပျက်သုဉ်းစေမည့်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်သော အခွင့်အလမ်းကို ပိုမိုအလေးသာစေလိမ့်မည် ဖြစ်သည်။ ဝင်ရိုးစွန်းဒေသရှိ ပင်လယ်နှင့် သမုဒ္ဒရာရေများ အချဉ်ပေါက်နှုန်း ဆက်လက်မြင့်တက်နေမည်ဆိုပါက သန္တာကျောက်တန်းများ၏ အသစ်ဖြစ်ထွန်းမှုသည် ပြိုကွဲပျက်စီးမှုနှုန်းကို အမီလိုက်နိုင်တော့မည် မဟုတ်ပေ။

ပင်လယ်နှင့် သမုဒ္ဒရာရေများ အချဉ်ပေါက်နှုန်း မြင့်မားလာခြင်းသည် ရေသတ္တဝါတို့၏ အစာကွင်းဆက်ဖြစ်စဉ်ကို ပြတ်တောက်စေလျက် အဏ္ဏဝါဂေဟစနစ်ကို ပျက်စီးသွားစေသည်။ ပင်လယ်ရေအောက် အစာကွင်းဆက်ဖြစ်စဉ်၏ အခြေခံအကျဆုံး ရေသတ္တဝါတစ်မျိုးဖြစ်သော ပက်ထရိုပေါ့ ခရုငယ်များ၏ ပေါက်ပွားရှင်သန်မှုကို ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားနေခြင်းက ဖျက်ဆီးလျက်ရှိနေသည်။

ပက်ထရိုပေါ့ ခရုငယ်များကို ပလန်တန်ငါး၊ ပင်လယ်ပျော့ငှက်နှင့် ရေနေနို့တိုက်သတ္တဝါတို့က အာဟာရအဖြစ် စားသုံးကြသည်။ ပလန်တန်ငါးကို ဝေလငါးမန်းများက တိုက်ရိုက်စားသုံးသလို. . . အချို့သော ရေသတ္တဝါများက တစ်ဆင့်ခံစားသုံးကြသည်။ ပလန်တန် ငါးငယ်ကလေးများကို တိုက်ရိုက်စားသုံးသော ရေသတ္တဝါများထဲတွင် ပုစွန်ဆိတ်များက ပမာဏအများဆုံး ဖြစ်ပြီး ယင်းပုစွန်ဆိတ်များကို အခြားသော ငါးမျိုးစိတ်အများအပြားတို့က ထပ်ဆင့်စားသောက်ကြသည်။

သို့ဖြစ်၍ ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားမှုကြောင့် ပက်ထရိုပေါ့ခရုများ ပျက်သုဉ်းရမှုသည် ရေအောက်အစာကွင်းဆက်ကို ဆက်တိုက်ထိခိုက်စေပြီး အစာကွင်းဆက်ဖြစ်စဉ်တစ်လျှောက်ရှိ ရေသတ္တဝါများ ရှင်သန်ပေါက်ပွားမှုကိုပါ ဖျက်ဆီးရာရောက်နေသည်။ ဤကဲ့သို့ အစာကွင်းဆက်ဖြစ်စဉ်ကြီး ကစဉ့်ကလျားဖြစ်မှုကြောင့် ငါးနှင့် ရေသတ္တဝါများ လျော့နည်းကျဆင်းသွားခဲ့လျှင်၊ ယင်းတို့ကို စားသုံးသော ပင်လယ်ဖျံများ၊ ပင်လယ်ပျော့ငှက်များ စသည်တို့ပါ အကောင်ရေ ကျဆင်းသွားလိမ့်မည်ဖြစ်သည်။ အကောင်ရေကျဆင်းမှုနှုန်း လွန်ကဲမြင့်မားလာမည်ဆိုလျှင် လူတို့အတွက် အစာရိက္ခာရှားပါးမှုနှင့် ကြုံတွေ့ကြရလိမ့်မည် ဖြစ်သည်။

ပင်လယ်ရေအချဉ်ပေါက်နှုန်း မြင့်မားလာခြင်းကြောင့် သိသာထင်ရှားသော ပျက်စီးမှုအချို့ကို လက်ရှိအားဖြင့်လည်း ကြုံတွေ့နေကြရပြီ ဖြစ်သည်။ သာဓကအားဖြင့် အန္တာတိကပင်လယ်အတွင်းရှိ ဖိုရာမီနီဖဲရ ဟုခေါ်သည့် အလွန်သေးငယ်သော ဇီဝရုပ်ကလေးများသည် လွန်ခဲ့သော ဆယ်စုနှစ်တစ်စုအတွင်းက ၃၅ ရာခိုင်နှုန်းခန့် ပျက်သုဉ်းလျော့ပါးသွားခဲ့ပြီ ဖြစ်သည်။ နောက်ထပ် သာဓကတစ်ခုအဖြစ် ဩစတြေးလျကမ်းလွန်ရှိ မဟာသန္တာကျောက်တန်းကြီး Great Barrier Reef ၏ ဖြစ်တည်ကြီးထွားနှုန်းသည်လည်း ၁၉၉၀ ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၅ နှစ်တာ ကာလအတွင်း ၁၄ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားခဲ့ပြီ ဖြစ်သည်။

ပင်လယ်နှင့် သမုဒ္ဒရာရေများသည် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်သည့်အခါ ကာဗွန်နစ်အက်စစ်နှင့် ဟိုက်ဒရိုဂျင်အိုင်းယွန်းများ ဖြစ်လာကြသည်။ သို့ဖြစ်၍ ဟိုက်ဒရိုဂျင်အိုင်းယွန်းများ၏ပမာဏသည် ပင်လယ်ရေ၏ အချဉ်ပေါက်နှုန်းအဆင့်ပင် ဖြစ်သည်။ လက်ရှိ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်နေမှုများကို ထိန်းချုပ်ခြင်းမပြုလုပ်နိုင်ပါက ထိုသို့သော အချဉ်ပေါက်နှုန်းအဆင့်သည် ၇ ဒသမ ၈ မှ ၇ ဒသမ ၉ အထိပင် ရောက်ရှိလာမည် ဖြစ်ပြီး အဏ္ဏဝါသက်ရှိများအားလုံး၏ သုံးပုံတစ်ပုံမှာ ပျက်စီးလျော့နည်းသွားနိုင်ကြောင်း သိပ္ပံပညာရှင်တို့က ခန့်မှန်းထားကြသည်။

ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝအလျောက် တည်ရှိနေကြသောမီးတောင်များ ပေါက်ကွဲပွင့်အန်မှုနှင့် အခိုးအငွေ့များ မှုတ်ထုတ်မှုတို့ကြောင့်လည်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထွက်ရှိလာနိုင်သည့်တိုင် မျက်မှောက်ကမ္ဘာကြီးတွင် ထွက်ပေါ်နေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အများစုသည် လူတို့ဖန်တီးသော စက်ကိရိယာများနှင့် စက်မှုလုပ်ငန်းများကြောင့်သာလျှင် ဖြစ်သည်။

သို့ဖြစ်၍ ပင်လယ်ရေနှင့် သမုဒ္ဒရာရေများကို အချဉ်ဖောက်နေသူများမှာ အသိဉာဏ်အရှိဆုံးနှင့် အဆင့်အမြင့်ဆုံးသော နို့တိုက်သတ္တဝါဖြစ်သည်ဟု ကြွေးကြော်နေကြသည့် လူသားများပင် ဖြစ်ပေတော့သည်။ ။

တနင်္သာရီမြို့နယ်၌ သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေး

တနင်္သာရီ မေ ၁၃

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ သင်္ကြန်ကာလအတွင်း ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မောင်းနှင်ကြစေရေးအတွက် အသိပညာပေးမှုများကို မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီက တနင်္သာရီမြို့ ရွှေလိပ်ပြာလမ်းဆုံနှင့် ချောင်းငယ်ရပ်ကွက် အာယုလမ်းနှင့် မင်္ဂလာငယ်လမ်းဆုံတို့၌ အဖွဲ့နှစ်ဖွဲ့ခွဲ၍ မေ ၁၁ ရက်က ဆောင်ရွက်ခဲ့သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ ကော်မတီအတွင်းရေးမှူး မြို့နယ်ယာယီရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူး ရဲအုပ်မောင်မောင်နှင့် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ၊ မော်တော်ယာဉ်အသင်းဥက္ကဋ္ဌနှင့် မော်တော်ဆိုင်ကယ်အသင်း ဥက္ကဋ္ဌများ ပါဝင်ပြီး ပါဝါအိပ်ဖေ တပ်ဆင်၍လည်းကောင်း၊ အိပ်ဇောဖြုတ်၍လည်းကောင်း အသံကျယ်လောင်ဆူညံစွာ မောင်းနှင်သူများကိုလည်းကောင်း၊ နှစ်ဦးထက်ပို၍ ဆိုင်ကယ်စီးသူများကိုပညာပေးဆွေးနွေးခြင်းနှင့် ဒဏ်ရိုက်အရေးယူမှုများ ပြုလုပ်ခဲ့ကြသည်။ တနင်္သာရီမြို့နယ်၌ ယာဉ်မတော်တမှုများ ကင်းဝေးစေရေးအတွက် သင်္ကြန်ကာလအတွင်းတွင်လည်း နေ့စဉ်ကြီးကြပ်စစ်ဆေး၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့မရဲစခန်းမှူးက ပြောကြားသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)

၁၉၂၀ နောက်ပိုင်း တက္ကသိုလ်အဆောင်နေ ကျောင်းသားကျောင်းသူများ ဘဝ

လှနီ

ရှေးယခင်က တက္ကသိုလ်ကျောင်းများသို့ နယ်မှမိဘများနှင့် ခွဲခွာပြီး ကျောင်းလာတက်ကြသော ကျောင်းသူကျောင်းသားများကို မိဘများကဲ့သို့ ပြုစုစောင့်ရှောက်ရန်အတွက် တက္ကသိုလ်အဆောင်များကို အစိုးရက ဖွင့်လှစ်ပေးပါသည်။ ထိုအဆောင်ထားသော စနစ်ကို အခြေအနေအရ ၁၉၉၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါသည်။

သို့သော် ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်များတွင် ကျောင်းဆောင်များထားသော စနစ်ကို ပြန်လည်စတင်နေပြီဖြစ်သည်။

စာရေးသူသည် မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာန ပါရဂူဘွဲ့ ကြီးကြပ်ရေးကော်မတီတွင် ယနေ့တိုင် ဆောင်ရွက်ပေးနေသဖြင့် မန္တလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများသာမက နယ်တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် မပြတ်တွေ့ရပါသည်။ အချို့ တက္ကသိုလ်ကျောင်းဆောင်များတွင် ကျောင်းသားကျောင်းသူများ မနေကြသည်များရှိကြောင်း သိရပါသည်။ ထို့အပြင် စာရေးသူ၏ သမီးမှာ မန္တလေးအဝေးသင်တက္ကသိုလ် ရူပဗေဒဌာနမှ ဆရာမတစ်ဦးဖြစ်သဖြင့် နယ်တက္ကသိုလ်မှ ဆရာ ဆရာမများ မန္တလေးအဝေးသင်တက္ကသိုလ်သို့ သင်ကြားရေးကိစ္စ၊ စာမေးပွဲကိစ္စနှင့် လာကြသည့်အခါ နယ်မှ တက္ကသိုလ်ကျောင်းသူများသည်ပင် တက္ကသိုလ်အဆောင်များတွင် နေခွင့်ရသော်လည်း အဆောင်စည်းကမ်း မလိုက်နာနိုင်ကြသဖြင့် အဆောင်တွင်မနေကြဘဲ ရပ်ကွက်ထဲတွင် သင့်သလိုနေကြသည်ဟု ပြော၍ သိရသည်။

ထို့ကြောင့် တက္ကသိုလ်များမှ ကျောင်းဆောင်စည်းကမ်းများကို မကြောက်ကြရန်နှင့် တက္ကသိုလ်ကျောင်းဆောင်များမှ အဆောင်မှူးများသည် မိဘနှင့်တူကြောင်း၊ အဆောင်နည်းပြ ဆရာ၊ ဆရာမများသည် မိမိတို့၏ အစ်ကိုကြီး အစ်မကြီးများသဖွယ် ပြုစုစောင့်ရှောက်ကြမည့်သူများအဖြစ် သဘောပေါက် နားလည်စေလိုပါသည်။

စာရေးသူသည် အဆောင်ကျောင်းသားဘဝနှင့် ငါးနှစ်နေခဲ့ပြီး အဆောင်မှူးအဖြစ် ခုနစ်နှစ် ဆောင်ရွက်ခဲ့သဖြင့် အဆောင်အတွေ့အကြုံ များစွာရှိပါသည်။ စာရေးသူ အဆောင်မှူးဘဝဖြင့် ပြုစုပျိုးထောင်ခဲ့သော စိုက်ပျိုးရေးကျောင်းသားများနှင့် မန္တလေးတက္ကသိုလ် ကျောင်းသားများထဲမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်များအဖြစ် ဆောင်ရွက်နိုင်သူများကို မွေးထုတ်ခဲ့ကြောင်း စာရေးသူ ဆောင်ပါးရေးသားခဲ့ဖူးပါသည်။

ယခုဆောင်းပါးတွင် အင်္ဂလိပ်ခေတ်မှ စပြီး ခေတ်အဆက်ဆက် တက္ကသိုလ်ကျောင်းဆောင်များမှ စည်းကမ်းကောင်းသော နိုင်ငံသားကောင်းရတနာများစွာ ပေါ်ထွက်ခဲ့သည်ကို သင့်သလိုဖော်ပြလျက် ကျောင်းဆောင်စည်းကမ်းများမှ နမူနာအချို့ကိုထုတ်၍ ရေးသားသွားမည်ဖြစ်ပါသည်။ စာရေးသူ ထုတ်နုတ်ရေးသားမည့် ကျောင်းဆောင်စည်းကမ်းများမှာ ခေတ်အဆက်ဆက် အဆောင်များတွင်နေထိုင်ခဲ့သော ကျောင်းသားကျောင်းသူများထံမှ သိရသော၊ ခံစားခဲ့ကြရသော စည်းကမ်းများ ဖြစ်ပါသည်။

စာရေးသူ၏ ဖခင်သည် ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်တွင် မြင်းခြံမြို့ အထက်တန်းကျောင်းမှ ကျောင်းသားခေါင်းဆောင်အဖြစ် သပိတ်မှောက်ခဲ့သူဖြစ်ပြီး ရန်ကုန်တက္ကသိုလ်တွင် ၁၉၂၂ ခုနှစ်မှ ၁၉၂၆ ခုနှစ်အထိ တက်ရောက်၍ ရန်ကုန်တက္ကသိုလ် ကျောင်းဆောင် အဆောင်နေကျောင်းသားအဖြစ် နေခဲ့ပါသည်။ ထိုစဉ်က တက္ကသိုလ်သည် အင်္ဂလိပ်အစိုးရက ၄င်းတို့အုပ်ချုပ်ရေးတွင် ပါဝင်ထမ်းဆောင်မည့် ဝန်ထမ်းများမွေးထုတ်ရန် အဓိကရည်ရွယ်သဖြင့် အဆောင်စည်းကမ်းများသည် အလွန်တင်းကြပ်ပါသည်။ သို့သော် ၁၉၂၀ ခုနှစ် သပိတ်ပြီးသည့်နောက်တွင် စည်းကမ်းချက်များ ယခင်ကလောက် မတင်းကြပ်တော့ပါ။

စာရေးသူ၏ဖခင် အဆောင်ကျောင်းသားဘဝက စည်းကမ်းများအနက် စာရေးသူသဘောကျသည့် စည်းကမ်းအချို့မှာ ကျောင်းသားများ ထမင်းစားခန်းဝင်သည့်အခါ ရှပ်အင်္ကျီမပါဘဲ စွပ်ကျယ်လက်ပြတ်နှင့် ထမင်းစားခန်းသို့ ဝင်စားခြင်း မပြုလုပ်ရပါ။ ကျောင်းသားများသည် အဆောင်ဝန်ထမ်းများနှင့် အချင်းများပါက ကျောင်းသားများကိုခေါ်ယူ၍ အဆောင်မှူးက ဆုံးမပါသည်။ ထို့အပြင် မြို့ထဲမှ အဆောင်သို့ ပြန်လာသည့်အခါတွင်လည်း ထိုစဉ်ကလိုက်ပို့သော လန်ချားဆွဲသူနှင့် အခကြေးငွေပေးရာတွင် ငြင်းခုံပါကလည်း ကျောင်းသားကိုခေါ်၍ ဆုံးမသည်။ ဆိုလိုသည့်သဘောမှာ မိမိတို့မလုပ်နိုင်သောကိစ္စကို ဆောင်ရွက်ပေးသော ဝန်ထမ်းများ၊ အလုပ်သမားများနှင့် စကားများ ရန်တွေ့ခြင်းသည် အလွန်အောက်တန်းကျသောလုပ်ငန်းကို လုပ်သည်ဟု ပြောဆိုဆုံးမခြင်း ဖြစ်သည်။

အဆောင်ကျောင်းသားများသည် လူမရှိဘဲ မိမိ အခန်းမီး ဖွင့်ထားခြင်း၊ မီးမပိတ်ဘဲအိပ်ခြင်း ပြုလုပ်ပါကလည်း ဒဏ်တပ်သည်ဟု သိရပါသည်။ စာရေးသူ၏ ဖခင်သည် ရန်ကုန်တက္ကသိုလ် ပြည်ကျောင်းဆောင်၊ တကောင်းကျောင်းဆောင်တို့တွင် နေထိုင်ခဲ့ပြီး ခေတ်စမ်းစာပေကို စတင်ရေးသားခဲ့သူ သိပ္ပံမောင်ဝ၊ စာရေးဆရာ ဇဝနဦးသိန်းတို့နှင့်အတူ နေခဲ့ပါသည်။ ကျောင်းဆောင်များတွင် ခြင်များပေါသဖြင့် သိပ္ပံမောင်ဝက 'ချောင်က မောင်ဝ'အမည်ဖြင့် ခြင်သူပုန်အကြောင်း ဆောင်းပါးရေးသည်။ ဇဝနဦးသိန်းက ရွှေတိဂုံစေတီတော်တွင် ဘုရားစာများ ရေးသားခဲ့ပုံကို ပြောပြပါသည်။

ထိုစဉ်က စာရေးသူတို့ဖခင်၏ အဆောင်နည်းပြဆရာမှာ သင်္ချာဆရာ ဦးကြင်ဖြစ်ပြီး ကျောင်းသားများကို စာပေနှင့်တကွ အားကစားပါ အထူးအားပေးသူဖြစ်ကြောင်း၊ ကျောင်းသားများကို ညီရင်းအစ်ကိုသဖွယ် စောင့်ရှောက်ကြောင်း ပြောပြဖူးပါသည်။ နောက်ပိုင်းတွင် ICS စာမေးပွဲအောင်မြင်သဖြင့် ICS ဦးကြင်အဖြစ် အုပ်ချုပ်ရေးသို့ ပြောင်းသွားသည်ဟု သိရသည်။

ထိုစဉ်က တက္ကသိုလ်သည် အင်္ဂလိပ်အစိုးရက ၄င်းတို့ အုပ်ချုပ်ရေးတွင် ပါဝင်ထမ်းဆောင်မည့် ဝန်ထမ်းများမွေးထုတ်ရန် အဓိကရည်ရွယ်သဖြင့် အဆောင်စည်းကမ်းများသည် အလွန်တင်းကြပ်ပါသည်။ သို့သော် ၁၉၂၀ ခုနှစ် သပိတ်ပြီးသည့်နောက်တွင် စည်းကမ်းချက်များ ယခင်ကလောက် မတင်းကြပ်တော့ပါ

သို့ဖြင့် ကျောင်းဆောင်များသည် ပညာထူးချွန်သူများ၊ ဝန်ထမ်းကောင်းများ၊ အားကစားတော်သူများကို ရှေးကပင် များစွာမွေးထုတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ခေါင်းဆောင်များဖြစ်သော ဝန်ကြီးချုပ်ဦးနု၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးကျော်ငြိမ်း စသူတို့မှာလည်း အဆောင်များတွင် နေထိုင်သူများ ဖြစ်ပါသည်။ စာရေးသူ၏ ဦးလေးများသည် ၄င်းတို့နှင့် ကျောင်းနေဘက်များဖြစ်သဖြင့် စာရေးသူမှာ ရှေးခေတ်အဆက်ဆက် ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်များ၏ စည်းကမ်းနှင့် အုပ်ချုပ်မှုများစွာကို သိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်က စာရေးသူ၏ဦးလေး ဦးစိုးမောင်မှာ ကျောင်းသားသမဂ္ဂ ငွေထိန်းအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ဦးစိုးမောင်သည် ဦးကျော်ငြိမ်းနှင့် အဆောင်နေကျောင်းသားအဖြစ် ရင်းနှီးစွာနေခဲ့သဖြင့် ၁၉၅၈ ခုနှစ် ဖဆပလ နှစ်ခြမ်းကွဲသည့်အခါ ဦးနုနှင့် ဦးကျော်ငြိမ်း အပြန်အလှန်ပေးစာတွင် ဦးစိုးမောင်အား သူ့လူကိုယ့်လူ အငြင်းပွားကြောင်း ဖတ်ခဲ့ရသည်။ ထိုအကြောင်းကို သတင်းစာဆရာ မိုးကြိုးဦးအုံးခင်သည် သတင်းစာတွင် ဆောင်းပါးအဖြစ် ရေးသားခဲ့ပါသည်။

စာရေးသူ၏ဦးလေး ဦးမောင်မောင်ခေါ် ဦးအောင်သူကလည်း ၁၉၃၈ ခုနှစ် သပိတ်တွင် မြင်းခြံခရိုင် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သပိတ်ပြီးဆုံးသည့်အခါ ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်ပြီး ရန်ကုန်တက္ကသိုလ် အဆောင်တွင် နေခဲ့ပါသည်။ ကျောင်းသားများဖွဲ့စည်းထားသော သံမဏိတပ်တွင် ဗိုလ်ချုပ်အဖြစ်ဆောင်ရွက်ပြီး ကျဆုံးသွားသော ကျောင်းသားဗိုလ်အောင်ကျော်မှတ်တမ်းကို ကျောင်းသားသမဂ္ဂတွင် မှတ်တမ်းတင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ စာရေးသူ၏ဦးလေးအား သံမဏိမောင်မောင်ဟု သိကြသည်။

ထိုနည်းတူ မန္တလေး ဥပစာကောလိပ်မှစပြီး စာရေးသူတို့ခေတ်အထိ အဆောင်တွင်နေခဲ့သူများသည် တိုင်းပြည်ခေါင်းဆောင်များ၊ စီးပွားရေးထူးချွန်သူများ၊ နိုင်ငံရေးတော်သူများ များစွာ ထွက်ပေါ်ခဲ့ပါသည်။ ဤနေရာတွင် အဆောင်ကျောင်းသားကျောင်းသူ မဟုတ်ဘဲ မိဘနှင့် အတူနေထိုင်ပြီး တက္ကသိုလ်တက်သည့်သူများထဲမှလည်း ထူးချွန်သူများ ပေါ်ထွန်းခဲ့ပါသည်။ စာရေးသူ၏ ဆောင်းပါးခေါင်းစဉ်အရသာ ၄င်းတို့အကြောင်း ထည့်၍ မရေးသားခြင်း ဖြစ်သည်။ စာရေးသူသည် ပါလီမန် ဒီမိုကရေစီခေတ် (ဝန်ကြီးချုပ်ဦးနုခေတ်) မန္တလေး တက္ကသိုလ် ကျောင်းဆောင်ကျောင်းသားအဖြစ် နေခဲ့ပါသည်။ နယ်မှလာပြီး မိဝေးဖဝေး နေရသဖြင့် ကျောင်းဆောင်တွင် အဆောင်မှူး၊ အဆောင်နည်းပြများကို မိသားစုသဖွယ် လေးစားကြည်ညိုခဲ့ပါသည်။

တက္ကသိုလ်ကျောင်းဆောင်များသည် ခေတ်အဆက်ဆက် နိုင်ငံတော်ကိုယ်စားပြု အားကစားသမားများ မွေးထုတ်ပေးခဲ့ပါသည်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ နိုင်ငံကျော် ဘောလုံးကစားသမားများ စဉ်ဆက်မပြတ်ထုတ်ပေးခဲ့သည်ကို မှတ်တမ်းတင်လိုပါသည်။

စာရေးသူ၏ ဖခင်ခေတ် ၁၉၂၃ မှ ၁၉၂၆ ခုနှစ်များတွင် ရန်ကုန်တက္ကသိုလ် ခြင်းလုံးအသင်းသည် တော်ဝင်အခမ်းအနားတွင် ဧည့်ခံရသောခြင်းဝိုင်းဖြစ်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် အနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ၁၉၇၀ ခုနှစ်ထုတ်သော မဂ္ဂဇင်းတွင် ထိုခေတ် ကျောင်းသားဟောင်းတစ်ဦးက ရန်ကုန်တက္ကသိုလ် ခြင်းလုံးအသင်းအကြောင်း ရေးခဲ့ပါသည်။ ထိုဆောင်းပါးတွင် ဆောင်းပါးရှင်က စာရေးသူ၏ဖခင်အား 'ဟောတစ်လုံးကိုဗိုလ်'ဟု ရေးသားထားသည်။

ယခု အောင်ဆန်းကွင်း ရှေးခေတ်အခေါ် BAA အားကစားကွင်းတွင် ရန်ကုန်တက္ကသိုလ် ခြင်းလုံးအလှပြ ခတ်ရသည့်အခါတိုင်း စာရေးသူ၏ ဖခင်သည် ခြင်းလုံးမင်းသားအဖြစ် ခတ်ရပါသည်။ ပရိသတ်က 'ဝိုက်ခြင်းတစ်လုံးခတ်ပါအုံး'ဟု အော်သည့်အခါ 'ဟောဗျ တစ်လုံး'ဟုတစ်လုံးပြီးတစ်လုံး အသံထွက်ပြီးခတ်သဖြင့် ပရိသတ်က ၄င်းနာမည်ကို ပေးထားသည်ဟု ရေးသားထားကြောင်း ဖတ်ရပါသည်။ စာရေးသူထံတွင် ၁၉၂၃ ခုနှစ်မှ ၁၉၂၆ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်မှ ပုံနှိပ်ထုတ်ဝေသော အားကစားမှတ်တမ်းစာအုပ်များ ရှိသဖြင့် ၄င်းကိစ္စကို ၁၉၉၅ ခုနှစ် ရန်ကုန်တက္ကသိုလ် စိန်ရတုမဂ္ဂဇင်းတွင် ရှေးခေတ်ရန်ကုန်တက္ကသိုလ်မှ ခြင်းမင်းသားများဟု ခေါင်းစဉ်တပ်၍ ရေးသားခဲ့ပါသည်။

တက္ကသိုလ် ကျောင်းသားကျောင်းသူများသည် ကျောင်းဆောင်များတွင် မိဝေးဖဝေး နေရသော်လည်း အများနှင့် နေတတ်လာကြသည်။ စည်းလုံးညီညွတ် စုပေါင်းလုပ်ကိုင်နိုင်ကြသည်။ ထိုအချက်ကို တစ်စိတ်တစ်ဒေသ ဖော်ပြလို၍ ရန်ကုန်တက္ကသိုလ် အဆောင်နေကျောင်းသားများ ဦးဆောင်၍ ခြင်းလုံးကစားကြသည်ကို အနည်းငယ် ထပ်မံဖော်ပြလိုပါသည်။ ရန်ကုန်တက္ကသိုလ် နှစ်ပတ်လည် အားကစားမှတ်တမ်းများကို (University College Rangoon) Annual Athletic Sports ခေါင်းစီးတပ်၍ (British Burma Press)မှ ပုံနှိပ်ပါသည်။ အားကစားပွဲများကိုလည်း B.A.A Ground, Victoria Avenue(ယခု အောင်ဆန်းအားကစားကွင်း) တွင် ကျင်းပကြပါသည်။

၁၉၂၆ ခုနှစ် ရန်ကုန်တက္ကသိုလ် ခြင်းလုံးလက်ရွေးစင်အသင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

Chin Lone Exhibition by the Prome Road Hostel Chin Lone Club

1. Maung Sein Tin, Tagaung Hall
2. Maung Ba Thein, Tagaung Hall
3. Maung Ko Gyi, Prome Hall
4. Maung Hla Kin, Prome Hall
5. Maung Gale, Pagan Hall
6. Maung Bo, Pagan Hall

Trained by Saya Kyin

Music - Rangoon Town Police Band ဟု ဖော်ပြထားပါသည်။

နံပါတ်(၁) မောင်စိန်တင်မှာ သိပ္ပံမောင်ဝ ဖြစ်ပါ သည်။ နံပါတ်(၅) မောင်ကလေးမှာ စာရေးသူ၏ ဦးလေးတစ်ဦး ဖြစ်ပါသည်။ ထိုဦးလေးမှာ စာရေးသူ၏ ဖခင်နှင့် အခြားဦးလေးများကဲ့သို့ ကျောင်းသားသမဂ္ဂနှင့် ကျောင်းသားအရေးများတွင် မပါဝင်ခဲ့ပါ။ B.A ဘွဲ့ရပြီး ပညာရေးဝန်ကြီးဌာနတွင် ဝန်ထောက်ဘဝဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ နံပါတ်(၆) မောင်ဗိုလ်မှာ စာရေးသူ၏ဖခင်ဖြစ်ပြီး ခြင်းလုံးအသင်း၏ အဖွဲ့ခေါင်းဆောင်ဖြစ်ပါသည်။ အဆောင်ကျောင်းသားများ နိုင်ငံကိုယ်စားပြုကစားခဲ့သော ခြင်းလုံးအားကစားအသင်း ဖြစ်ပါသည်။

ကျောင်းဆောင်များတွင် နယ်အသီးသီးမှလာသော ကျောင်းသားမိတ်ဆွေများနှင့် အတူတကွ နေထိုင်ရသဖြင့် အများနှင့်သင့်မြတ်အောင် နေတတ်ခြင်း၊ အများအကျိုး အတူတကွ ဆောင်ရွက်တတ်လာခြင်းတို့မှာ ဘဝတစ်လျှောက် အလွန်အသုံးဝင်သော အတွေ့အကြုံများ ဖြစ်ပါသည်။ ထို့အပြင် ကျောင်းဆောင်များတွင် သဟာယနှင့် စာဖတ်အသင်းများရှိသဖြင့် စာရေးသူကိုယ်တိုင်လည်း အမှုဆောင်လုပ်ပြီး အတူနေကျောင်းသားများ၏အကျိုးကို ဆောင်ရွက်ခြင်း၊ စာပေဗဟုသုတရှာဖွေခြင်း၊ အဆောင်ညစာစားပွဲများကို ဦးဆောင်ကျင်းပပေးခြင်းတို့ကို လုပ်ပေးခဲ့ရသည်မှာလည်း အခြားနေရာများတွင် မရနိုင်သောအတွေ့အကြုံများ ဖြစ်ပါသည်။ စာရေးသူ၏ အဆောင်နေကျောင်းသားဘဝတွင် မြင်းခြံခရိုင်အသင်း ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အခြားကျောင်းသားအသင်းအဖွဲ့များတွင်လည်းကောင်း ပါဝင်ပြီး ကျောင်းသားကျောင်းသူများ၏ ဗလငါးတန် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းသားများနည်းတူ ကျောင်းသူများ၏ အဆောင်များတွင်လည်း အဆောင်မှူးသည် ကျောင်းသူများ လိမ္မာရေးခြားရှိရန် အမြဲဆောင်ရွက်ပေးပါသည်။ ညနေ ၆ နာရီထိုးပါက ကျောင်းသူများ အပြင်မထွက်ရ အမိန့်ထုတ်ထားပြီး Roll call ခေါ်၍ အဆောင်မှူး ဆရာမကြီးများက နေမှုထိုင်မှုကအစ လှုပ်ရှားမှုများကို သင်ကြားပေးပါသည်။ ကျောင်းသားဆောင်များသို့ ညစာစားပွဲတက်သည့် ကျောင်းသူများကို အဆောင်နည်းပြများ ကိုယ်တိုင် လိုက်ပို့ပြီး စည်းကမ်းတကျ ပါဝင်စေခဲ့ပါသည်။ ကျောင်းသားကျောင်းသူများ စုပေါင်းပြီးလုပ်ရသော အခြားအခမ်းအနားများကိုလည်း စည်းကမ်းတကျ ပါဝင်ဆောင်ရွက်တတ်စေရန် သင်ပေးပါသည်။ အချို့ အဆောင်မှူး ဆရာမများသည် ကျောင်းသူများကို ပစ္စည်းကိုင်တွယ်အသုံးပြုပုံ ဥပမာ မီးပူ၊ မီးခလုတ်၊ ဆပ်ပြာစသည်တို့ကို သုံးစွဲပုံကို အသေးစိတ် သင်ပေးပါသည်။ ကျောင်းသူများကို မိခင်ရင်းသဖွယ် စောင့်ရှောက်ပါသည်။

ကျောင်းဆောင်များတွင် ဘာသာရေးအသင်းအဖွဲ့များလည်း ရှိပါသည်။ စာရေးသူနေထိုင်ခဲ့သော အောင်မင်္ဂလာကျောင်းဆောင်တွင် စာရေးသူတို့ ဥပုသ်နေ့တိုင်း ဝတ်ရွတ်ဝတ်တက်များ လုပ်ကြသည်။ ကျောင်းသူဆောင်မှ ဘာသာရေးအသင်းများနှင့် ပူးပေါင်း၍လည်း နာမည်ကြီးဆရာတော်နှင့် လူပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်၍ ဘာသာရေးဟောပြောပွဲများ၊ စာပေဟောပြောပွဲများလည်း ပြုလုပ်ပါသည်။

အဆောင်ကျောင်းသားကျောင်းသူများသည် ဦးဆောင်ဦးရွက်ကောင်းသော မိဘများနှင့် အတူနေရသကဲ့သို့ ကောင်းသောအလေ့အထများ ရကြပါသည်။ ကျောင်းဆောင်များတွင်နေသော ကျောင်းသားများအတွက် ပို၍အားသာချက်မှာ အားကစားပွဲများ၊ ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများကို နှစ်စဉ်အဆောင်တွင် ဘာသာရပ်အလိုက်လည်းကောင်း ခွဲ၍ သင့်တော်သလို ကျင်းပပေးခြင်းဖြစ်ပါသည်။ တက္ကသိုလ်တစ်ခုလုံး အတိုင်းအတာနှင့် ပြုလုပ်သော ပွဲများကိုမူ နေ့ကျောင်းသားများနှင့် အဆောင်နေကျောင်းသားများ ပူးပေါင်းဆောင်ရွက်ရပါသည်။

ကျောင်းဆောင်နေသူများထဲမှ ပျက်စီးသွားသော သူများ မရှိဘူးလားဟု ထုတ်ရန်မေးခွန်း ရှိပါသည်။ အကြီးအကျယ် မပျက်စီးပါ။ လက်ဖက်ရည်ဆိုင်နှင့် လက်တောက်ခုံများတွင် အချိန်ဖြုန်းပြီး စာမေးပွဲကျသူများလည်း ရှိခဲ့ပါသည်။ သို့သော် မည်မျှ ဆိုးသွမ်းသွားသည်ဟု အပြောခံရသော ကျောင်းသားများသည်ပင် စာကြိုးစားမှ စာမေးပွဲအောင်သည်ဟု နားလည်ကြပါသည်။ မသမာသောနည်းဖြင့် မဖြေဆိုကြပါ။ စာမေးပွဲအောင်ရန်အတွက် ထပ်မံကြိုးစား၍ စာမေးပွဲပြန်ဖြေပြီးမှ စာမေးပွဲ အအောင်ယူကြပါသည်။

သို့ဖြစ်၍ စာရေးသူအချုပ်အားဖြင့် တင်ပြလိုသည်မှာ ကျောင်းသား ကျောင်းသူများသည် အဆောင်စည်းကမ်းများကို ကြောက်ရန်မလိုပါ။ လူငယ်တစ်ယောက်၏ ဘဝတိုးတက်ရေးအတွက် တက္ကသိုလ်မှ ဘာသာရပ် သင်ကြားရေးသာမက ကျောင်းဆောင်များမှ ဘက်စုံဖွံ့ဖြိုးရန် သင်ပြပေးနေသော နေရာဖြစ်ပါသည်။ ယနေ့ခေတ်သည် လူငယ်များကို ပြုပြင်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေချိန် ဖြစ်ပါသည်။ ထို့ကြောင့် အခွင့်အရေးရရှိပါက တက္ကသိုလ်ကျောင်းဆောင်များမှရသော အတွေ့အကြုံများကို ရယူကြပါရန် ရေးသားလိုက်ရပါသည်။ ။

ပြင်ဦးလွင်၌ မဏ္ဍပ်များဖွင့် အကြိုနေ့မှစ၍ တစ်မြို့လုံး လည်ပတ်သူများစည်ကား

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာစေတီတော်ကြီးအား ဝေဟင်မှတွေ့ရစဉ်

ပြင်ဦးလွင် မေ ၁၃

၂၀၁၆ ခုနှစ် ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့ ညနေ ၃ နာရီမှစတင်၍ ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်အသီးသီး၌ သင်္ကြန်ရေကစားမဏ္ဍပ်များ ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

ပြင်ဦးလွင်မြို့၌ မြို့ပေါ်ရပ်ကွက်ကြီး ၂၁ ခုရှိရာ ထင်ရှားစည်ကားသည့် လမ်းမကြီးများပေါ်နှင့် လမ်းဆုံ လမ်းခွများတွင် ရေကစားမဏ္ဍပ်များ၊ ရပ်ကွက်အလိုက် တည်ဆောက်ထားရှိပြီး မြို့နေပြည်သူများ ပျော်ပျော်ရွှင်ရွှင်ရေကစားကြမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါမဏ္ဍပ်များတွင် နေ့အလှနှင့် ညအလှ သင်္ကြန်တေး အလှအကများကို ဖျော်ဖြေတင်ဆက်သွားမည့်အပြင် မြန်မာ့ရိုးရာသင်္ကြန်သံချပ် ဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

နွေရာသီတောင်ပေါ် အပန်းဖြေစခန်းမြို့အဖြစ် ထင်ရှားကျော်ကြားလှသည့် ပြင်ဦးလွင်မြို့သို့ မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားဧည့်သည် အများအပြားလာရောက်လျက်ရှိနေရာ သင်္ကြန်ပွဲတော်ကာလများတွင်ပိုမို၍စည်ကားလျက်ရှိပြီး ယခုနှစ်တွင် အကြိုနေ့ကတည်းက တိုးမပေါက်အောင်စည်ကားလျက်ရှိကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

သောက်သုံးရေ လိုအပ်လျက်ရှိသည့် ကျေးရွာများသို့ စက်ရေတွင်းနှင့် ရေသန့်စင်စက် ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၁၃

အယ်နီညိုကြောင့် သောက်သုံးရေ လိုအပ်လျက်ရှိသည့် ကျောက်တံခါးမြို့နယ်ရှိ ကျေးရွာများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဧပြီ ၁၁ ရက် နံနက်က သွားရောက်လေ့လာပြီး ဆားပြင်ကျေးရွာတွင် စက်ရေတွင်းတစ်ခုတူးဖော်ခြင်း၊ ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ ရေသန့်စင်စက်တစ်လုံး ထောက်ပံ့ပေးအပ်ခြင်း၊ ရေသန့်စင်စက်ကို လက်တွေ့သရုပ်ပြခြင်း စသည့်အစီအစဉ်ကို ဝန်ကြီးဌာန၏ တာဝန်ရှိသူများနှင့်အတူ ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရေကို ချွေတာသုံးစွဲရေး ဆွေးနွေးခဲ့သည်။ **(ယာပုံ)** ထို့နောက် ဘိုကုန်းကျေးရွာသို့ သွားရောက်ကာ အလှူရှင်များက လှူဒါန်းထားသည့် စက်ရေတွင်းနှင့် အုတ်ရေကန်တို့အား ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ အပြန်အလှန်စောင့်ကြည့်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့များသို့ သွားရောက်၍ ညောင်လေးပင်ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၂၇ ဦးတို့အားလည်းကောင်း၊ ပြွန်တန်ဆာဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၁၈ ဦးတို့အားလည်းကောင်း နှစ်သစ်ကူးကုသိုလ်အဖြစ် အဝတ်အထည်အသုံးအဆောင်နှင့် ငွေများလှူဒါန်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေရှားပါးသောကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်း

နေပြည်တော် မေ ၁၃

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သောက်သုံးရေရှားပါးသော ကျေးရွာများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားမှုဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ရေသယ်ယာဉ်များဖြင့် ဧပြီ ၁၁ ရက် နံနက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် နေပြည်တော်စည်ပင် ဥယျာဉ်/အားကစားဌာနမှ ဒုညွှန်မှူးဦးစိန်ကိုကို၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဇော်ဝင်းထွန်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများပါဝင်၍ ခေတ်အေးအုပ်စုရှိ စက်ကုန်းကျေးရွာ၊ အင်ပင်ခုံကျေးရွာ၊ ပြည်စံအောင်ရပ်ကွက်ရှိ ဒုန်တော၊ ရှမ်းရွာ၊ ဇီးတောကုန်း၊ ညောင်ပင်အိုက်နယ်မြေများ၊ ရေဆင်းအုပ်စုရှိ ကျောက်စက်ကုန်းကျေးရွာ၊ ကန်သာအေးကျေးရွာ၊ ရွှေကျကျေးရွာများရှိ အိမ်ခြေ ၂၄၃၃ အိမ်၊ အိမ်ထောင်စု ၂၄၉၇ စု၊ လူဦးရေ ၁၀၂၅၇ ဦးတို့အတွက် ရေသယ်ယာဉ်လေးစီးဖြင့် စုစုပေါင်းရေဂါလန် ၁၄၀၀၀ ကို ကျေးရွာများအရောက် ပေးဝေလှူဒါန်းခဲ့သည်။ ဆက်လက်၍ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေရှားပါးသောကျေးရွာများသို့ ဆက်လက်ပေးဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အလယ်ကျွန်းရွာ သဘာဝသောက်သုံးရေရရှိရေး စုပေါင်းဆောင်ရွက်ခဲ့သော်လည်း အခက်အခဲနှင့် ကြုံတွေ့နေရ

အင်းတော် မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာတွင် သဘာဝစိမ့်စမ်းရေမှ သောက်သုံးရေရရှိရေးအတွက် စုပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါအပြီးသတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

၂၀၁၆ ဇန်နဝါရီလဆန်းပိုင်းမှ စတင်ကာ သဘာဝစိမ့်စမ်းရေရရှိရေးအတွက် အလယ်ကျွန်းရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာမှ လေးလက်မပိုက်နှစ်လုံးဖြင့် စနစ်တကျသွယ်ယူကာ ရေပေးဝေနိုင်ရန် ဆောင်ရွက်နိုင်ခဲ့သော်လည်းကျေးရွာအတွင်း နှစ်မိုင်ခန့်အကွာဝေးအတွက် ဆက်လက်လုပ်နိုင်ရန် ရေပိုက်များ လိုအပ်နေကြောင်း သိရသည်။

အိမ်ထောင်စု ၁၅၀ ကျော် လူဦးရေ ၁၀၀၀ ကျော်ခန့် နေထိုင်ကြသော အဆိုပါကျေးရွာသည် နန်းမကြိုင်းခေါင်းတုံးစီချောင်းဖျားမှ အဖျားခံစီးဆင်းပြီး နမီးချောင်းကို အဓိကမှီတင်းကာ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်နေကြသော်လည်း သောက်သုံးရေ ရရှိရေးအတွက် အခက်အခဲနှင့် တွေ့ကြုံနေကြသဖြင့် ဒေသခံများက ယခုကဲ့သို့ စုပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

“အခုလို သဘာဝစိမ့်စမ်းရေရရှိနိုင်ဖို့အတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေတာပါ။ ယနေ့ချိန်အထိ ကုန်ကျငွေကျပ်သိန်း ၅၀ ခန့်ရှိပါပြီ။ ဘုန်းတော်ကြီးကျောင်းနဲ့ စာသင်ကျောင်းတော့ ရောက်နေပါပြီ။ ကျေးရွာအတွင်း ဆက်လက်ရေပေးဝေဖို့အတွက် အခက်အခဲတွေ အနည်းငယ်တွေ့ရပါတယ်။ ရွာထဲပင်မရေသိုလှောင်ကန်နှစ်လုံးနဲ့ ကျေးရွာအတွင်း သွယ်တန်းဖို့ ရေပိုက်လိုင်းတွေ အများကြီး လိုအပ်နေပါတယ်။ ဒီလုပ်ငန်းကို ဆက်လက် အကောင်ထည်ဖော်လုပ်ဆောင်နိုင်ဖို့ စေတနာရှင် အလှူရှင်တွေ လိုအပ်နေပါတယ်”ဟု အလယ်ကျွန်းကျေးရွာရေရှိရေးအကျိုးတော်ဆောင် ဦးဘဖုန်းက ပြောသည်။

နွေရာသီ သောက်သုံးရေရရှိရေး မီးဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရေးအတွက်ရေသည် မရှိမဖြစ်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။ နာယက ဦးစိန်မောင်သန်း၊ ဦးသန်းဖေ၊ ဦးဘမိုးတို့ဦးစီးဆောင်ရွက်မှုဖြင့် ၂၀၁၆ ဖေဖော်ဝါရီ ၃ ရက်မှ စတင်ကာ ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် သင်္ကြန်မတိုင်မီ ကနဦးအနေဖြင့် ဘုန်းတော်ကြီးကျောင်း စတင်သုံးစွဲနိုင်အောင်ဆောင်ရွက်နေကြောင်း အကျိုးတော်ဆောင်တစ်ဦးက ပြောသည်။ အဆိုပါ သဘာဝစိမ့်စမ်းရေရရှိနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် ဩဂုတ်လကတည်းက တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေကျပ် ၁၀ သိန်းဖြင့် မတည်ကာတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၆၇)

အနန္တမုနိ ဆုတောင်းပြည့်ဓာတုစေတီတော် ရွှေထီးတော်တင်လှူပွဲ ဖားကန့်၌ ကျင်းပ

ဖားကန့် ဧပြီ ၁၃
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာဘေးမဲ့တော သာသနာ့ကုန်းမြေပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော အနန္တမုနိ ဆုတောင်းပြည့် ဓာတုစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲကို စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ဧပြီ ၁၀ရက်ကကျင်းပခဲ့သည်။

ထီးတော်တင်လှူပွဲသို့ ဖားကန့်ဆရာတော်ကြီး ဦးဝါယမ၊ မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကဝိသာရ၊ ဆန်းကြွယ်မစိုးရိမ်ကျောင်းဆရာတော်နှင့် လုံးခင်းမေဓိကာရာမကျောင်း စာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ(ဂန္ထဝါစကပဏ္ဍိတ)တို့နှင့် သံဃာတော်များ၊ အလှူရှင်များ၊ နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်မှူးကြီးသန်းဦး၊ ရဲတပ်ရင်း(၈)မှ ရဲကွပ်ကဲရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအဖွဲ့အစည်းများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထီးတော်တင်လှူပွဲတွင် အလှူရှင်များက ရတနာစိန်ဖူးတော် ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ဆရာတော်ကြီးများအား ဆက်ကပ်ကြကာ ဆရာတော် သံဃာတော်အပါး ၁၅၀ တို့အား ဆွမ်းဆန်စိမ်းများလောင်းလှူပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ နယ်မြေခံတပ်မမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့ ဦးစီး၍ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လည်၍ အပူဇော်ခံပြီး ပန်းရထားစင်ဖြင့် တင်လှူပူဇော်ခဲ့ကြသည်။

အနန္တမုနိစေတီတော်မြတ်ကြီးကို လုံးခင်းကျေးရွာ မေဓိကာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ က ဦးစီး၍ အလှူရှင်များစုပေါင်းကာ ရွှေတိဂုံစေတီတော်မြတ်နှင့် ပုံစံတူ တည်ထားခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့် ၆၆ တောင်ရှိကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းမှု တစ်ဧက တင်း ၁၈၀ ကျော်နှုန်း ထွက်ရှိ

သနပ်ပင် ဧပြီ ၁၁
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဈေးပိုင်းအုပ်စု၌ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး စံကွက် ၃ ဒသမ ၂ ဧကကို ဧပြီ ၁၁ ရက်က ရိတ်သိမ်းခဲ့ရာ စပါးအစို တစ်ဧက ၁၈၀ ဒသမ ၃ တင်းနှုန်းအထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ခရိုင်မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်အဖွဲ့ဝင်များနှင့် စိုက်ပျိုးရေးဝန်ထမ်းများ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဒေါ်ကြူကြူမြင့်က လယ်ယာမြေများ အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းလျော့နည်းလာသည့်အတွက် တိုးပွားလာသော လူဦးရေများအတွက် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့် ပုလဲသွယ်စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း အကြံပြုပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ နှစ်ဆန်း ၁ ရက်တွင် ကျင်းပမည်

မြောင်းမြ ဧပြီ ၁၃
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့တွင် နှစ်သစ်နှစ်ဦးအလှူတော်အဖြစ် ကျင်းပမြဲဖြစ်သည့် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယခုနှစ်တွင်လည်း (၈၁)ကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ကျင်းပရေးအဖွဲ့မှ သိရသည်။

"မြန်မာ့စွယ်စုံကျမ်း အမှတ်(၉)မှာ မြို့ကျက်သရေဆောင် အလှူပွဲတော်ကြီးအဖြစ် မှတ်တမ်းတင်ဖော်ပြခြင်းခံရတဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ယခုနှစ်မှာလည်း ဆရာတော်ကြီးများရဲ့ ဩဝါဒကိုခံယူပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ကျင်းပရေးဗဟိုကော်မတီမှ ဦးကျင်စန်းက ပြောကြားသည်။

ယခင်နှစ်ကကျင်းပခဲ့သည့် အကြိမ်(၈၀)မြောက် မြောင်းမြမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးတွင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ စက်ရုံအလုပ်ရုံ လုပ်ငန်းရှင်များ၊ အလုပ်သမားများ ၊ ဈေးသူဈေးသားများ ၊ လူငယ်အဖွဲ့အစည်းများ ၊ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် တစ်ဦးချင်းအလှူရှင်များ၊ မြို့ပေါ်အနေ့းယာဉ်ဂိတ်ပေါင်း ၅၄ ဂိတ်မှ အနေ့းယာဉ်လုပ်သားများ၊ စေတနာရှင်၊ အလှူရှင်များက တစ်မြို့နယ်လုံးရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၄၅ ကျောင်းမှ သံဃာတော်ပေါင်း ၂၅၆၂ ပါးနှင့် သီလရှင်အပါး ၃၅၀ တို့အား စုပေါင်းလှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုပမာဏမှာ စာရေးတံမဲပေါင်း ၄၉၂ မဲ၊ ပဒေသာပင်အကြီး ၁၁၁ ပင်မှ ငွေသားနှင့် ပစ္စည်းများ တန်ဖိုးကျပ်သိန်းပေါင်း ၈၃၅၀ ကျော်နှင့် တစ်မြို့နယ်လုံး မိမိအစီအစဉ်ဖြင့် လောင်းလှူကြသော ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ဆပ်ပြာ စသည်ဖြင့် လှူဒါန်းမှုမှာ ကျပ် ၁၄၃၅ သိန်းခန့်ရှိကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

ယဉ်ကျေးလိမ္မာအခြေခံသင်တန်းဆင်းပွဲကျင်းပ

ငါးသိုင်းချောင်း ဧပြီ ၁၃
ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မျက်တိုကျေးရွာအုပ်စု မယ်ဇလီကုန်းကျေးရွာ အမကကျောင်း၌ ဖွင့်လှစ်ခဲ့သော နွေရာသီ အခမဲ့ပညာဒါန ယဉ်ကျေးလိမ္မာအခြေခံသင်တန်း၏ သင်တန်းဆင်းပွဲကို ဧပြီ ၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ယဉ်ကျေးလိမ္မာအခြေခံ ပထမအဆင့်နှင့် ဒုတိယအဆင့် သင်ရိုးနှစ်ခု၌ ထူးချွန်ဆုရရှိသူ သုံးဦးအား ကျပ်ငါးသောင်းတန်ဖိုးရှိ စက်ဘီးတစ်စီးစီနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ နှစ်သိမ့်ဆု ၁၀ ဆု အတွက် ကျောပိုးအိတ်နှင့် စာရေးကိရိယာများ ချီးမြှင့်ခဲ့ကာ သာမန်အဆင့်ဖြေဆိုအောင်မြင်သူများကိုလည်း စာရေးကိရိယာနှင့် အောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းမှူးဆရာတော်က ကျောင်းသားကျောင်းသူများ လိမ္မာယဉ်ကျေးမှုအတွက် အထောက်အကူပြုနေသည့် သင်တန်းကို နှစ်စဉ် အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်အောင် ဆက်လက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ရပ်မိရပ်ဖများအား မိန့်ကြားခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ငှက်ကြီးသိုက်ကုန်းကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒကနှင့် နေဝန်းသစ် မြက်တိုကျေးရွာမှ ဒေသခံ လူငယ်ပရဟိတ အကျိုးတော်ဆောင်များက ကြီးမှူး၍ မတ် ၆ ရက်မှ ဧပြီ ၇ ရက်အထိ တစ်လတိုင်တိုင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် သူငယ်တန်းမှ နဝမတန်းအထိ ဒေသခံကျောင်းသားကျောင်းသူ ၈၀ တက်ရောက်သင်ကြားခဲ့ကာ ၆၈ ဦး ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

အသံဆူညံသော စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူ

မတ္တရာ ဧပြီ ၁၃
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ သင်္ကြန်ကာလအတွင်း ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်သော ဆိုင်ကယ်များနှင့် အိတ်ဇောများဖွင့်၍ဆူညံစွာ မောင်းနှင်သည့် စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များ မရှိစေရေးနှင့် မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ဗိုလ်ချုပ်လမ်းနှင့် မြို့မဈေးလမ်းဆုံနေရာ၌ အဖွဲ့စုံဖြင့် ဧပြီ ၁၁ ရက်က စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(မတ္တရာ)မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များ ပူးပေါင်း၍ မော်တော်ဆိုင်ကယ်များတွင် ပါဝါအိတ်ဇောများတပ်၍ မောင်းနှင်ခြင်းနှင့် အိတ်ဇောများကိုဖွင့်၍မောင်းနှင်သူများကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ ဖမ်းဆီးထားသော မော်တော်ဆိုင်ကယ်များကို မဟာသင်္ကြန်ကာလ ပြီးဆုံးမှသာ ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အသံဆူညံသော ဆိုင်ကယ်များကို စစ်ဆေးဖမ်းဆီးအရေးယူမှုများကို မဟာသင်္ကြန် အကြိုကာလတွင်သာမက သင်္ကြန်ရက်များ အတွင်းတွင်လည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့စုမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မိုးကုတ် ဧပြီ ၁၃
မိုးကုတ်မြို့နယ်အတွင်းမှ အနာဂတ် နိုင်ငံ့ဘောလုံးလက်ရွေးစင်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်၍ မိုးကုတ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မိုးကုတ်ထာပွဲ ကျောက်မျက်ကုန်သည်၊ ပွဲစားများအသင်းတို့က ကြီးမှူးကျင်းပသော အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မိုးကုတ်မြို့ အောင်နန်းရပ်ရှိ မြို့နယ်ဘောလုံးကွင်း၌ ဧပြီ ၁၁ ရက်က ကျင်းပခဲ့သည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် I&C ဘောလုံးအသင်းနှင့် 94 FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ 94 FC ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး မိုးကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကံထူးက ပထမဆုရ 94 FC ဘောလုံးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မိုးကုတ်ထာပွဲ ကျောက်မျက်ကုန်သည်ပွဲစားများအသင်း ဥက္ကဋ္ဌ ဦးကျော်ဆွေက ဒုတိယရရှိခဲ့သော I&C ဘောလုံးအသင်းအား ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်က တတိယရရှိခဲ့သော နေရှင်နယ် ဘောလုံးအသင်းအား ဆုဖလားနှင့် ဂုဏ်ပြုငွေကျပ် သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများကိုလည်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မိုးကုတ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ဘောလုံးအသင်း ၁၃ သင်းနှင့် ပြင်ဦးလွင်မြို့နယ်၊ မိုးမိတ်မြို့နယ်တို့မှ ပြိုင်ပွဲဝင်ဘောလုံးအသင်း တစ်သင်းစီ၊ စဉ့်ကူးမြို့နယ်မှ အသင်းနှစ်သင်း စုစုပေါင်း ၁၆ သင်းက အုပ်စုလေးစုခွဲကာ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

နေဝါ(မိုးကုတ်)

ဆူးလေဘုရားလမ်း လူကူးခုံးကျော်တံတား ဧပြီလအကုန် ပြီးစီးရန်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်မြို့လယ်ရှိ အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းဆုံတွင် ပြန်လည်တည်ဆောက်နေသော ဆူးလေဘုရားလမ်းဆုံ လူကူးခုံးကျော်တံတားကို ဧပြီလကုန် ရက်ပိုင်းများအတွင်း ပြီးစီးနိုင်ရန် သင်္ကြန်ရက်များ၌ အနားမယူဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ လက်ထောက်ဌာနမှူး ဦးတင်ထွန်းဦးက ဆိုသည်။

ယခုအခါ ဆူးလေဘုရားလမ်း မီးသတ်အဆောက်အအုံဘက်အခြမ်းမှ လှေကားများတွင် ကြွေပြားများခင်းနေပြီဖြစ်ပြီး လူသွားလမ်းစင်္ကြံတစ်လျှောက်ပတ်ပတ်လည်တွင် ကြွေပြားများ ခင်းခြင်း၊ လက်ရန်းများ တပ်ဆင်နေခြင်းကို လုပ်သားများက ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

လက်ထောက်ဌာနမှူးက "တံတားတည်ဆောက်မှုအနေအထားအရ ရာခိုင်နှုန်း ၈၀ ကျော်လောက်တော့ ပြီးစီးနေပါပြီ။ အချောသပ်လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ယင်းလမ်းဆုံ ဆူးလေဘုရားလမ်းအရှေ့ဘက်ခြမ်းတွင် ယခင်တပ်မတော်အစိုးရလက်ထက်က တည်ဆောက်ပေးခဲ့သော တော်ဝင်လူကူးခုံးကျော်တံတားတစ်စင်းရှိသည်။ တောင်ဘက်ခြမ်းတွင် အရှေ့ဘက်၊ အနောက်ဘက်နှစ်ဖက်စလုံး အဆင်းအတက် ပြုလုပ်နိုင်သောလှေကားနှစ်စင်းရှိသည်။ မြောက်ဘက်ခြမ်းတွင် အဆင်းအတက်ပြုလုပ်နိုင်သောလှေကားတစ်စင်းရှိသည်။သို့သော် ထိုတော်ဝင်တံတားပေါ်သို့တက်၍ လမ်းကူးရခြင်းကို ခရီးသွားအများစုက ဝန်လေးခဲ့ကြသည်။

ဆူးလေဘုရားလမ်းပေါ်လမ်းဆုံ၌ "ဤနေရာမှ လမ်းမကူးရ၊ အန္တရာယ်ရှိသည်" ဆိုသော ဆိုင်းဘုတ်အနီးမှပင် ခရီးသွားအများစုက လမ်းဖြတ်ကူးနေကြသည်။

ယခုအခါ ခရီးသွားများ လမ်းဆုံလေးဖက်လေးတန်မှ အလွယ်တကူအဆင်ပြေစွာ အဆင်းအတက်ပြုလုပ်၍ လမ်းကူးနိုင်ရန်အတွက် တော်ဝင်တံတားဟောင်းနှင့် ချိတ်ဆက်၍ ပတ်လည်သွားနိုင်သော စတုဂံလူကူးခုံးကျော်တံတား အဖြစ်တည်ဆောက်လျက်ရှိသည်။

ထပ်မံတည်ဆောက်မှုမှာ မီးသတ်ဘက်ခြမ်းရှိ ဆူးလေဘုရားလမ်းပေါ်မှ ဖြတ်သန်း၍ လျှောက်လမ်းတစ်ခု၊ အနော်ရထာလမ်းပေါ်မှ ဖြတ်သန်း၍ လျှောက်လမ်းနှစ်ခုကို တည်ဆောက်ပြီး ဂငယ်သဏ္ဌာန်တော်ဝင်တံတားဟောင်းနှင့် ချိတ်ဆက်တည်ဆောက်ခြင်းဖြစ်သည်။

အနော်ရထာလမ်းပေါ်မှ ဖြတ်သန်းတည်ဆောက်မှုလျှောက်လမ်းမှာ အရှည်ပေ ၁၀၀ ရှိစီရှိပြီး ဆူးလေဘုရားလမ်းပေါ်မှ ဖြတ်သန်းတည်ဆောက်မှုမှာ ပေ ၇၀ ရှိကြောင်းသိရပြီး အနော်ရထာလမ်းပေါ်မှ လူသွားလမ်းအကျယ်မှာ ခုနစ်ပေစီရှိ၍ ဆူးလေဘုရားလမ်းပေါ်မှ လူသွားလမ်းအကျယ်မှာ ၁၀ ပေခြောက်လက်မရှိကာ မြေပြင်နှင့် ကင်းလွတ်အမြင့်မှာ ၁၈ ပေရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

ဝန်ကြီးချုပ်ဖလားတံခွန်စိုက်ဆုရ ပြေးခုန်ပစ်အားကစားသမားများအား ဆုချီးမြှင့်

ကလေး ဧပြီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် ခရိုင် ၁၀ ခရိုင်မှ ပြေးခုန်ပစ်အားကစားပြိုင်ပွဲကျင်းပရာ ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တံခွန်စိုက်ဆုကြီးအား ကလေးခရိုင်ကိုယ်စားပြု ပြေးခုန်ပစ်အားကစားသမားများက ပထမဆုတံခွန်စိုက်ဖလား ဆွတ်ခူးရရှိပြီး အားကစားသမားများဂုဏ်ပြုပွဲကို ဧပြီ ၁၁ ရက် ညနေ ၅နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ပြုပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အသင်းအုပ်ချုပ်သူ ခရိုင်အားကစားမှူး ဦးဖွန်ကျဲအိုက ပြိုင်ပွဲအတွေ့အကြုံနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အသင်းအုပ်ချုပ်သူ ခရိုင်အားကစားမှူးနှင့် အားကစားသမားတစ်ဦးက ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့ ပထမဆုတံခွန်စိုက်ဆုအား လွှဲပြောင်းပေးအပ်ပြီးနောက် အဆိုပါပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူအားကစားသမားများအား ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေနှင့် အားကစားအနွေးဝတ်စုံများကို အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား

သီပေါ နမ့်ပေါ့ချောင်းကူးတံတား တည်ဆောက်ပြီး၍ ဒေသခံများ အဆင်ပြေ

သီပေါ ဧပြီ ၁၃

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လက ရွာသွန်းခဲ့သော မိုးနှင့်တောင်ကျရေများကြောင့် ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းတို့ရေလျှံကာ သီပေါ၊ နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များသို့ ပေါင်းကူးဆက်သွယ်ပေးသည့် နမ့်ပေါ့ချောင်းကူးတံတားကြီး ကျိုးကျပျက်စီးသွားရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၄) အင်ဂျင်နီယာဦးမောင်မောင်တာနှင့် အဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ရာ လုပ်ငန်းများပြီးစီးခဲ့သဖြင့် ဧပြီ ၁၀ ရက်က ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ထိုသို့ ဖြတ်သန်းသွားလာခွင့်ရရှိကြပြီးနောက် ပြည်သူများ၏ ရင်တွင်းက ဝမ်းမြောက်ဖွယ်စကားများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးအောင်ခင် (မြို့မိမြို့ဖ)

နမ့်ပေါ့ချောင်းကူး တံတားကြီး ကြံ့ခိုင်မှုအားနည်းပြီး ကျိုးကျပျက်စီးခြင်းမရှိမီ တံတားအသစ်ပြန်လည်တည်ဆောက်ရေးအတွက် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ခရီးစဉ်တွင် တင်ပြခဲ့ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ချပေးခဲ့သော ရန်ပုံငွေလိုအပ်နေသေးတာကြောင့် ပြည်ထောင်စုဝန်ကြီးက ထပ်မံရန်ပုံငွေဖြည့်ဆည်းဆောင်ရွက်ပေးသဖြင့် ယခုလိုသံကူကွန်ကရစ် ခေတ်မီတံတားကြီး တည်ဆောက်ပေးခဲ့တဲ့အတွက် ဒေသခံများ ကိုယ်စား နိုင်ငံတော်ကို အထူးကျေးဇူးတင်ရှိပါတယ်။

ဦးသန်းထွန်း၊ စိုက်ပျိုးရေး (အငြိမ်းစား)

စိုက်ပျိုးရေး (ငြိမ်း) ဆိုတော့ သီးပင်နဲ့ဟင်းစားပင်တွေ စိုက်ပျိုးလုပ်ကိုင်ပြီး ဘဝရပ်တည်နေရတာပါ။ စိုက်ခင်းထွက်သီးနှံတွေဈေးကို သွားပို့ရတာ နမ့်ပေါ့ချောင်းကို မကျော်ဖြတ်ဘဲ ဈေးကိုမရောက်ဘူး။ တံတားကကျိုးနေတော့ သွားလာရေး မလွယ်ကူခဲ့ပါဘူး။ အခုလိုတံတားကြီး ဆောက်လုပ်လို့ပြီးသွားတော့ သွားရေးသာ၍ လာရေးဖြောင့်ဖြူးသွားပါတယ်။

ဒေါ်နန်းစိန်မြင့်(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးစာရေးဝန်ထမ်း)

ကျွန်မက မြို့နယ်ထွေ/အုပ် စာရေးဝန်ထမ်းဖြစ်ပါတယ်။ ရုံးကို မော်တော်ဆိုင်ကယ်နဲ့သွားရတာပါ။ ယာယီတံတားဆိုတော့ ကျဉ်းလည်းကျဉ်း၊ သွားနိုင်အောင် ခေတ္တခဏ ဆောက်လုပ်ထားတဲ့ ဘေလီတံတားဖြစ်ပါတယ်။ ယာဉ်နှစ်စီးရှောင်လို့ မရပါဘူး။ အသွားအပြန် စောင့်ဆိုင်းပြီးသွားလာရတာမို့ အချိန်ကုန်လူပန်းဖြစ်ရပါတယ်။ အခုလိုတံတားကြီးကို နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ဆောက်လုပ်ပေးခဲ့တာကြောင့် တံတားပေါ်ကျော်ဖြတ်ရင်း ကျွန်မတို့ရဲ့ကျေးဇူးရှင်ကြီးကို မမေ့နိုင်တော့ပါ။

ဦးစိုင်းထွန်းဝင်း(ကျောင်းဆရာ)

ကျွန်တော်က ကျေးရွာက မူလတန်းကျောင်း ဆရာပါ။ မြို့နဲ့ရွာနဲ့က ကိုးမိုင်ကျော်ရှိပါတယ်။ ဆိုင်ကယ်နဲ့အသွားအပြန် လုပ်ရပါတယ်။ ကျွန်တော့အပြင် ရွာသားတွေကလည်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီတွေနဲ့ နေ့စဉ်ဈေးရောင်း၊ ဈေးဝယ် နိစ္စဓူဝအလုပ်တွေပါ။ အခုလို နမ့်ပေါ့တံတားကြီးတည်ဆောက်ပြီးသွားလို့ သွားရေးလာရေး အစစအရာရာလွယ်ကူသွားပါပြီခင်ဗျာ။

ကိုအောင်မိုး(အောင် စက်ရိုက်ဖြန်းအုတ်လုပ်ငန်းရှင်)

ဇာတ်စုရပ်မှာ နေထိုင်ပြီး အိမ်တွင်းမှုလုပ်ငန်းဖြစ်တဲ့ စက်ရိုက်ဖြန်းအုတ်လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုသူပါ။ တံတားကြီးကျိုးကျပျက်စီးသွားတော့ အနောက်ဘက်လှည်းလမ်းကနေ ထော်လာဂျီနဲ့မြို့တွင်းဘက်ကို မောင်းနှင်သွားလာရတာ ခရီးလမ်းကြောင်းရှည်ပြီး လမ်းခက်ခဲလှပါတယ်။ အခုတော့ နမ့်ပေါ့ချောင်းကူးတံတားသစ်ကြီး ဖွင့်လှစ်ခဲ့တာမို့ ခရီးလည်းတို၊ ဟင်းလည်းချိုဆိုသကဲ့သို့ ကုန်ကျစရိတ်နည်းပြီး အချိန်တိုနဲ့ လိုရာခရီးကိုရောက်နိုင်ပါပြီ။ ဒါကြောင့် တံတားကိုဆောက်လုပ်ပေးခဲ့တဲ့ ကျေးဇူးရှင်ကြီးများ ကျန်းမာချမ်းသာပြီး အသက်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

အဆိုပါ ဆောက်လုပ်ပြီးစီးဖွင့်လှစ်ခဲ့သော နမ့်ပေါ့ချောင်းကူးတံတားကြီးမှာ အရှည် ပေ ၁၈၀ ရှိပြီး ငွေကျပ် ၄၂၆ သန်း ကုန်ကျခဲ့ကာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက် သုံးပေစီရှိသည့် ခေတ်မီသံကူ ကွန်ကရစ်တံတားကြီးဖြစ်ကြောင်း သိရသည်။

စိုင်းသာလှိုင် (လိမ္မော်မြေ)
ဓာတ်ပုံ-စိုင်း(သီပေါ)

ရန်ကုန်မြောက်ပိုင်းခရိုင်၌ မဏ္ဍပ် ၁၁ ခု ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် ဗဟိုမဏ္ဍပ် အပါအဝင်မဏ္ဍပ် ၁၁ ခု ဖြင့်သာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ကျင်းပလျက်ရှိကြောင်း သိရသည်။

ရေကစားမဏ္ဍပ်တို့မှာ ယမန်နှစ်ထက် လျော့နည်းသွားသော်လည်း နှစ်စဉ်ရိုးရာမပျက် အတာရေသဘင်ပွဲတော်အဖြစ် အင်းစိန်မြို့နယ်တွင် ရန်ကုန် မြောက်ပိုင်းခရိုင်မဏ္ဍပ်နှင့် မြို့တော်ဂေါက်ကွင်းမဏ္ဍပ်၊ မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်ရေကစားမဏ္ဍပ်တစ်ခု၊ ရွှေပြည်သာမြို့နယ်တွင် မြို့နယ်ဗဟိုမဏ္ဍပ်တစ်ခု၊ ဖျော်ဖြေရေးမဏ္ဍပ်တစ်ခုနှင့် ရခိုင်မောင်မယ်ရေလောင်း မဏ္ဍပ်တစ်ခု၊ လှိုင်သာယာမြို့နယ်တွင် မြို့နယ်ဗဟိုမဏ္ဍပ်တစ်ခု၊လှည်းကူးမြို့နယ်တွင် မြို့နယ်ဗဟိုဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်တစ်ခု၊ မှော်ဘီမြို့နယ်တွင် မြို့နယ်ဗဟိုမဏ္ဍပ်တစ်ခု၊ တိုက်ကြီးမြို့နယ်တွင် ရေကစားမဏ္ဍပ်တစ်ခုနှင့် ထန်းတပင်မြို့နယ်တွင် မြို့နယ်ဗဟိုမဏ္ဍပ်တို့ဖြင့် အသီးသီးဖွင့်လှစ်ခဲ့သည်။

သန်းထိုက်(လှိုင်သာယာ)

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲနှင့် ဗဟိုမဏ္ဍပ်ဖွင့်

ညောင်ဦး ဧပြီ ၁၃

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ညောင်ဦးခရိုင်ဗဟိုမဏ္ဍပ်၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကဦးဆောင်ကာ သံဃာတော် ၁၁ ပါးအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲနှင့် အာရုံဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဧပြီ ၁၂ ရက် အကြိုနေ့ နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ပင့်သံဃာဆရာတော်အရှင်သူမြတ် ၁၁ ပါးတို့က အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြရာ ဧည့်ပရိသတ်တို့က ရေစက်ချတရားနာကြားခဲ့ကြသည်။

ဆက်လက်၍ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ညောင်ဦးခရိုင်၏ ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီက ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ဦးမြင့်စိန်နှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပါရာဒိုက်တေးဂီတအဖွဲ့နှင့်အတူ သင်္ကြန်လှပျိုဖြူယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းသီဆို၍ ကပြဖျော်ဖြေကြရာ ကြွရောက်လာကြသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစားခဲ့ကြသည်။

အဆိုပါဗဟိုမဏ္ဍပ်၌ သင်္ကြန်ကာလအတွင်း နေ့စဉ် တေးဂီတအကအလှများဖြင့် ဖျော်ဖြေမှုများအပြင် အလှူရှင်များမှ စတုဒိသာ အမျိုးမျိုးဖြင့်လည်း လူမျိုးဘာသာမရွေး ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

မော်လမြိုင်ကျွန်း၌ မြန်မာ့ရိုးရာရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲ

မော်လမြိုင်ကျွန်း ဧပြီ ၁၃

မော်လမြိုင်ကျွန်းမြို့တွင် မြန်မာ့ရိုးရာရေသဘင်ပွဲတော်ကို ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့မှစတင်ပြီး သင်္ကြန်ချစ်သူများက အတာရေသဘင်ပွဲဆင်နွှဲကြသည်။

ယခုနှစ် မော်လမြိုင်ကျွန်းမြို့ မဟာသင်္ကြန်ပွဲတော်တွင် ရဲမိသားစုရေကစားမဏ္ဍပ်၊ မြို့နယ်သစ်တောဦးစီးဌာန ရေကစားမဏ္ဍပ်နှင့် ရွှေကျွန်းဆင်မင်း ရေကစားမဏ္ဍပ်များအပြင် မြို့မရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်တို့တွင် မိသားစုရေကစားမဏ္ဍပ်ငယ်များ၊ လူငယ်များ၏ အုန်းလက်မိုးရေကစားမဏ္ဍပ်ငယ်များတွင်လည်း သင်္ကြန်အကြိုနေ့မှစတင်ပြီး ပျော်ရွှင်စွာရေပက်ကစားကြသည်။

ထို့ပြင် မော်လမြိုင်ကျွန်းမြို့ သစ်တောဦးစီးဌာနရေကစားမဏ္ဍပ်ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့ညနေပိုင်းတွင် ကျင်းပပြီး မြနန္ဒာခေတ်ပေါ်တေးဂီတအဖွဲ့မှ အဆိုတော်များက ဖျော်ဖြေကြကာ ၁၅ လမ်း ကမ်းနားရွှေကျွန်းဆင်မင်း ရေကစားမဏ္ဍပ်တွင် ရွှေသံစဉ်ခေတ်ပေါ်တေးဂီတအဖွဲ့မှ အဆိုတော်များက ဖျော်ဖြေကြသည်။

သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများအပြီးတွင် သင်္ကြန်အကအလှ ဖျော်ဖြေပွဲများ၊ သင်္ကြန်လှပျိုဖြူရေပက်အဖွဲ့များ၊ ရေပက်ခံထွက်သူများနှင့် သင်္ကြန်ချစ်သူများက ယဉ်ကျေးပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲကြသည်။

ယခုနှစ် မော်လမြိုင်ကျွန်းမြို့နယ် မဟာသင်္ကြန်ပွဲတော်ရက်အတွင်း ယခင်နှစ်များကထက် စုပေါင်းရဟန်းခံရှင်ပြုပွဲများ၊ စတုဒိသာအကျွေးအမွေးများနှင့် သင်္ကြန်တွင်း တရားစခန်းပွဲများ ပိုမိုများပြားကြောင်းသိရသည်။

မော်ကျွန်းမြင့်အောင်

သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအသိပညာပေး

ပခုက္ကူ ဧပြီ ၁၃

ပခုက္ကူမြို့နယ်၌ သင်္ကြန်ကာလများအတွင်း ပြည်သူများအကြား မှုခင်းများမဖြစ်ပွားစေရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကို ပခုက္ကူမြို့နယ်ရဲစခန်းမှ ဦးစီး၍ ဧပြီ ၉၊ ၁၀၊ ၁၁ ရက်များတွင် ည ၈ နာရီမှ ၁၁ နာရီအထိ ညနေတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ညွန့်ဇော်၊ မြို့မရဲစခန်းမှ ဒုတိယရဲမှူးကျော်စိုးနှင့် ပခုက္ကူမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၂၀၊ ယာဉ်ထိန်းတပ်ဖွဲ့လေးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖွင့်ထောက်အဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ တို့သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဧပြီ ၉၊ ၁၀၊ ၁၁ ရက်များတွင် ညနေ ၈ နာရီမှ ၉ နာရီခွဲအထိ မြိုင်လမ်းဆုံနှင့်မြို့ရှောင်လမ်းထိပ်နှင့် ရွှေချောင်းအဝိုင်းတို့တွင် လည်းကောင်း၊ ၉ နာရီခွဲမှ ၁၁ နာရီအထိ မြိုင်လမ်းနှင့်ဆုကြီးပန်လမ်းဆုံနှင့် ရွှေချောင်းတံတားထိပ်တို့တွင် လည်းကောင်း သင်္ကြန်ကာလအတွင်း ကြိုတင်ကာကွယ်မှုအနေဖြင့် ယာဉ်များကို ရပ်နားစေပြီး တုတ်၊ ဓားနှင့် အန္တရာယ်ရှိသောလက်နက်များ လက်ဝယ်ထားရှိခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ သင်္ကြန်ကာလအတွင်း လုပ်သားပြည်သူများ မှုခင်းများမဖြစ်ပွားရေးအတွက် လိုက်နာဆောင်ရွက်ရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆလိုင်းကိုကီး

နတ်မောက်မြို့ ယင်းချောင်းအတွင်း ပြဿနာများမဖြစ်ပွားရေးဆောင်ရွက်

နတ်မောက် ဧပြီ ၁၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များမဖြစ်စေရေး၊ လတ်တလောဖြစ်ပေါ်လာသောပြဿနာများအား အချိန်နှင့်တစ်ပြေးညီကိုင်တွယ်ဖြေရှင်းနိုင်ရေးနှင့် လုံခြုံရေးအပြည့်အဝဆောင်ရွက်နိုင်ရေးတို့ကို ဧပြီ ၁၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး၏ကြီးကြပ်လမ်းညွှန်မှုဖြင့် နတ်မောက်မြို့၏ နတ်မောက်-တောင်တွင်းလမ်းထွက်ရှိ ယင်းချောင်းတွင် ဌာနဆိုင်ရာများ လုံခြုံရေးတာဝန်ယူနေကြောင်း သိရသည်။ အဆိုပါ ယင်းချောင်း၌ ဌာနဆိုင်ရာများလုံခြုံရေးကို အဖွဲ့လိုက် ငါးရက်တိုင်တိုင်ချမှတ်ခဲ့ရာ သင်္ကြန်အကြိုနေ့တွင် ၁၄ ဦး၊ အကျနေ့တွင် ၁၃ ဦး၊ ပထမအကြတ်နေ့တွင် ၁၄ ဦး၊ ဒုတိယအကြတ်နေ့တွင် ၁၃ ဦး၊ အတက်နေ့တွင် ၁၄ ဦးတို့က အလှည့်ကျလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်၍ သင်္ကြန်ကာလရက်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ စည်းကမ်းပျက်မောင်းနှင်သောယာဉ်များကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ မြင်းမူ၌ ကျင်းပ

မြင်းမူ ဧပြီ ၁၃

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ ကျင်းပရာ မြင်းမူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် သင်္ကြန်ယိမ်းလှပျိုဖြူလေးများနှင့် မူကြို သမီးငယ်ယိမ်းအဖွဲ့တို့က မြနန္ဒာသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး အတာရေစင်များ ပက်ဖျန်းခဲ့ကြသည်။

ထို့နောက် မြင်းမူမြို့ပေါ် ရပ်ကွက်များမှ သင်္ကြန်ယိမ်းအကအဖွဲ့လေးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ရက်များတွင် ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအကအဖွဲ့များက မြင်းမူမြို့ ဗဟိုမဏ္ဍပ်တွင် ညစဉ် ကပြဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(ပြန်/ဆက်)

မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကား ယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေးတားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ကြွမိဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော်မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာ ဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင်အဆန်းထွင်သုံးစွဲ အပျော်လွန်ကြူးလျှင် ဘေးအန္တရာယ်များနှင့်ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာအတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့်မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက် ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

အစိုးရသစ်နှင့် မြန်မာ့သင်္ကြန်

ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)

မြန်မာနိုင်ငံတွင် အပြောင်းအလဲတစ်ခုကို အိပ်မက်မက်ခဲ့ကြသော နိုင်ငံသူ၊ နိုင်ငံသားများသည် အမှန်တကယ် နိုင်ငံ့ခေါင်းဆောင်နှင့် အစိုးရအပြောင်းအလဲကို ကြုံတွေ့ခဲ့ကြရပြီးဖြစ်သည်။ ပြည်သူလူထုကိုယ်တိုင်တင်မြှောက်ခဲ့သော အစိုးရအဖွဲ့၏ ခေါင်းဆောင်များသည် ဧပြီ ၁ ရက်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သောအခါ နိုင်ငံအနှံ့ ကြိုဆိုဂုဏ်ပြုပွဲများပြုလုပ်ခဲ့ကြသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အောင်မြင်စွာပြောင်းလဲနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးသည် မိမိတို့ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များကျင်းပကြသည်။ နှစ်သစ်၊ နှစ်ဦးကို ဝမ်းမြောက်ပျော်ရွှင်စွာကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် ကျင်းပလေ့ရှိသောပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။ မြန်မာတို့သည် နိုင်ငံတစ်ဝန်းလုံး၌ နှစ်သစ်ဦးမဟာအတာသင်္ကြန်ရေသဘင်ပွဲကို အေးချမ်းပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲကြပါသည်။ နွေနေ၏အပူရှိန်အောက်တွင် အတာသင်္ကြန်မေတ္တာရေစင်ကြောင့် ပါဝင်ဆင်နွှဲကြသူတိုင်း လန်းဆန်းကြည်နူးလျက်ရှိကြသည်။ တစ်နှစ်တွင် တစ်ကြိမ်သာဆင်နွှဲရသော ရာသီပွဲတော်ဖြစ်၍လည်း တန်ဖိုးထားကြသည်။ ယခု ၁၃၇၈ ခုနှစ် အတာသင်္ကြန်သည် ပြောင်းလဲချိန်တန်၍ပြောင်းလဲလာသော အစိုးရသစ်၏ထူးခြားသည့် ပထမဆုံးသော နှစ်ဦးပွဲတော်လည်းဖြစ်သည်။

မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန် ရေပက်ကစားသည့်အလေ့အထသည် ရှေးခေတ်အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံခဲ့သည်။ ဒေဝဒဟနှင့်ကပိလတွင် သကျသာကီနွယ်ဝင်မင်းတို့ နှစ်သစ်ကူးပြောင်းချိန်ရောက်တိုင်း တစ်ခုသောရေကန်ကြီးအနီး မင်းခမ်းမင်းနားဖြင့် တဲကြီးများဆောက်လုပ်၍ ရေဖျန်းသဘင် ဆင်မြန်းခဲ့ကြရာမှ စတင်ခဲ့သည်ဟု သာသနာဝင်ကျမ်းများတွင် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။

သင်္ကြန်ဟူသောဝေါဟာရသည် 'သင်္ကန္တ' ဟူသော သက္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာတို့ နှစ်သစ်ကူးချိန်သည် မိန်ရာသီမှမိဿရာသီသို့ ကူးပြောင်းချိန်ဖြစ်သည်။ ရာသီရုပ်မှာ ငါးကြင်းနှစ်ကောင်ဖြစ်သည်။ နက္ခတ်သည် မြုံးသဏ္ဌာန်ရှိရေဝတီနက္ခတ်ဖြစ်သည်။ တာရာမှာ ဥဗျိုင်းရေငှက်တာရာဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ သရဖီပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းတို့ ဖြစ်ကြသည်။ မြန်မာတို့က ပိတောက်ပန်းကို သင်္ကြန်ပန်းအဖြစ် အမြတ်တနိုးတန်ဖိုးထားကြသည်။

မြန်မာတို့၏ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်သည် နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော်သက်သက်မဟုတ်။ အဓိပ္ပာယ်ရှိရှိနှင့် သတ်သတ်မှတ်မှတ် ကျင်းပသောပွဲဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ယဉ်ကျေးမှုကို မဏ္ဍိုင်ပြု၍ ကျင်းပသောပွဲတော်လည်း ဖြစ်ပေသည်။ သင်္ကြန်ကာလရေပက်ခြင်း၏ အလေ့အထနှင့် ရည်ရွယ်ချက်သည်ပင် နှစ်ဟောင်းမှ အညစ်အကြေးများကို ရေစင်ရေသန့်တို့နှင့် ပက်ဖျန်းခြင်းဖြင့် စိတ်ကိုသန့်စင်ကြည်လင်ပြီး အေးမြစေရန်ဖြစ်သည်။

သင်္ကြန်ရေ၏ ထူးခြားချက်များလည်း ရှိပေသေးသည်။ သင်္ကြန်ရေပက်သည့်အခါ ရေကောင်းရေသန့် ရေမွှေးများနှင့် ကျန်းမာချမ်းသာပါစေဟူသော စိတ်စေတနာဖြင့် ပက်ဖျန်းခြင်းဖြစ်၍ ကျန်းမာရွှင်လန်းစေသည်။ မည်မျှပင် ရေကြောက်သူများဖြစ်ပါစေ သင်္ကြန်ရေကို တစ်နှစ်တစ်ကြိမ် အပက်ခံကြသည်။ စေတနာသန့်သန့်ဖြင့် ပက်သည့်ရေဖြစ်၍ သင်္ကြန်ရေနည်းသည်များသည်မဟူ။ အပူရှပ်ခြင်း၊ ဖျားနာခြင်းမရှိ။ ရွှင်ရွှင်လန်းလန်းနှင့် နှစ်သစ်ကို ဖြတ်သန်းနိုင်ကြသည်က သင်္ကြန်ရေ၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။

သင်္ကြန်အတွက် ရှောင်ကြဉ်ရမည့် ရှေးကပညတ်ချက် ၁၀ ပါးရှိပါသည်။ ယင်းတို့မှာ-(၁) ရုဒ- ငိုကြွေးခြင်း (၂) မေထုန-မေထုန်သံဝါသပြုခြင်း (၃) မံသ-အသားဟင်းလျာစားသောက်ခြင်း (၄) သုရာ-သေရည်သောက်စားမူးယစ်ခြင်း (၅) ကောဓ-အမျက်ထွက်ခြင်း (၆) ရုဓိရ-သွေးဖောက်၊ သွေးထုတ်ခြင်း (၇) တေလိက-ဆီလိမ်း၊ ဆေးလိမ်းခြင်း (၈) ရုက္ခစ္ဆေဒ-သစ်ပင်ဖြတ်ခြင်း ထင်းခုတ်ခြင်း (၉) ကိဏာဝယ်ယူခြင်း၊ ကျီသွင်းခြင်း (၁၀) ဝိက္ကိဏာ- ရောင်းချခြင်း၊ ဆိုင်ထွက်ခြင်း စသည်တို့ဖြစ်သည်။ ထိုအချက် (၁၀) ချက်ကို အထူးပြုရှောင်ကြဉ်နိုင်ပါက လောကီ၊ လောကုတ္တရာ အကျိုးစီးပွားများကို ရရှိခံစားရမည်ဖြစ်သည်။

ရှေးအစဉ်အဆက်ကတည်းက ခိုင်မာစွာပေါ်ပေါက်လာသော မြန်မာ့ရိုးရာသင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုမပျက်ဆင်နွှဲရန် အရေးကြီးပေသည်။ ခေတ်ကိုအကြောင်းပြု၍ အတာသင်္ကြန်ကို မညစ်နွမ်းစေလိုပါ။ မိမိပျော်ရွှင်မှုကြောင့် အများကို မထိခိုက်စေရန်နှင့် မဟာသင်္ကြန်၏ ဂုဏ်သရေမညှိုးနွမ်းစေရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့အတာသင်္ကြန်ပွဲတော်ကို အမျိုးသားရေးလက္ခဏာတစ်ရပ်အနေဖြင့် ရိုးရာမပျက် မှန်မှန်ကန်ကန်ဆင်နွှဲကြရန်လိုသည်။ ရေတွင် မင်္ဂလာနိမိတ်သုံးပါးရှိသည်။ အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းစေနိုင်ခြင်း၊ ရေကိုသား၍ အကြားမထင်ဘဲ တစ်ဆက်တစ်စပ်တည်း တည်ရှိနေခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ထိုရေနိမိတ်သုံးပါးနှင့်အညီ တိုင်းမြန်ပြည်ငြိမ်းအေးစေရန် သွန်းသည့်အတာရေဖြစ်ရန် အရေးကြီးပေသည်။

NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် သမ္မတသစ် ဦးထင်ကျော်တို့ဦးဆောင်သော အရပ်သားအစိုးရသစ်ပေါ်ပေါက်လာသည်နှင့် မင်္ဂလာသတင်းများ စတင်ကြားရပါတော့သည်။ အစိုးရသည် ယခင်ဝန်ကြီးဦးရေ ၃၆ ဦးမှ ၂၁ ဦးသို့ လျှော့ချလိုက်ရာ ပြည်သူ့ဘဏ္ဍာငွေ သန်း ၅၀၀၀ သက်သာသွားသည်။ နိုင်ငံတော်အနေနှင့် ငါးနှစ်အတွင်း သန်း ၅၀၀၀ စုဆောင်းပြီးဖြစ်သွားသည်။ ထို့ပြင် ဝန်ကြီးများနှင့် ပတ်သက်လာမည့်ခရီးနီများ၊ အစိုးရအရာရှိကြီးများ၏ မမှန်မကန်လုပ်ရပ်များ၊ အဂတိလိုက်စားမှုများပါ လျော့နည်းသွားသည်။ ဝန်ကြီး၊ ဒုဝန်ကြီးများဖောင်းပွပြီး ၎င်းတို့နှင့်နီးစပ်ရာ ဝန်ထမ်းများအား နေရာကောင်းပေးခြင်း၊ ရာထူးတိုးပေးခြင်း၊ နိုင်ငံခြားသို့စေလွှတ်ခြင်း စသည်တို့ပါ ချုပ်ငြိမ်းသွားတော့သည်။ NLDအရပ်သားအစိုးရတက်လာသည်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ သိသိသာသာ ပြောင်းလဲလျော့ကျသွားသည်။ မြန်မာငွေတန်ဖိုး သိသိသာသာ တက်လာသည်။ ရွှေဈေးများလည်း ကျသွားသည်။ အိမ်နီးချင်းနိုင်ငံများ၏ လေးစားချစ်ကြည်မှုကို ပိုမိုရရှိလာသည်။

ရာစုနှစ်ထက်ဝက်ကျော် ကြာပြီးသည့်သကာလ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းကျသော အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာသည်။ မြန်မာ့နိုင်ငံခြားရေးမူဝါဒမှာလည်း ပိုမို၍သွက်လက်လှုပ်ရှားလာခဲ့သည်။ ယခုရက်ပိုင်းအတွင်း မြန်မာ့မြေပေါ်သို့ အရှေ့အနောက် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့ဝင်များ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာကြသည့်ပြင် မြန်မာအစိုးရသစ်ကို ပဋိသန္ဓာရစကားများဆက်သွယ်ပြောကြားလျက်ရှိသည်ကိုလည်း သတင်းများတွင် တွေ့ရှိနိုင်သည်။

ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတော်သမ္မတအိမ်တော်တို့တွင် ၃၀-၃-၂၀၁၆ နေ့က ကျင်းပခဲ့သည့် ကျက်သရေမင်္ဂလာပြည့်ဝသော အခမ်းအနားများကား ဒီမိုကရေစီလိုလားသောပြည်သူတို့ နှစ်ပေါင်းများစွာ သက်စွန့်ကြိုးပမ်းအားထုတ်ခဲ့ရမှု၏ ရလဒ်များပင်ဖြစ်သည်။ လွတ်လပ်ခြင်း၊ တန်းတူညီခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားသော လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်ရေးကို လိုလားတောင့်တခဲ့ကြသည့် ပြည်သူလူထု၏ ပထမအောင်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲတွင် မြင်တွေ့ခဲ့ရ၏။ ပြည်သူတစ်ရပ်လုံးသည် ဒီမိုကရေစီအင်အားစုများကို တစ်ခဲနက် ဆန္ဒမဲပေးခဲ့ကြသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှမ်းမိုးသည့် လွှတ်တော်များ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် ယင်း၏အကျိုးဆက်အဖြစ် အဖွဲ့ချုပ်၏ မူဝါဒများနှင့် ညီညွတ်စွာ ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့သစ်တစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

မင်္ဂပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။ မကောင်းမှုဟူသမျှကို ပယ်ဖျက်တတ်သောကြောင့် မင်္ဂလာမည်၏။ ၁၃၇၈ ခုနှစ်၊ မြန်မာနှစ်သစ်သည် မကောင်းမှုဟူသမျှကို ပယ်ဖျက်မည့် မင်္ဂလာရှိသောနှစ်သစ်ဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများအား ချန်ထားခဲ့မည်ဖြစ်ပြီး နှစ်သစ်သို့ဝင်ခွင့်ပြုမည်မဟုတ်ပေ။ ယခုအခါ ပြည်သူလူထုက တစ်ခဲနက်ထောက်ခံမဲပေး၍ ရွေးချယ်ထားသော အရပ်သားအစိုးရ ပြည်သူ့အစိုးရလည်း ပေါ်ပေါက်လာပြီဖြစ်သည်။ ပြည်သူလူထု၏ လိုအပ်ချက်၊ လိုအင်ဆန္ဒများကို အကောင်းဆုံးဖြည့်ဆည်းပေးမည့် ပြည်သူ့အစိုးရဖြစ်၍လည်း ၁၃၇၈ ခုနှစ်သည် သာ၍မင်္ဂလာရှိပေသည်။ ထို့ကြောင့် မင်္ဂလာပေါ်မင်္ဂလာဆင့်၍ မင်္ဂလာတင့်သော နှစ်သစ်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ရှေးအစဉ်အဆက်ကတည်းက ခိုင်မာစွာပေါ်ပေါက်လာသော မြန်မာ့ရိုးရာသင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုမပျက်ဆင်နွှဲရန် အရေးကြီးပေသည်။ ခေတ်ကိုအကြောင်းပြု၍ အတာသင်္ကြန်ကို မညစ်နွမ်းစေလိုပါ။ မိမိပျော်ရွှင်မှုကြောင့် အများကိုမထိခိုက်စေရန်နှင့် မဟာသင်္ကြန်၏ ဂုဏ်သရေမညှိုးနွမ်းစေရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့အတာသင်္ကြန်ပွဲတော်ကို အမျိုးသားရေးလက္ခဏာတစ်ရပ်အနေဖြင့် ရိုးရာမပျက် မှန်မှန်ကန်ကန်ဆင်နွှဲကြရန်လို . . .

သုဝဏ္ဏဝတီမြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန်ဖွင့်ပွဲ စည်ကားစွာကျင်းပ

သုဝဏ္ဏဝတီ ဧပြီ ၁၃

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ ပထမအကြိမ်ဖြင့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ကျိုက်ကော်ရပ်ကွက် ရှင်ဥပဂုတ္တကန်တော်အရှေ့၌ ဧပြီ ၁၂ ရက် နံနက် သင်္ကြန်အကြိုနေ့က စည်ကားစွာ ဖွင့်လှစ်ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ဒေါ်ခိုင်ခိုင်လဲ့၊ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်တို့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးပြီး သုဝဏ္ဏဝတီမြို့နယ်အုပ်ချုပ်ရေးမှူး စောပြည့်စုံက အမှာစကားပြောကြားသည်။ ယင်းနောက် သုဝဏ္ဏဝတီမြို့ ယိမ်းအဖွဲ့၊ သိမ်ဆိပ်ရပ်ကွက် ဘူတာလမ်းယိမ်းအဖွဲ့၊ ဇရစ်ချောင်ကျေးရွာ ယိမ်းအဖွဲ့တို့က မြန်မာ့ရိုးရာသင်္ကြန် ယိမ်းအကများ၊ မွန်၊ ကရင်၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြပြီး အတာသင်္ကြန်ကို ပျော်ရွှင်စွာရေပက်ကစားကြသည်။

ကျိုက်ကော်ကျေးရွာအုပ်စု၊ သိမ်ဆိပ်ကျေးရွာအုပ်စု တောင်ကြားကျေးရွာအုပ်စုတို့ကိုစုပေါင်း၍ သုဝဏ္ဏဝတီမြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်လိုက်ပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် သုဝဏ္ဏဝတီမြို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ကို ရပ်မိရပ်ဖများက ဦးဆောင်ကျင်းပခဲ့ကြောင်း သိရသည်။

ခွန်(ဝင်းပ)

ကျောင်းကုန်းမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ဖွင့်

ကျောင်းကုန်း ဧပြီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့ နံနက်က အဆိုပါမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ယိမ်းအဖွဲ့များက မြူမှောင်ဝေကင်းသီချင်း၊ သင်္ကြန်မိုးသီချင်း၊ မန်းတောင်ရိပ်ခိုသီချင်းများ သီဆိုကပြခဲ့ကြကြောင်း သိရသည်။ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ရှမ်းအညာမြေရဲ့ သင်္ကြန် သဘာဝအပန်းဖြေစခန်းများတွင် ရေကစားသူများ စည်ကား

မြန်မာတိုင်းရင်းသားတို့၏ နှစ်စဉ်ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကြီးကို နိုင်ငံတစ်ဝန်းလုံးတွင်စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သကဲ့သို့ အနယ်နယ်အရပ်ရပ်ရှိ တောင်တန်းဒေသများမှ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်အတွင်းရှိ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်နှင့် ကျိုင်းတောင်းမြို့နယ်များတွင် ပျော်ရွှင်စည်ကားစွာ(အသွင်အမျိုးမျိုး)ဖြင့် ရေပက်ကစားလျက်ရှိကြကြောင်း သိရသည်။

ပူပြင်းသည့် ဂိမာန်နွေ၏ အငွေ့အသက်နှင့်အတူ. . .

မကြာမီ ကျရောက်လာတော့မည့် ၁၃၇၈ ခုနှစ် မြန်မာတို့ ရိုးရာမဟာအတာသင်္ကြန်ပွဲတော်ကြီး၌ လူတိုင်းလူတိုင်းက ပျော်ရွှင်စွာဖြင့် ရေပက်ကစား၊ မိမိတို့ဘဝ တစ်နှစ်တာလုံး ပင်ပန်းနွမ်းနယ်ခဲ့ရသမျှ အတိုးချအပန်းဖြေနိုင်ကာ အားလုံး၏စိတ်ဘဝင် နှလုံးအမြဲရွှင်ပြုံးစေဖို့အတွက် ကျေးလက်မကျန် မြို့ပြနေရာဒေသအသီးသီးတို့တွင် သင်္ကြန်ပွဲအတွက် ပြင်ဆင်လျက်ရှိနေကြပြီဟု စာရေးသူ ခံစားယုံကြည်မိပါသည်။

. . . နေကပူသည်ဥဩက ဤ သင်္ကြန်ကိုတေးသံနှော၍ ကြိုဆိုကလူနေသလို၊

သင်္ကြန်ချစ်သူတို့ ရင်ဝယ်ကုံ့ကော်၊ ပိတောက်၊ ငုဝါနှင့်အင်ကြင်းပန်းတွေ လှိုင်လှိုင်ပွင့်၍ မြန်မာတို့ ရေကစားပျော်ရာ အတာသင်္ကြန် အခါသမယသို့ တစ်ဖန်ပြန်လည်ဖြတ်သန်းရတော့မည်ဟူသော ခံစားချက်များကိုယ်စီထားရှိလျက် ၂၀၁၆ ခုနှစ်၏ အတာကူးမည့် လတန်ခူး သင်္ကြန်ပွဲတော်အတွင်း ပျော်ရွှင်စွာ ရေကစားနိုင်ရန် ရည်မျှော်ကာ ကြိုတင်ပြင်ဆင်မှုများအား နိုင်ငံနှင့်အဝန်းပြုလုပ်နေကြလေပြီ။

ထို့အတူ ကမ္ဘောဇဌာနေ မောရှမ်းမြေမှ ရှမ်းတိုင်းရင်းသားများ ပျော်ရာမြေဒေသအချို့သော နေရာများဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းအညာမြေ(လင်းခေး)၊ လင်းခေးခရိုင်၊ ကျိုင်းတောင်းနှင့်မောက်မယ်ဒေသတို့တွင် မြို့ကြီးပြကြီးများကဲ့သို့ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများဖြင့် စည်ကားသိုက်မြိုက်စွာ သင်္ကြန်ရေကစားပျော်ရွှင်ကြသည်ဆိုသည်က ရှေးအစဉ်ကာလမှ ယနေ့အထိ ဤဒေသများအဖို့ ရှားမှရှားပင်ဖြစ်ပါသည်။

သို့သော်လည်း နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပွဲတော်ကာလသို့ရောက်ပြီဆိုလျှင် ယင်းဒေသများရှိ အထင်ကရ စမ်းချောင်း၊ ရေတံခွန်များစီးဆင်းရာ သာယာစိမ်းလန်းသည့်နေရာများသို့ သွားရောက်ကြကာ ပျော်ရွှင်စွာ အပြန်အလှန် ရေပက်ကစားခြင်းအားဖြင့် မြန်မာ့ရိုးရာအတာ သင်္ကြန်၏အလှကို ဖော်ကျူးခဲ့ကြသည်မှာ ဤဒေသသင်္ကြန်ချစ်သူ ရှမ်းတိုင်းရင်းသားဒေသခံ လူကြီးလူငယ်မရွေး သူတို့ရိုးရာဓလေ့တစ်ခုပင်သည်။ မည်သို့ပင်ဆိုစေကာမူ . . .

တစ်နှစ်လျှင် တစ်ကြိမ်သာ ပွင့်လန်းရသော သင်္ကြန်ပိတောက်ပန်းကဲ့သို့ မြန်မာတို့ရိုးရာအတာသင်္ကြန်ပွဲသည်လည်း တစ်နှစ်တာတွင်ကြုံခဲရခဲလှသည့် ပွဲတော်ဖြစ်သည့်နည်းတူ ဆိုခဲ့သည့်အတိုင်း၊ မြို့ပြများအတိုင်း ခံ့ညားထည်ဝါလှပသည့် အတာရေသဘင်ရေကစားမဏ္ဍပ်များ (ကိုယ်စား) ဖော်ပြပါ အပန်းဖြေစခန်းများ၌သာ သင်္ကြန်ပွဲတော်အား(ပုံသဏ္ဌာန်တစ်ခုအဖြစ်) ဆင်နွှဲကြခြင်း ဖြစ်ကြောင်း ထင်ဟပ်ပေါ်လွင်စေပါသည်။

တောင်ပေါ်ဒေသနေ တိုင်းရင်းသားတို့သည် သူတို့နေထိုင်ရာ တောတောင်ရေမြေသဘာဝအလှ ရေတံခွန်စမ်းချောင်းကလေးများကို အမှီပြုကာ သွားရောက်ရေကစားကြ၊ နှစ်ဟောင်းမှနှစ်သစ်ကို ကြိုဆို ပုံဖော်သွားကြမည့် ၂၀၁၆ ခုနှစ်သင်္ကြန် အကြိုကာလ (၉-၄-၂၀၁၆)ရက်နေ့က စာရေးသူ၏သူငယ်ချင်း စိုင်းအိုက်ချော(မောက်မယ်ဒေသခံ)နှင့်အတူ ရောက်ရှိခဲ့သည့် ရှမ်းအညာမြေ(လင်းခေးနမ့်တွန် ရေတံခွန်ချောင်းနံဘေး)ရှိ သင်္ကြန်အိုအေစစ်နေရာနှင့် မောက်မယ်မြို့နယ်၊ ပုံးလောင်းကျေးရွာအနီးရှိ (ဖိုင်မိုင်)ဆည်သစ်ဆည်ရေတံခွန်စခန်းများတွင် သင်္ကြန်အကြိုဈေးဆိုင်များ၊ သင်္ကြန်အကြိုရေလာရောက်ကစားနေကြသူများ၏ ပုံရိပ်များအား မြင်တွေ့ခဲ့ရသည်များက ၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်၊တောင်ပေါ်ဒေသများ၏ သင်္ကြန်ပွဲအကြိုပြင်ဆင်နွှဲနေကြသည်ကို ပိုမိုထင်ရှားစွာဖြင့် မြင်တွေ့ခံစားခဲ့ရပါသည်။

ထို့ကြောင့် ဒီအတာသင်္ကြန်နှင့်အတူ ဤနေရာဤဒေသများသို့ မရောက်ဖူးသေးသူ၊ ရောက်ခဲ့ပြီးသူမဆိုလည်း တစ်ခါတစ်ခေါက်ဖြင့် အလည်ရောက်စေကာ မောမြေ၊ မောအလှ၊ မောတို့ဌာနေမှ မြန်မာတို့၏ နှစ်သစ်ကူးပွဲတော် အတာသင်္ကြန်ပွဲသို့အတူ ပါဝင်ဆင်နွှဲလိုစေပါကြောင်း. . .

စာရေးသူ(ကိုယ်တိုင်)ကွင်းဆင်းလေ့လာခဲ့ရသည်များမှ တစ်စေ့တစ်စောင်းရေးသားဖော်ပြလျက် ၁၃၇၈ ခုနှစ် မဟာအတာသင်္ကြန်ပွဲတော်ကြီးအား ဂုဏ်ပြုလိုက်ရပါသည်။

အယ်လ်စိုင်း(ရှမ်းအညာမြေ)

သုံးခွမြို့နယ်တွင် သာကီနွယ်သံချပ်အဖွဲ့လာရောက်ဖျော်ဖြေ

သုံးခွ ဧပြီ ၁၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့မဈေးတောင်ဘက် ဒေါ်မိန်းခလေးစာကြည့်တိုက်ရှေ့၌ ဧပြီ ၁၁ ရက် ည ၈ နာရီမှ ၁၀ နာရီအထိ သာကီနွယ်သင်္ကြန် သံချပ်အဖွဲ့ (ရန်ကုန်) မှ ခေတ်အလိုက် လူနေမှုပုံရိပ်များ၊ ပြည်သူများ၏ အခက်အခဲများ၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များတွင် အားသာချက်၊ အားနည်းချက် ပြုပြင်ရမည့်အချက်များ၊ အောင်မြင်တိုးတက်မှုများကို ထိန်းသိမ်းရန်လိုအပ်ချက်များအား သိရှိဖြည့်ဆည်းနိုင်ရန် ပကတိအရှိတရားများကို ပြည်သူများသိရှိနိုင်ရန် သံချပ်ထိုး၍ ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကိုကျော်(သုံးခွ)

မြို့မကွက်သစ်ရပ်ကွက်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

နတ်မောက် ဧပြီ ၁၃

နတ်မောက်မြို့ မြို့မကွက်သစ်ရပ်ကွက် မီးဘေးအန္တရာယ်ကာကွယ်ရေးစုပေါင်းသန့်ရှင်းရေးကို ဧပြီ ၁၁ ရက် နံနက်က အဆိုပါ ရပ်ကွက်အတွင်း ပြုလုပ်ကြသည်။

မြို့မကွက်သစ်ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့်စုပေါင်းပြီးလမ်းကြိုလမ်းကြားရှိ အမှိုက်များနှင့် အမှိုက်ပုံများကို မီးရှို့ခြင်းများ ပြုလုပ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ရှေ့အမှိုက်များကိုလည်း စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး အပတ်စဉ်စနေနေ့တိုင်း ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် သန့်ရှင်းရေးများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

လှဝင်း(နတ်မောက်)

MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်
ဖုန်းထဲမှာ ငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းနေပြီလား . . . ?
၈၀၀ ကျပ် ချေးယူလို့ရမယ့် MPT ရဲ့ ယူထား ဝန်ဆောင်မှုရှိတယ်နော်
ယူထား
၈၀၀ ကျပ်
ယူထား ရယူရန် *800# ကို ဖုန်းခေါ်ဆိုပါ (သို့)
1332 သို့ 800 ဟု စာတို ပေးပို့ပါ
အောက်ပါအချက်အားလုံးနှင့် ကိုက်ညီရုံဖြင့် MPT ၏ ယူထား ဝန်ဆောင်မှုကို ရယူနိုင်ပါပြီ။
• MPT ၏ Prepaid စနစ် GSM/WCDMA အသုံးပြုသူများ ဖြစ်ရပါမည်။
• ဖုန်းငွေလက်ကျန် ၂၀၀ ကျပ်အောက် လျော့နည်းသူ ဖြစ်ရပါမည်။
• လွန်ခဲ့သော (၆) လ အတွင်း အနည်းဆုံးတစ်ကြိမ်ဖုန်းငွေဖြည့်ထားသူ ဖြစ်ရပါမည်။
• နောက်ထပ်တစ်ကြိမ် ထပ်မံ ချေးယူလိုပါက ပထမအကြိမ် ယူထား ငွေကို ပေးဆပ်ပြီး ဖြစ်ရပါမည်။
ယူထား ဝန်ဆောင်မှုကို ရက် (၃၀) အတွင်း အသုံးပြုနိုင်မှာ ဖြစ်ပြီး ဖုန်းဘေလ် လွှဲပြောင်းပေးခြင်း (Balance Transfer) မှလွဲ၍ MPT ဝန်ဆောင်မှု အားလုံးအတွက် အသုံးပြုနိုင်ပါသည်။
ယူထား ဝန်ဆောင်မှုအတွက် ဝန်ဆောင်ခ (၅၀) ကျပ်သာ ကျသင့်မည် ဖြစ်ပါသည်။
*၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

ဂုဏ်ပြုကြိုဆိုထောက်ခံခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အားလည်းကောင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့အားလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့အား မြန်မာနိုင်ငံ ကဏန်းမွေးမြူထုတ်လုပ်ရောင်းချသူများအသင်းမှ လေးစားစွာဖြင့် ဂုဏ်ပြုကြိုဆို ထောက်ခံပါကြောင်း။

မြန်မာနိုင်ငံကဏန်းမွေးမြူထုတ်လုပ်ရောင်းချသူများအသင်း

ဂုဏ်ပြုကြိုဆိုထောက်ခံခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အားလည်းကောင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့အား လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့အား မြန်မာနိုင်ငံပုစွန်မွေးမြူ ထုတ်လုပ်ရောင်းချသူများအသင်းမှ လေးစားစွာဖြင့် ဂုဏ်ပြုကြိုဆို ထောက်ခံပါကြောင်း။

မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း

ဂုဏ်ပြုကြိုဆိုထောက်ခံခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အားလည်းကောင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့အား လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့အား မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအဖွဲ့ (MOAG) မှ လေးစားစွာဖြင့် ဂုဏ်ပြုကြိုဆို ထောက်ခံပါကြောင်း။

မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအဖွဲ့ (MOAG)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးညွန့်ဝေ-ဒေါ်မြင့်မြင့်သန်း
တို့၏သားကြီး၊ မနှင်းအိအိဝေ၏ အစ်ကို

ဗိုလ်ကြီးသော်ဇင်ဟိန်း M.B.,B.S(DSMA)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ဝေဇယန္တာလမ်းနေ
ဂုဏ်ထူးဆောင်ပါမောက္ခ ဦးစံထွန်းအောင်-ဒေါ်လှလှမေတို့၏မြေးဦး
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးအောင်မြင့်ဦး-ဒေါက်တာမဋ္ဌူအောင်
တို့၏ တစ်ဦးတစ်သောသမီး

ဒေါက်တာနှင်းနှင်းအောင် M.B.,B.S(YGN) MRCP (UK)

တို့၏ ၉-၄-၂၀၁၆ရက်တွင် SEDONA HOTEL(Grand Ballroom)၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် ထင်လင်းနှင့်ဇနီး ဒေါ်ညိုနုတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာတင်ထွန်းအောင်(အရိုးအထူးကု ဆရာဝန်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့်ဇနီး ဒေါက်တာသူဇာအောင်(ဒု ဆေးရုံအုပ်ကြီး၊ နားနှာခေါင်းလည်ချောင်း ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး)အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးဇော်ထက်အောင်နှင့် ဗိုလ်ကြီးနေလင်းအောင်၊ မင်္ဂလာသတို့သမီးအရံ ဗိုလ်ကြီးလဲ့လဲ့ဘိုနီနှင့် ဗိုလ်ကြီးဝင်းသီရိဆွေ၊ မင်္ဂလာပန်းကြဲပေးသော မကြည်စင်တင့်နှင့် မဆုမွန်လဲ့၊ မင်္ဂလာ စံပယ်ပန်းကုံးကိုင် မနှင်းဆီအောင်၊ မင်္ဂလာလက်စွပ်ကိုင် မနှင်းအိအိဝေ၊ မိတ်ကပ်နှင့်ဆံပင်အလှ ညီညီမောင်(စမ်းချောင်း)၊ မင်္ဂလာအခါတော်ပေးတေးသံရှင် စိမ်းမိုမို့၊ မင်္ဂလာတေးသံသာCupid Music Band၊ မင်္ဂလာဝတ်စုံ ကိုမင်းသက်စံ(Sweet & Smart)၊ Pre wedding Photo ရိုက်ကူးပေးပါသော FOREVER၊ Videoမှတ်တမ်းတင် ဝဏ္ဏာခွာနီးနှင့်အဖွဲ့၊ မင်္ဂလာပန်း-ဦးခင်မောင်ဝင်း၊ မင်္ဂလာဖိတ်စာ Things for you၊ SEDONA HOTEL မန်နေဂျာနှင့်ဝန်ထမ်းများ၊ ၄-၂-၂၀၁၆ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တိုင်းတရားသူကြီးဒေါ်အေးသန်း၊ အသိသက်သေ ဦးဇေယျာအောင်နှင့် ဒေါက်တာနွယ်ဝင်းနိုင်တို့အားလည်းကောင်း၊ ၇-၂-၂၀၁၆ရက်တွင် မင်္ဂလာဦးဆွမ်းကပ်လှူဒါန်းပွဲ၊ မင်္ဂလာဧည့်ခံပွဲနှင့် ၁၀-၄-၂၀၁၆ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲများသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ကူညီပေးကြပါသော မိတ်ဆွေသင်္ဂဟများ၊ အထူးသဖြင့် ဗိုလ်မှူးချုပ် မောင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်ဆွေဝင်းတို့အားလည်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသော်ဇင်ဟိန်း-ဒေါက်တာ နှင်းနှင်းအောင်

ရွှေလမ်းခရီး ...မှ Apr 13,17,22 ထွက်မည်
*မန်းရွှေစက်တော်ဘုရားပွဲ၊ ကျောင်းတော်ရာနှင့် အထက်မြန်မာပြည်ခရီးစဉ်များ
*အလောင်းတော်ကဿပ၊ (ဗိုလ်ဝင်တောင်၊ ရွှေဘတောင်) ကျိုက်ထီးရိုး(ဇွာဝ်)
*ပုဂံ၊ (စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်
*တောင်ကြီး၊ (မွေတော်ကက္ကူ)၊ (ထမ်စမ်းလှိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ
*မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေရောစနကျောက်စိမ်းစေတီတော်
*ထားဝယ် ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်
*မော်လမြိုင်၊ နွားလဘိုတောင်၊ ကျိုက်မရော၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ
(ထမင်းအကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/ဇက်လှေခ၊ တည်းခိုစရိတ်ခ ဝရိတ်ငြိမ်း)
*ဇလွန်ပြည်တော်ပြန် *ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး
*ကရင်ပြည်နယ် ကျူထော်ရေတံခွန် *သပိုင်းဝင်ဂူ(၅)ဂူ *ချောင်းသာကမ်းခြေ
အမှတ်(၁၁၇)၊ပန်းဆိုးတန်းလမ်း။ 01371317,095124678,098627170

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁/ကံဘဲ့)၊ မြေကွက်အမှတ် (၃/၁)၊ မြေကွက်တည်နေရာအမှတ် (၉၈/က)၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ဦးညိုမြင့်ဦး-၁၂/မဂတ(နိုင်)၀၅၇၁၇၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား ဦးညိုမြင့်ဦးကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်နွယ်ဝင်း(၁၂/ဗဟန(နိုင်)၀၀၂၄၁၅)မှ တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာ အပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်သန္တာဦး ၁၂/ဒဂတ(နိုင်)၀၁၉၇၉၁နှင့် အများသိစေရန် ကြော်ငြာခြင်း

ကျွန်တော် ဦးတင်ရွှေ(ခ)ဖို့ဖြင်ဇယ်အဟ်မဒ် ၁၂/မဂတ(နိုင်)၀၇၉၇၇၁သည် ဒေါ်သန္တာဦး (ခ)ရှာဘာနားဘီအပေါ် သွလာက် (၃)ကြိမ်ပေးခြင်းအထမြောက်သည်ဖြစ်၍ အစ္စလာမ့် ရှရီအသ် တရားတော်အရ လင်ခန်းမယားခန်း အပြီးသတ်ရပ်စဲသွားပြီဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော် ဦးတင်ရွှေပိုင်ဆိုင်သည့် အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ ငွေစုဘဏ်စာရင်းတို့နှင့် ယင်းပစ္စည်းတို့တွင် တစ်ပါတည်းပါရှိသော အိမ်ထောင်ပရိဘောဂများ အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို ကျွန်တော် ဦးတင်ရွှေ (သို့မဟုတ်)ကျွန်တော်၏ကိုယ်စားလှယ်မှအပ မည်သူတစ်ဦးတစ်ယောက် ကမှ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ အာမခံ တင်သွင်းခြင်း၊ ငွေထုတ်ယူခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း ကြော်ငြာအပ်ပါသည်။

(၁) မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄လမ်း၊ အမှတ် ၇၄၊ ပထမထပ်(ဘီ)ဟုခေါ်တွင်သော တိုက်ခန်း (၁)ခန်း။
(၂) သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဗန္ဓုလလမ်း၊ ခြံအမှတ်(၆) (ယခင် အင်းစိန် ခရိုင်၊ အင်းစိန်တိုက်နယ်)ဟုခေါ်တွင်သော ကွင်း/အကွက် အမှတ်-၂၇(ခ)၊ ဦးပိုင်အမှတ် (၉၀)၊ ဧရိယာ ၀ဒသမ၁၂၀ ဧကမှ ထက်ဝက်ခန့် အပေါ်ရှိ အိမ်ဆင်ဝင်တစ်ခြမ်းနှင့် အကျယ်အဝန်း အနံပေ ၇၀×အလျားထိပ်ပေ ၃၀ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး။
(၃) ဒေါ်သန္တာဦးအမည်ခံ၍ ဝယ်ယူပေးထားသော သဃ်န်းကျွန်းမြို့နယ်၊ သဃ်န်း ကျွန်းဈေး၊ ရုံအမှတ် အထည်၊ ဆိုင်ခန်းအမှတ် (၈)နှင့် (၉)ဟုခေါ်တွင်သော ဆိုင်ခန်း (၂)ခန်း။
(၄) မြန်မာ့စီးပွားရေးဘဏ်ငွေစုဘဏ်ခွဲ (၄)ရှိ သမီး မနီလာတင်ရွှေ (မိခင် ဒေါ်သန္တာဦး)အမည်ဖြင့် ဖွင့်လှစ်ပေးထားသော ငွေစာရင်းအုပ်စု-SDCT၊ ငွေစာရင်းအမှတ် SS091943 တွင် ထည့်ဝင်ပေးထားသည့် စုဆောင်းငွေနှင့် အကျိုးအမြတ်များ။

အလားတူ ကျွန်တော် ဦးတင်ရွှေမှ ဒေါ်သန္တာဦးသို့ လွှဲအပ်ပေးခဲ့သော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃၀-၁၁-၂၀၁၆ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၆၆၆/၂၀၀၆နှင့် ၁၇-၁-၂၀၁၄ရက်စွဲပါ နိုတာရီပဗ္ဗလစ် ဦးလှဝင်း၏ ရှေ့တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (Doc.No.092/N) အပါအဝင် အခြားကိုယ်စားလှယ်လွှဲစာများ အားလုံးကိုလည်း ရုပ်သိမ်းပါကြောင်း ဒေါ်သန္တာဦးနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတင်ရွှေ ၁၂/မဂတ(နိုင်)၀၇၉၇၇၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် (၄၃ᵃ)၊ ဧရိယာ ၀ဒသမ ၀၄၄ဧကရှိ ဒေါ်သန်းကြည်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးတာတာမြင့် ၉/ပမန(နိုင်)၀၁၉၄၃၄ (ဘ) ဦးတင်လှိုင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသမြို့သစ်၊ ရပ်ကွက်ကြီး (၁၀)၊ အကွက် (င)၊ ခြံအမှတ် (၆၂)၊ ဧရိယာ (၆၀ဒသမ၄×၆၀)၏ မြေချပါမစ်မူရင်း ပျောက်ဆုံးနေပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လက်ဝယ်ရှိသူသည် ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်သူမရှိပါက ပိုင်ဆိုင်မှု အထောက်အထားရရှိရန် သက်ဆိုင်ရာသို့တင်ပြဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၉၀၀၈၉၈၆၊ ၀၉-၅၁၀၁၆၃၅၊ ၀၉-၄၃၀၂၀၇၆၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၄)ရပ်ကွက်၊ အကွက်အမှတ် (၃)၊ မှော်ဘီတောင်မြို့ကွက်၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ ၀ ဒသမ ၀၇ ဧကရှိ ဂရန်မြေ အမည်ပေါက် ဒေါ်ကြင်မြိုင်(မိခင်) ၁၂/မဘန(နိုင်) ၀၄၅၇၀၅ ကွယ်လွန်သဖြင့် သား ဦးအောင်ကြင် ၁၂/မဘန(နိုင်)၀၁၈၄၉၆ မှ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံခွင့်ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုမည်ဖြစ်သောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

ဦးအောင်ကြင် ၁၂/မဘန(နိုင်)၀၁၈၄၉၆

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဦးစံအေးလမ်းရှိ ဦးပိုင်အမှတ် (၂၃/၃)၊ မြေကွက်အမှတ် (၃/တ)၊ ဧရိယာ(၀ဒသမ၀၂)ဧကခန့်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၄)၊ ဦးစံအေးလမ်း၊ (၂)ရပ်ကွက်၊ ထန်းတပင်ဟု ခေါ်တွင်သည့် မြေကွက်နှင့် အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များ အားလုံးတို့သည် ဦးမောင်မောင်၊ ဒေါ်ခင်ညွန့်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်နှင့်အိမ်ဖြစ်ပါသည်။ ဦးမောင်မောင်နှင့် ဒေါ်ခင်ညွန့် ကွယ်လွန်ခဲ့ပြီးနောက် ယခုအခါ ၎င်းတို့၏ အမွေစားအမွေခံ သားသမီးအရင်း(၉)ဦး ကျန်ရှိခဲ့ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါမြေကွက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးမောင်မောင်၊ ဒေါ်ခင်ညွန့်တို့၏ အမွေစား အမွေခံ သားသမီးအရင်း (၉)ဦး၏ အတိအလင်းစာဖြင့် သဘောတူညီခြင်း၊ ခွင့်ပြုခြင်း၊ တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ထိုကဲ့သို့ အသိပေးကြေညာ ပါလျက် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ပါက ပြုလုပ်သူများ၏တာဝန်သာ ဖြစ်ပါကြောင်း ထပ်လောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီစလင်း (စဉ်-၉၆၈၅)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၇၅၆)၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၉၃၁၁၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2635 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၅)၊ဦးပိုင်အမှတ်(၂၇၊ ၃၈)၊ ရန်မန်းလမ်း၊ အရှေ့ဘက်ရှိ ဒေါ်သောင်းသောင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်သောင်းသောင်း ၉/ပသက(နိုင်)၀၆၂၃၀၄က မြေချထားမိန့်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၃)၊ ဦးပိုင်အမှတ်(၅၄)၊ ၅၇×၅၈ ကြား၊ မနော်ဟရီ×နှင်းဆီကြားရှိ ဦးအေးသွင် အမည်ပေါက် တောဂရန်မြေကွက်အား ဦးလေးဖြစ်သူ ဦးအေးသွင်(လူပျိုကြီး၊ဘ၀)၊ ဖခင်ဖြစ်သူ ဦးချစ်ဆိုင်၊ မိခင်ဖြစ်သူ ဒေါ်သိန်းချစ်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောတူမ/သမီးဖြစ်သူ ဒေါ်ခင်မျိုး ၈/မထန(နိုင်)၀၁၈၈၃၃မှ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊မြေကွက်အမှတ်(၆၆၃)၊မြေကွက်တည်နေရာအမှတ်(၆၆၃)၊ယံသာဝတီလမ်း၊ဦးအောင်ကြွယ်(အိုင်အက်စ်အန်-၂၀၂၃၃၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးအောင်ကြွယ်(တရားရှုံး) ကိုယ်စားမြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ဘီးလစ်ဒေါ်သူဇာ(၆/ထဝန(နိုင်)၀၂၆၁၄၃)ကတရားရုံးဘီးလစ်ခန့်အပ်စာ၊တရားမကြီးမှုအမှတ်(၇၀/၁၅)စီရင်ချက်နှင့်ဒီကရီ၊တရားမအာရီမှုအမှတ်(၄၆/၁၅)နေ့စဉ်မှတ်တမ်းနှင့်ထုံးပုံကျအမိန့်တို့တင်ပြ၍အရောင်းမြေပုံကူး လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘ၀မြင့်)၊ မြေကွက်အမှတ်(၄၇/၃၄)အား အမည်ပေါက် Great Shwe Taung Development Co., Ltd. ထံမှ ဝယ်ယူထားသူ ဒေါ်သီတာလွင်ထံမှတစ်ဆင့် ထပ်မံ ဝယ်ယူထားသူ ဦးတင်ထွန်း ၁၂/သဃက(နိုင်)၀၇၂၂၁၂မှ အရောင်းအဝယ်စာချုပ်မိတ္တူနှင့် မြေချပါမစ် မိတ္တူများတင်ပြ၍ မြေငှားစာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အိမ်ရာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၈၇၄၅၉ Honda Pharton M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးလင်း ၈/အလန(နိုင်)၁၁၈၆၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)၊ပြည်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ သုခ(၆)လမ်း၊ အမှတ်(၁၉၅/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးမောင်မောင်ကြီး J/RGN-၀၅၂၈၁၆ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)ဂရန်အမည်ပေါက်သူကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်မာလာသိန်း (၁၂/ဥကတ(နိုင်)၀၄၈၀၁၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန့်
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ် ၃၀(၅လွှာ+၆လွှာ) ခေါင်းရင်းဘက်(၁၅ပေ×ပေ ၅၀)၊ အခန်းနှစ်ခန်းအဆောက်အအုံအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတီးတီးသောင်း ၁၂/စခန(နိုင်)၀၀၈၃၈၀ မှ ဝယ်ယူရန်အတွက် တိုက်ခန်းပိုင်ရှင် ဦးကိုကိုမောင် ၈/မကန(နိုင်)၁၀၄၆၀၉ထံသို့ စရန်ငွေ ကျပ်သိန်း ၁၀၀ ကို ၃-၃-၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ပေးချေထားပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိခဲ့ပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ချို LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၁၃)
ဒေါ်ဝင်းမာလာ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၅၀)
အမှတ် ၅၆၃၊ ပထမထပ်၊ အခန်း ၁၀၃၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၂၇၁၅၊ ၀၉-၇၃၁၆၀၄၈၀၊ ၀၉-၃၁၂၈၆၉၁၁

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဇေယျာသီရိ (၅)လမ်း၊ အမှတ် (၉၄၂) ၊ (၉၄၄/က) တွင် နေထိုင်သူ ဦးထောင်းခန့်ကမ်း- ၄/တတန (နိုင်) ၀၁၄၁၃၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိနိုင်စေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆) ရပ်ကွက်၊ ဇေယျာသီရိ (၅)လမ်း၊ အမှတ် (၉၄၂) (၉၄၄/က)ရှိ မြေနှင့် အဆောက်အဦးတို့မှာ ဦးထောင်းခန့်ကမ်းအား ကိုရီးယားလူမျိုး၊ မစ္စတာအင်းနှင့် နိုင်ငံခြားသား အလုပ်ရှင်များက လုပ်ငန်းဆောက်လုပ်ပေးထားပြီး (၂၂-၃-၂၀၁၀)နေ့မှစ၍ ယနေ့အချိန် ကာလအထိ ဦးထောင်းခန့်ကမ်းက လက်ရှိနေထိုင်ကာ ဘာသာရေးမွေစာပေများကို မိသားစု ဆွေမျိုး ညီအစ်ကိုမောင်နှမများအား ယင်းနေအိမ်အဆောက်အဦးမှာပင် သင်ကြားပို့ချရင်း ပရဟိတလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို အချိန်ပြည့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါနေရပ်လိပ်စာတွင် ဦးထောင်းခန့်ကမ်းက လက်ရှိနေထိုင်၍ ပရဟိတအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေခြင်းအပေါ် မသက်ဆိုင်သူများက မမှန်ကန်သောကြံစည်အားထုတ်မှုများဖြင့် အနှောင့် အယှက်ပြုကာ ဦးထောင်းခန့်ကမ်းအား ယင်းနေရပ်မှ ဖယ်ရှားထွက်ခွာစေရေးအတွက် နည်းမျိုးစုံ အသုံးပြု၍ ရည်ရွယ်လုပ်ဆောင်နေကြကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးထောင်းခန့်ကမ်း လက်ရှိနေထိုင်လျက်ရှိသော အဆိုပါ မြေနှင့် အဆောက်အဦးတို့နှင့် ပတ်သက်ပြီး မမှန်မကန်သော နည်းလမ်းများ အသုံးပြု၍ ကြံစည်လုပ်ဆောင်နေကြသူများအနေဖြင့် မိမိတို့ လုပ်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်ခြင်း မပြုကြပါရန်နှင့် မမှန်မကန်လုပ်ဆောင်မှုများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိနိုင်စေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင့်ရွှေ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၃၄)
အမှတ် (၁၁၄၈)၊ ပထမထပ်၊ ဗေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၅၅၅၈၂၁၊ ၀၉ ၇၈၈၁၀၀၃၉၉

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

LUXTRON CO., LTD.(NO.1793/ 2015-2016)၏ ဒါရိုက်တာ ဦးတေဇာထက် ၁၂/ကခက(နိုင်)၀၅၁၂၉၇၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

LUXTRON CO., LTD. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၃၃၆၃/၂၀၁၆ ဖြင့် မိမိကုမ္ပဏီမူပိုင်အဖြစ်ပြုလုပ်သုံးစွဲရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

NINE Plus LUBRICANTS ®

အဆိုပါ "NINE Plus Lubricants" ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် မော်တော်ဆိုင်ကယ်အမျိုးမျိုး၊ ကားအမျိုးမျိုး၊ စက်လှေ၊ မော်တော်ဘုတ်၊ ဆန်စက်၊ ဆီစက်အစရှိသည်တို့တွင် အသုံးပြုသော "စက်ဆီ၊ ချောဆီ" အမျိုးအမျိုးကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းများကိုထည့်သွင်း ထုတ်ပိုးသည့် ပစ္စည်းများပေါ်တွင် ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် ဖိနှိပ်၊ ရိုက်နှိပ်၊ ကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောင်းချသွားမည့်အပြင် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်းစာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Vinyl, Sticker, Internet, Website, E-mail အစရှိသည်တို့တွင် အဆိုပါတံဆိပ်ကို အသုံးပြုသွားမည်ဖြစ်သည်။

အထက်ဖော်ပြပါ LUXTRON CO., LTD. ၏ မူပိုင်အမှတ်အသား ကုန်အမှတ်တံဆိပ်ကို ထပ်တူထပ်မျှသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်ခဲ့ပါက တုပပြုလုပ်သူနှင့် ဖြန့်ဖြူးရောင်းချသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄)	**ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)**
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)	**ဒေါ်ဝေဖြိုးအောင်(စဉ်-၄၄၀၀၃)**
တရားလွှတ်တော်ရှေ့နေများ	**အထက်တန်းရှေ့နေများ**

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8M/2042 ၏ယာဉ် မှတ်ပုံတင်စာအုပ်သည် ၁၀-၄-၂၀၁၆ ရက် မွန်းလွဲ ၂း၄၈ နာရီတွင် TAXI ပေါ်၌ မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကိုဇော်ဝင်း
ဖုန်း-၀၉-၂၅၀၉၂၁၁၉၅၊ ၀၉-၈၆၂၀၆၈၂
၀၉-၅၀၂၀၇၀၅၊ ၀၁-၆၄၁၁၅၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၆-F၆)၊ မြေကွက်အမှတ် (၆၁)၊ မြေကွက်တည်နေရာ၊ အမှတ်(၁၁၇) သရက်တော(၄)လမ်း၊ သရက်တောတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးတင်မောင် နှင့် ဒေါ်လှ အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်မြေအား အမည်ပေါက်များဖြစ်သော ဦးတင်မောင် နှင့် ဒေါ်လှ တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်သန်းရွှေ (၁၂/ကမတ (နိုင်) ၀၃၉၀၇၆)၊ (၂) ဦးခင်ဇော် (၁၂/ကမတ(နိုင်)၀၄၅၇၉၉)၊ (၃)ဒေါ်မြင့်မြင့်တင် (၁၂/ကမတ (နိုင်) ၀၄၅၅၅၂)တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံချက် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စု စာရင်း၊ နှစ် (၆၀)ဂရန်တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်စည်သူစိုး ၁၂/ သဃက(နိုင်)၁၈၀၁၄၉ သည် မိဘနှင့်ဆွေမျိုးများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအားကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်စိုးဦး ၁၂/ သဃက(နိုင်)၀၀၁၀၁၄
ဒေါ်ခင်မာအေး ၁၂/သဃက(နိုင်)၁၄၅၅၅၀

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4689 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ဦးကိုကိုမောင် (၁၂/ ဥကမ (နိုင်) ၀ရ၀၅၁၉) သို့ တရားဝင်ဥပဒေနှင့်အညီ သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ကေသွယ်ခိုင် (၁၂/ ဒလန (နိုင်) ၀၃၄၅၄၉) ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးကိုကိုမောင် သို့ တရားဝင်ဥပဒေနှင့်အညီ သတိပေးတားမြစ်မှု ပြုလိုက်သည်မှာ -

၁။ ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ကေသွယ်ခိုင် နှင့် လူကြီးမင်း ဦးကိုကိုမောင် တို့သည် ဗုဒ္ဓဘာသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင် လင်မယားအဖြစ် လူသိရှင်ကြား ပေါင်းသင်းနေထိုင်ခဲ့ကြကြောင်း၊ သားသမီး (၂) ဦး ထွန်းကားရရှိခဲ့ကြောင်း၊ အိမ်ထောင်သက်တမ်းတစ်လျှောက် စိတ်သဘောထားချင်း မတိုက်ဆိုင်ဘဲ အမြဲတမ်းလိုလို ဆန့်ကျင်ကွဲလွဲမှုများ ရှိနေခြင်းကြောင့် (၂၅-၉-၂၀၁၅) ရက်နေ့တွင် လူကြီးမင်း ဦးကိုကိုမောင် နှင့် ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ကေသွယ်ခိုင် တို့သည် အသိသက်သေပုဂ္ဂိုလ်လူကြီး (၂) ဦး ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒများဖြင့် လက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲခဲ့ကြောင်း၊ ညွှန်ကြားချက်အရနှင့် စာရွက်စာတမ်း အထောက်အထားတို့အရ သိရှိခဲ့ရပါသည်။

၂။ လူကြီးမင်း ဦးကိုကိုမောင် သည် ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ကေသွယ်ခိုင် နှင့် နှစ်ဦးသဘောတူလင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးနောက်ပိုင်းမှစ၍ ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ကေသွယ်ခိုင် ၏ လူပုဂ္ဂိုလ်သိက္ခာ၊ အလုပ်ဂုဏ်သိက္ခာတို့ကို ထိပါးကျဆင်းစေရန် တမင်ကြံစည်၍ ပြုလုပ်ဆောင်ရွက်လာသည့်အတွက် ကျွန်ုပ်တို့၏ အမှုသည် ဒေါ်ကေသွယ်ခိုင် သည် (၂၅-၃-၂၀၁၆) ရက်စွဲပါ မြန်မာ့အလင်းနေ့စဉ်ထုတ် သတင်းစာမျက်နှာ (၁၄) မှနေ၍ ဦးကိုကိုမောင် နှင့် မည်သည့်ကိစ္စနှင့်မျှ ပတ်သက်မှု၊ ဆက်စပ်မှုမရှိကြောင်း အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ကြောင်းလည်း ညွှန်ကြားချက်အရနှင့် စာရွက်စာတမ်း အထောက်အထားတို့အရ သိရှိခဲ့ရပါသည်။

၃။ သို့အတွက်ကြောင့် လူကြီးမင်း ဦးကိုကိုမောင် အား အလေးအနက်သတိပေးတားမြစ်အပ်သည်မှာ နှစ်ဦးသဘောတူလင်မယားအဖြစ်မှ မိမိတို့ဆန္ဒအရ ကွာရှင်းပြတ်စဲပြီးဖြစ်သော ကျွန်ုပ်တို့၏အမှုသည် ဒေါ်ကေသွယ်ခိုင် အား လူပုဂ္ဂိုလ်သိက္ခာ လုပ်ငန်းသိက္ခာ ကျဆင်းစေရန် တမင်ရည်ရွယ်ဆောင်ရွက်မှုများသည် မလိုလားအပ်သော ရာဇဝတ်မှုခင်း၊ တရားမမှုခင်းများ၊ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဒေါ်ကေသွယ်ခိုင် နှင့်ပတ်သက်၍ လူပုဂ္ဂိုလ်သိက္ခာ၊ လုပ်ငန်းသိက္ခာထိပါးစေသည့် မည်သည့် ပြုလုပ်ဆောင်ရွက်မှုကိုမျှ ဆောင်ရွက်ပြုမူခြင်းမပြုပါရန် အလေးအနက် သတိပေးတားမြစ်အပ်ပါသည်။ ဤသတင်းစာ ကြေညာချက်ပါရှိပြီးနောက် ပြုလုပ်ဆောင်ရွက်မှုများအပေါ် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားချက်ရယူထားပြီးဖြစ်ကြောင်းလည်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဦးချစ်ကိုကို
LL.B, H.G.P., Dip in Business Law, Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ် (စဉ်-၂၈၀၃)

ဦးသန်းဌေး
(LL.B) WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၅၁)

ဦးအောင်မြင့်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-ရ၄ရ၁)

ဦးရာဇာဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၉၆၀၁)

ဦးအောင်ပြည့်ဖြိုးလွင် (LL.B) WIPO (Switzerland)
အထက်တန်းရှေ့နေ (စဉ်-၃၉၂၆ရ)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၅၂၉၂၄၊ ၀၉-၃၂၀၆၉၅၄၆

CLAIMS DAY NOTICE
M.V SALZGITTER VOY:NO (7)

Consignees of cargo carried by M.V SALZGITTER VOY:NO (7) are here by notified that the vessel will arrive on about 20-4-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V ATLAS HIGHWAY VOY:NO (235)

Consignees of cargo carried by M.V ATLAS HIGHWAY VOY:NO (235) are here by notified that the vessel will arrive on about 20-4-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V BRIGHT STATE VOY:NO (121)

Consignees of cargo carried by M.V BRIGHT STATE VOY:NO (121) are here by notified that the vessel will arrive on about 20-4-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသိပေးအကြောင်းကြားခြင်း

အင်ဂျင်နီယာ ဦးဇော်မိုး ၁၂/မဘန(နိုင်)၀၁၃၅၈၇သည် ကုမ္ပဏီလုပ်ငန်းများ ပြီးဆုံးပြီးဖြစ်ပါသဖြင့် စာရင်းဇယားများရှင်းရန်အတွက် ကုမ္ပဏီသို့ ၃ ရက်အတွင်း လာရောက်ရှင်းပေးရန် လာရောက်စာရင်းမရှင်းပါက ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်မာမာအေး
မန်နေဂျင်းဒါရိုက်တာ
ပတ္တမြားသီရိပြည့်စုံကုမ္ပဏီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲစောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဦးစံမောင်(ခ)လင်ဘင်ဟိုက်
အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၄နေ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ ဦးအေးမောင်-ဒေါ်စုစုခင်၊ ဒေါ်ခင်မာစိန်-ဦးသက်ထွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်သင်းသင်းမော်၊ ဦးအေးကြူ-ဒေါ်ချိုချိုဝင်းတို့၏ဖခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၃-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှလှဝင်း (ပြင်ဦးလွင်)
အသက်(၈၄)နှစ်

(ဦးမောင်ကို-ဒေါ်ဆင့်)တို့၏သမီး၊ (ဦးစံထွန်း)-ဒေါ်ညွန့်ညွန့်၊ (ဦးဝင်းမောင်-ဒေါ်မမကြီး)၊ (ဦးခင်သက်-ဒေါ်ခင်စန်းမြင့်)၊ (ဒေါ်တင်တင်)တို့၏ညီမ၊ ဦးသန့်ဇင်-ဒေါ်ခင်မမတို့၏အစ်မ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေဂုဏ်သူရိပ်မွန် B4၊ အမှတ် ၇၀၂နေ (ဗိုလ်မှူးစောမြင့်)(ငြိမ်း) [အထွေထွေမန်နေဂျာ၊ PPE]၏ဇနီး၊ စင်ကာပူမြို့နေ ဦးတင်အောင်ဝင်း (Franklin Offshore International)-ဒေါ်ယမင်းအောင်တို့၏မိခင်ကြီး၊ မောင်ရဲဘုန်းမြင့် (Newcastle University) (UK)၊ မောင်ရဲလင်းအောင် (Singapore Polytechnic)တို့၏အဘွားသည် ၁၂-၄-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစိုးဝင်းလှိုင် အသက်(၇၁)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
ဒုဥက္ကဋ္ဌ FREDA အသင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နှင်းဆီဉယျာဉ်(၂)ပင်လုံအိမ်ရာ၊ အမှတ် ၃၅(ဘီ)နေ ဒေါက်တာခင်သန်းသန်းစိုး၏ခင်ပွန်းသည် ၁၂-၄-၂၀၁၆ရက် နံနက် ၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမြဲတမ်းအတွင်းဝန်နှင့်ဇနီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးစိုးဝင်းလှိုင် အသက်(၇၁)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
ဒုဥက္ကဋ္ဌ FREDA အသင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နှင်းဆီဉယျာဉ်(၂)ပင်လုံအိမ်ရာ၊ အမှတ် ၃၅(ဘီ)နေ ဒေါက်တာခင်သန်းသန်းစိုး၏ခင်ပွန်းသည် ၁၂-၄-၂၀၁၆ရက် နံနက် ၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစိုးဝင်းလှိုင် အသက်(၇၁)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
ဒုဥက္ကဋ္ဌ FREDA အသင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နှင်းဆီဉယျာဉ်(၂)ပင်လုံအိမ်ရာ၊ အမှတ် ၃၅(ဘီ)နေ ဒေါက်တာခင်သန်းသန်းစိုး၏ခင်ပွန်းသည် ၁၂-၄-၂၀၁၆ရက် နံနက် ၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး)နှင့်
ဝန်ထမ်းမိသားစု

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၃လမ်း၊ အမှတ်(၁၁၇/ခ)၊ တတိယထပ်၊ ဧရိယာ ၁၈ပေ×၅၄ပေ အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးငွေအေး ၁၂/ရကန(နိုင်)၀၄၀၂၁၈မှ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အထက်ဖော်ပြပါ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B (စဉ်-၇၃၈၁)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒေါက်တာကြင်မင်း
အသက်(၈၄)နှစ်

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ သွန်းဘုရားလမ်း၊ အမှတ် ၄၉နေ (ဦးယုဆိုင်-ဒေါ်ယုံ)တို့၏သား၊ ညောင်ဝိုင်း ၁၂လမ်းနေ (ဦးတိုက်စိန်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ဒေါက်တာအောင်ဘ-ဒေါက်တာစန္ဒာမင်း(U.S.A)၊ ဦးနေဝင်းမင်း - ဒေါ်သန်းသန်းရှိန် (PC Myanmar)၊ ဒေါက်တာချိုလတ်မင်း (အထူးကုဆရာဝန်၊ဓာတ်မှန်)၊ ဦးအောင်ဝင်းမင်း၊ C/O ဦးစိုးသူရိန်သန်း (M.T.M) - ဒေါက်တာချိုဝင်းမင်း (အထူးကုဆရာဝန်၊ဓာတ်မှန်၊အထွေထွေရောဂါကုဆေးရုံကြီး၊ ပဲခူးမြို့)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ဒေါ်မြမြဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မြေး၄ယောက်တို့၏အဘိုးသည် ၁၂-၄-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၄-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဝင်းမြင့်(ခ)
ဦးမောင်မောင်ဝင်း
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၁၂၊ B_2၊ ဗိုလ်တထောင်ဈေးလမ်းနေ (ဦးအေးမောင်)-ဒေါ်ညွန့်ရီတို့၏သား၊ (ဦးမောင်မောင်)-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်သီသီမာ(ခ)ဒေါ်စန်းစန်းညွန့်၏ ခင်ပွန်း၊ မောင်ဟိန်းထက်ခိုင်၏ ချစ်လှစွာသောဖခင်၊ ဦးဌေးဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးသိုက်စိုးအောင် - ဒေါ်နွယ်နွယ်ဝင်း၊ (ဦးစန်းလှမောင်) - ဒေါ်ခင်မာလင်း၊ ဦးရီအေး-ဒေါ်စိုးစိုးသိန်းတို့၏ အစ်ကိုကြီး၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၁၂-၄-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၈း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်စိန်မြ
M.Sc. (Zoo Logy)
အထက(၁)ကမာရွတ်(မရမ်းခြံ)
ကျောင်းသူဟောင်း
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်၊ အောင်သပြေလမ်း၊ အမှတ် ၅၉ (မြေညီထပ်)နေ (ဦးချောင်ဝင်း) - ဒေါ်ချွင်လိုင်းတို့၏ သမီး၊ (ဦးကျော်ဝင်း)-ဒေါ်ညွန့်ညွန့်ဝေတို့၏ညီမ၊ ဦးရီကင့်-ဒေါ်ရွှေတင်၊ ဦးအောင်ရွှေ-ဒေါ်နွယ်နွယ်ထွေး၊ဦးအုန်းမြိုင်-ဒေါ်အေးအေးသက်၊ဦးထွန်းထွန်း-ဒေါ်ကလျာစိုး၊ ဦးမင်းမင်းအောင်-ဒေါ်မြင့်မြင့်စမ်းတို့၏အစ်မ၊ တူ၊ တူမ ၁၃ ယောက်တို့၏အဒေါ်သည် ၁၃-၄-၂၀၁၆ရက် မွန်းလွဲ ၂း၀၅နာရီ၌ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၆ရက်တွင် ကျီစုသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

CLAIMS DAY NOTICE M.V TRIUMPH VOY:NO (010)

Consignees of cargo carried by M.V TRIUMPH VOY:NO (010) are here by notified that the vessel will arrive on about 18-4-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဉာဏ်မြင့်
အလုပ်ရုံစုမှူး(ငြိမ်း)၊ သံမဏိစက်ရုံ၊ အင်းစိန်
ဆိုင်အမှတ် ၃၂၉(ပြင်)၊ B-ရုံ၊ သိမ်ကြီးဈေး
အသက်(၈၀)

(ဦးစိန်-ဒေါ်ဖဲရှည်၊ ဒေါ်ရေဖော)တို့၏သား၊ (ဦးသိန်းရွှေ-ဒေါ်စိန်ခ)တို့၏သားသမက်၊ လသာမြို့နယ်၊ ၂၄လမ်း၊ အမှတ် ၁၁၁၊ သုံးလွှာနေ ဒေါ်ရွှေ၏ခင်ပွန်း၊ မဝေဝေနိုင်၊ မောင်ကျော်ကျော်ခိုင်၊ မောင်ဇော်ဇော်ခိုင်တို့၏ဖခင်သည် ၁၂-၄-၂၀၁၆ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးဉာဏ်မြင့်
အလုပ်ရုံစုမှူး(ငြိမ်း) သံမဏိစက်ရုံ၊ အင်းစိန်
ဆိုင်အမှတ် ၃၂၉(ပြင်)၊ B-ရုံ၊ သိမ်ကြီးဈေး
အသက်(၈၀)

အသင်းဝင် ဒေါ်ရွှေ၏ခင်ပွန်း ဦးဉာဏ်မြင့်သည် ၁၂-၄-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပရိယတ္တိသာသနာ့ပါလအသင်း
ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊
ဗုဒ္ဓဂယာပုညသဟာယကအသင်း
မိသားစု

ဦးသိန်းလှ
T.T.C ကျောင်းသားဟောင်း
(ပုံဆွဲ-အင်/ယာ)(ငြိမ်း)၊ အမှတ်(၂)သတ္တုတွင်း
အသက်(၆၈)နှစ်

(ဦးစံသိန်း-ဒေါ်ချစ်ခင်)တို့၏သား၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု ၃လမ်း၊ အမှတ် ၁၈၉နေ (ဦးမြကြည်-ဒေါ်ခင်သန်း)၊ (ဒဂုန်ဦးထွန်းမြင့်-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ (ဒေါ်ခင်ဆွေတင့်)၏ခင်ပွန်း၊ (ဦးအေးသောင်း)-ဒေါ်စောတင်တို့၏မောင်၊ (ဦးခင်ဝင်း-ဒေါ်ခင်ရီ)၊ (ဦးကြည်ရှိန်)-ဒေါ်ခင်ဝင်းကြည်၊ ဦးခင်မောင်သိန်း-ဒေါ်သန်းသန်းဆွေ၊ ဒေါ်ဝင်းဝင်းအေးတို့၏အစ်ကို၊ ဦးအောင်ထူး-ဒေါ်ယဉ်မင်းသန့်၊ ဒေါ်ခင်မျိုးသန့်၊ ဦးနိုင်ဝင်းသန့် (Genisys Co.,Ltd)-ဒေါ်ယုယုဝါ၊ ဒေါ်နှင်းဝေသန့်(အထက-၁၊လသာ)တို့၏ဖခင်၊ မသန့်သီရိစံ၊ မောင်ချမ်းလင်းကိုတို့၏ဘိုးဘိုးကြီးသည် ၁၃-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၃း၂၀နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးကျော်စိန်ဝင်း
(တရားလွှတ်တော်ရှေ့နေ)
အသက်(၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ ဦးစိုးမြင့်-(ဒေါ်ခင်စိန်)တို့၏သား၊ (ဦးလှတင်)-ဒေါ်စောကြည်တို့၏သားသမက်၊ ဒေါ်သိန်းသိန်း(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ကျော်ဇော(ရွှေကြည်သာ ဧရာဝတီ အင်ဂျင်ဝိုင်နှင့် စက်သုံးဆီအမျိုးမျိုးဖြန့်ဖြူးရောင်းဝယ်ရေး)၏ဖခင်သည် ၁၃-၄-၂၀၁၆ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၄-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ အမှတ် ၁၆၀၊ မင်းလမ်း၊ မအူပင်မြို့နေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်လှဲ့လှဲ့ဝင်း (သထုံမြို့)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ လမ်း ၃၀နေ (ဦးစံတင်-ဒေါ်လှရီ)တို့၏သမီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်နေ (ဦးဇော်ယော)-ဒေါ်နန်ဒွဲတို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဒေါ်ခင်မြသွေး-(ဦးအောင်ကြည်ထွန်း)၊ ဒေါက်တာဒေါ်ကြည်ကြည်ဝင်း၊ ဒေါက်တာဦးမြင့်ရွှေ (မေခလာအထူးကုဆေးခန်း)၊ ဦးကျော်ဇော-ဒေါ်မာမာကြည်တို့၏ညီမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက် ၃၁၊ အခန်း ၃၀၂နေ ဦးဂျာလှ၏ဇနီး၊ တူ၊ တူမ ကိုးယောက်တို့၏အဒေါ်သည် ၁၃-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အောင်သပြေလမ်းနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၆ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်မျိုးမျိုး
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဒေါ်စုစန္ဒာမင်း၏ ချစ်လှစွာသော ခင်ပွန်း ဦးကျော်မျိုးမျိုး အသက်(၄၇)နှစ်သည် ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MBA 3rd Batch (1997-1999)

အတန်းဖော်သူငယ်ချင်းများ

မန္တလေး သင်္ကြန် အကျနေ့

မန္တလေးသင်္ကြန် အကျနေ့တွင် မန္တလေးမြို့တော် မဟာ သင်္ကြန်မဏ္ဍပ်၌ ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် သင်္ကြန်ယိမ်းအက အဖွဲ့ဝင်များ၏ သီဆိုဖျော်ဖြေကပြမှုကို မန္တလေးသင်္ကြန်ချစ်မြတ်နိုးသူများက အားပါးတရအားပေးနေသည်ကို တွေ့ရစဉ်

ဓာတ်ပုံ
မင်းထက်အောင်
(မန်းကိုယ်ပွား)
သတင်း၊ စာမျက်နှာ-၉

မြန်မာနိုင်ငံ၌ ကျောက်လုပ် ကျောက်ငယ်များ ဆက်လုပ်နိုင်

ခင်ရတနာ

ရန်ကုန် ဧပြီ ၁၃

မြန်မာနိုင်ငံကိုဗဟိုပြု၍ လုပ်ခတ်ခဲ့သည့် ကျောက်ဒဏ်၏ အဖျားခတ်မှုကို ရန်ကုန်၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ခံစားခဲ့ရကြောင်း သိရသည်။

ကျောက်သည် ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိသဖြင့် အင်အားပြင်းကျောက်အဖြစ် သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီက သတင်းထုတ်ပြန်ထားသည်။

"ကျောက်ကြီးလှုပ်ရတာက အိန္ဒိယနိုင်ငံ မီဇိုရမ်ဘက်မှာ လှုပ်သွားသလို ဖြစ်စဉ်တစ်ခုပါ။ မြေထုချပ်တွေ ရင်ဆိုင်တွန်းတိုက်ရာကနေ အခုလို ကျောက်ပြင်းပြင်းတွေ လှုပ်ခတ်ရပါတယ်။ ဖြစ်နိုင်တာက ကျောက်ကြီးပြီးရင် နောက်ဆက်တွဲတွေ လာတတ်တယ်။ အထူးသဖြင့်တော့ ပြတ်ရွှေ့

စာမျက်နှာ ၇ ကော်လံ ၁ *

AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံး

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ကြည်စိုး(MFF)

ရန်ကုန် ဧပြီ ၁၃

၂၀၁၆ ရာသီ AFC Cup ဘောလုံးပြိုင်ပွဲ အုပ်စု (G)စတုတ္ထပွဲစဉ်အဖြစ် ရန်ကုန်အသင်းနှင့် အိန္ဒိယကလပ် မိုဟန်ဘောဂန်အသင်းတို့ သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေဖြင့် ပြီးဆုံးခဲ့သည်။

အိန္ဒိယကလပ် မိုဟန်ဘောဂန်အသင်းကို အိမ်ကွင်း၌ အနိုင်မကစားနိုင်ခဲ့သည့် ရန်ကုန်အသင်းမှာ နောက်တစ်ဆင့်တက်ရန် ဖိအားဝင်သွားပြီဖြစ်သည်။ ရန်ကုန်အသင်းမှာ ယခုနှစ် AFC Cup ပြိုင်ပွဲအဖွင့်ပွဲတွင် တောင်တရုတ်အသင်းကို အနိုင်ကစားပြီး နောက်ပိုင်းသုံးပွဲဆက်တိုက်

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

ရန်ကုန်အသင်းနှင့် မိုဟန်ဘောဂန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်

KBZ BANK
STRENGTH OF MYANMAR

- အစိုင်မာဆုံးနှင့် ယုံကြည်စိတ်ချရဆုံးဘဏ်
- ဝန်ဆောင်မှုအကောင်းဆုံးနှင့် ဆက်ဆံရေးအကောင်းဆုံးဘဏ်
- မိဘပြည်သူများအတွက် အားထားရဆုံးဘဏ်

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်